ကြေးမုံ The Mirror

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

၁၃၇၆ ခုနှစ်၊ ကဆုန်လဆန်း ၆ ရက်၊ တနင်္ဂနွေနေ့ (4-5-2014) (၇၇၃၀)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

ရေဦး	၁ ဒသမ ၂၂	လက်မ
မိုးကုတ်	သုည ဒသမ ၉၈	လက်မ
သီပေါ	သုည ဒသမ ၇၁	လက်မ
စစ်တွေ	သုည ဒသမ ၅၁	လက်မ
ပူတာအို	သုည ဒသမ ၄၇	လက်မ

ပြည်သူ့စွမ်းအားဖြင့် နိုင်ငံတော်ကို တည်ဆောက်အံ့

နိုင်ငံတည်ဆောက်နေချိန် စွမ်းဆောင်ရည်ရှိသော လူ့စွမ်းအားအရင်းအမြစ်နှင့် လူချွန်လူကောင်းများလိုအပ် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီအခြေခံအုတ်မြစ်တည်ဆောက်ပြီး ဆက်လက်ကြိုးစားရမည်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ၂၀၁၄ ခုနှစ် နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုချီးမြှင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

နေပြည်တော် မေ ၃

၂၀၁၄ ခုနှစ် နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု ဂုဏ်ပြုမှတ်တမ်းလွှာဆက်ကပ်ခြင်းအခမ်းအနားနှင့် နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု ချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်သမ္မတအိမ်တော်၌ ကျင်းပသည်။

ရှေးဦးစွာ နံနက် ၉ နာရီတွင် ဆရာတော်ကြီးများအား နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု ဂုဏ်ပြုမှတ်တမ်းလွှာ ဆက်ကပ်ခြင်းအခမ်းအနားကို နိုင်ငံတော်သမ္မတအိမ်တော်ရှိ ခန်းမဆောင်၌ကျင်းပသည်။

အခမ်းအနားတွင် ဂုဏ်ပြုမှတ်တမ်းလွှာ ဆက်ကပ်ခြင်းခံယူတော်မူကြမည့် ဆရာတော်ကြီး ရှစ်ပါး၏ သာသနာရေးနှင့် လူမှုရေးဆိုင်ရာစွမ်းဆောင်ချက်များကို တစ်ပါးချင်းစီအလိုက် ထုတ်နုတ်ဖော်ကျူးပြသသည်။

ထို့နောက် ဆရာတော်ကြီးများအား နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က နိုင်ငံတော်သမ္မတ၏ ဂုဏ်ပြုမှတ်တမ်းလွှာများကို ဆက်ကပ်သည်။

ယင်းနောက် ဆရာတော်ကြီးများနှင့်အတူ နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများဖြစ်ကြသော ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဦးညဏ်ထွန်း၊ ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းတို့သည် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယနေ့နိုင်ငံတော်သမ္မတ၏ ဂုဏ်ပြုမှတ်တမ်းလွှာ ဆက်ကပ်ခြင်းခံယူတော်မူကြသည့် ဆရာတော်ကြီးများမှာ စာမျက်နှာ ၆ ကော်လံ ၁ သို့ ☆

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၏ အခြေခံအုတ်မြစ်သည် ပညာရေးနှင့် ကျန်းမာရေးကဏ္ဍဖြစ်သည့်အတွက် ဗလငါးတန်နှင့် ပြည့်ဝသည့် နိုင်ငံသားကောင်းများ ပေါ်ထွန်းရေးအတွက် နိုင်ငံတော်အနေဖြင့် ပညာရေးကဏ္ဍနှင့် ကျန်းမာရေးကဏ္ဍတို့တွင် အထူးအလေးထား အားပေးမြှင့်တင် ကြိုးပမ်းဆောင်ရွက်လျက်ရှိ။

ကြေးမုံစာတည်းရှုထောင့် ၄-၅-၂၀၁၄၊ တနင်္ဂနွေနေ့

နိုင်ငံ့အင်အား ချီးမြှင့်ထိုက်သူများ

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတည်ဆောက်နေချိန်တွင် ထိုနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေးကဏ္ဍအသီးသီးတွင် စွမ်းဆောင်ရည်မြင့်သော လူ့စွမ်းအားအရင်းအမြစ်များ၊ လူချွန်လူကောင်းများစွာ လိုအပ်ပါသည်။ မြန်မာနိုင်ငံကို ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံသစ်အဖြစ် တည်ဆောက်လျက်ရှိနေချိန်တွင် အဆိုပါ လူ့စွမ်းအားအရင်းအမြစ်များနှင့် လူချွန်လူကောင်းများ ပေါ်ထွန်းနေပြီဖြစ်သည်။

ထိုဖြစ်ထွန်းနေမှုကို နေပြည်တော်တွင် ယနေ့ကျင်းပသော ၂၀၁၄ ခုနှစ် နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု ဂုဏ်ပြုမှတ်တမ်းလွှာ ဆက်ကပ်ခြင်း အခမ်းအနားနှင့် နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု ချီးမြှင့်ပွဲမြင်ကွင်း အခမ်းအနားများက သက်သေပြနေပါသည်။

နိုင်ငံတစ်နိုင်ငံကို တည်ဆောက်ကြရာတွင် ထိုနိုင်ငံအစိုးရတစ်ရပ်တည်းက တည်ဆောက်နေ၍ အောင်မြင်နိုင်မည် မဟုတ်ချေ။ ထိုနိုင်ငံရှိ အစိုးရ၊ လွှတ်တော်၊ တပ်မတော်နှင့် ပြည်သူတို့အတူလက်တွဲကာ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီအဆောက်အအုံကြီးကို တက်ညီလက်ညီ ဝိုင်းဝန်းတည်ဆောက်မှသာလျှင် လိုရာခရီးပန်းတိုင်သို့ အောင်မြင်ချောမွေ့စွာ ရောက်ရှိနိုင်မည်ဖြစ်ပါသည်။

ယနေ့နိုင်ငံကိုတည်ဆောက်နေသောအချိန်တွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေးကဏ္ဍများတွင် စွမ်းဆောင်ရည်ရှိသော လူ့စွမ်းအားအရင်းအမြစ်များ၊ လူချွန်လူကောင်းများက ဝိုင်းဝန်းတည်ဆောက်ခဲ့ကြရာ စတင်တည်ဆောက်ခဲ့သည်မှ ယခုသုံးနှစ်ကျော်ကာလအတွင်း နိုင်ငံအတွင်းမှာ အောင်မြင်မှုများ အတိုင်းအတာတစ်ခုအထိ ရောက်ရှိနေပြီဟု ဆိုနိုင်ပါသည်။

လူ့စွမ်းအားများ၊ လျှပ်စစ်၊ စွမ်းအင်၊ ရေ၊ လမ်းတံတားစသည့် စီးပွားရေးအခြေခံအဆောက်အအုံ ထူထောင်နိုင်မှုစွမ်းအား၊ အဖွဲ့အစည်းစွမ်းအား၊ လူမှုရေးစွမ်းအားများသည် နိုင်ငံတည်ဆောက်ရေးတွင် အဓိကကျသော ကဏ္ဍများဖြစ်ပါသည်။ထိုအရင်းအမြစ်များအားကောင်းမှ မြန်မာနိုင်ငံ၏အဓိကကဏ္ဍဖြစ်သည့် လယ်ယာကဏ္ဍကို အခြေပြုပြီး စက်မှုနိုင်ငံသို့ ကူးပြောင်းနိုင်မည်ဖြစ်ပါသည်။ ပညာကိုအခြေပြုသည့် စီးပွားရေးစနစ်သို့ကူးပြောင်းရာတွင်လည်း အခြားနိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်မည်ဖြစ်ပါသည်။

ထို့ကြောင့် တောင်သူလယ်သမား လူ့စွမ်းအားအရင်းအမြစ်များအဖြစ် ပြောင်းလဲနိုင်အောင်ကြိုးစားကြရသည်။ အလားတူ တောင်သူလယ်သမားများနှင့်ဆက်စပ်ပြီး စီးပွားရေးလုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များ၊ အစိုးရဌာန၊ အဖွဲ့အစည်းများကပါ ထိရောက်အောင်မြင်အောင် ပူးပေါင်းဆောင်ရွက်ကြရသည်။ စက်မှုကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်အောင်၊ နည်းပညာကျွမ်းကျင်မှုနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် သမားရိုးကျပုံမှန်လုပ်နေခြင်းမျိုးမဟုတ်ဘဲ ပြောင်းလဲတိုးတက်အောင် ကဏ္ဍအလိုက် ထိရောက်မည့်နည်းလမ်းများကို ကြံဆဆောင်ရွက်ကြရသည်။

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၏ အခြေခံအုတ်မြစ်သည် ပညာရေးနှင့်ကျန်းမာရေးဖြစ်သဖြင့် နိုင်ငံတော်က ပညာရေးနှင့် ကျန်းမာရေးတို့ကို အလေးထားမြှင့်တင်ပေးနေသည်ကိုလည်း တွေ့ရသည်။ တစ်ဖက်ကလည်း အမှန်တကယ်စွမ်းဆောင်ရည်ရှိသည့် လူချွန်လူကောင်းများ ပေါ်ထွက်လာမှသာ တိုင်းပြည်တိုးတက်အောင် တီထွင်ကြံဆ ဆောင်ရွက်မည်ဖြစ်သောကြောင့် ဘက်စုံထူးချွန်သော လူငယ်လူရွယ်များကို မွေးထုတ်ပေးလျက်ရှိသည်။

ထိုနေရာတွင် နိုင်ငံတော်နှင့် ပြည်သူတို့အတွက် လူမှုရေးအကျိုးပြုမှုသည် အရေးပါသောအချက်ဖြစ်၍ လူမှုရေး၊ စီးပွားရေးဆိုင်ရာအသင်းအဖွဲ့များ၊ အများစုပေါင်းဆောင်ရွက်မှု၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်မှု၊ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု စသည့် အသင်းအဖွဲ့များ၏ စွမ်းဆောင်နိုင်မှုများသည်လည်း အရေးပါလာသလို ပုဂ္ဂလိကကဏ္ဍတွင် ကုန်သည်ကြီးများ၊ လုပ်ငန်းရှင်များနှင့် ကုမ္ပဏီများသည် ဈေးကွက်ဖွံ့ဖြိုးမှုအတွက် အဓိကကျသဖြင့် ၎င်းတို့သည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အင်အားများဖြစ်လာသည်။

အဆိုပါအင်အားများသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများအကျိုးစီးပွားဖြစ်ထွန်းရေးအတွက် အင်အားများဖြစ်သည်။ ယနေ့ နိုင်ငံတော်၏အောင်မြင်ဖြစ်ထွန်းမှုအတိုင်းအတာကို ပြန်ကြည့်လျှင် ထိုအင်အားအရင်းအမြစ်များသည် သူ့အတိုင်းအတာနှင့်သူ၊ သူ့နယ်ပယ်နှင့် သူ့အင်အားအလိုက် တက်တက်ကြွကြွ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြ၍ အောင်မြင်ခဲ့ခြင်းဖြစ်ပါသည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် စိတ်စေတနာ အပြည့်အဝဖြင့် ကြိုးပမ်းစွမ်းဆောင်ခဲ့ကြ၍ အောင်မြင်ခဲ့ခြင်းဖြစ်ပါသည်။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများလူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းဆောင်ခဲ့ကြသည့် အဆိုပါ လူ့စွမ်းအားအရင်းအမြစ်များကို ယနေ့အချိန်အခါသမယတွင် နိုင်ငံတော်သမ္မတက နိုင်ငံ့စွမ်းဆောင်ရည်ဆုများ ချီးမြှင့်ပေးအပ်ခြင်းသည် မြန်မာနိုင်ငံအနာဂတ်အတွက် အလားအလာကောင်းမွန်ပြီး ဖွံ့ဖြိုးမှုအပေါင်းနှင့် ပြည့်လျှံဝေစည်လာမည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ။

လူငယ်ပြိုင်ပွဲများကျင်းပမည်

ရန်ကုန် မေ ၃

နွေရာသီ အခြေခံကာယဗလမောင်ပြိုင်ပွဲနှင့် အမျိုးသမီး ကာယကြံ့ခိုင်မှု အရည်အချင်းစစ် မျိုးဆက်သစ်လူငယ်ပြိုင်ပွဲများကို မေ ၁၁ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံ အားကစားပြိုင်ပွဲရုံ၌ ကျင်းပမည်ဖြစ်သည်၊

အားကစားသမားများအား တန်းခွဲခြင်းလုပ်ငန်းများကို မေ ၁၀ ရက် (စနေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း အထူးတန်း၌ ပြုလုပ်မည်ဖြစ်သည်။

အသေးစိတ်သိရှိလိုပါက ဦးဝင်းကြည် ဖုန်း (၀၉-၅၀၄၆၉၂၃) နှင့် ဦးကျော်စိန်သန်း ဖုန်း (၀၉-၄၅၀၀၂၅၈၆၈) တို့သို့ မေးမြန်းစုံစမ်းနိုင်ကြောင်းသိရသည်။ (ကြေးမုံ)

မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးညှိနှိုင်း

နေပြည်တော် မေ ၃

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ယမန်နေ့ နံနက် ၉ နာရီတွင် အမေရိကန်ပြည်ထောင်စု ဝါရှင်တန်မြို့၌ အခြေစိုက်သည့် Aspen Institute၊ နယူးမက္ကဆီကိုပြည်နယ် Santa Fe မြို့၌အခြေစိုက်သည့် The Richardson Center for Global Engagement နှင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနတို့မှ ဦးဆောင်သည့် မိတ်ဖက်အခွင့်အလမ်းရှာဖွေရေးကိုယ်စားလှယ်အဖွဲ့ (Partnership Opportunity Delegation- POD) တို့အား ပြည်ထောင်စုဝန်ကြီးရုံး စည်းဝေးပွဲခန်းမ၌ တွေ့ဆုံ၍ မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး နှစ်ဖက်ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

အဆိုပါ အစည်းအဝေးသို့ ဒုတိယဝန်ကြီး ဦးအုန်းသန်း၊ ဦးခင်ဇော်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ အမေရိကန်နိုင်ငံ ကိုယ်စားလှယ်အဖွဲ့မှ အဖွဲ့ခေါင်းဆောင် Mr. Drew O' Brien (Secretary Kerry's Special Representative for Global Partnerships Department of State) နှင့် Mr. Steven Wozencraft (Founder, JOD Global Philanthropies), Mr. Elliot Gerson (Executive Vice President, The Aspen Institute) တို့ ဦးဆောင်သောအဖွဲ့ဝင် ၂၄ ဦးပါ ကိုယ်စားလှယ်အဖွဲ့တို့ တက်ရောက်ဆွေးနွေးကြသည်။

အမေရိကန်နိုင်ငံကိုယ်စားလှယ်အဖွဲ့မှ ဆွေးနွေးရာတွင် မြန်မာနိုင်ငံနှင့် အမေရိကန်နိုင်ငံ ပညာရှင်များအကြား၊ လုပ်ငန်းရှင်များအကြား လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းနယ်ပယ်များကို လေ့လာရှာဖွေရန် လာရောက်ခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်အတွက် လိုအပ်သည့်နယ်ပယ်ကဏ္ဍအလိုက် အထောက်အပံ့အကူအညီများပေးရန် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ အထူးသဖြင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် ပညာရှင်များပျိုးထောင်လေ့ကျင့်မွေးထုတ်ပေးခြင်းကို အားပေးကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးရာ ပြည်ထောင်စုဝန်ကြီးက အမေရိကန်နိုင်ငံမှ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နွေးထွေးစွာ ကြိုဆိုပါကြောင်း ပြောကြားပြီး မြန်မာနိုင်ငံ၏လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်း နယ်ပယ်များကို အပြန်အလှန်ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး ဘေးအန္တရာယ်ကင်းရှင်းရေး ဆွေးနွေး

နေပြည်တော် မေ ၃

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးစိုးတင့်သည် အမေရိကန်ပြည်ထောင်စု United State Agency For International (USAID)မှ Mission Director နှင့် အဖွဲ့ဝင်များအား ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၏ ဘေးအန္တရာယ်ကင်းရှင်းရေး စံချိန်စံညွှန်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအတွက် တွေ့ဆုံဆွေးနွေးပွဲကို မေ ၂ ရက် မွန်းလွဲပိုင်းတွင် အဆိုပါ ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ဒုတိယဝန်ကြီးနှင့် USAID မှ Mission Director Mr.Christopher Molligan တို့က ယခုပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များအား ရှင်းလင်းပြောကြားသည်။

ထို့နောက် ဦးဆောင်ညွှန်ကြားရေးမှူးက လက်ရှိအသုံးပြုလျက်ရှိသော အမြန်လမ်းမကြီးအခြေအနေနှင့် မော်တော်ယာဉ်များ သွားလာနေမှုအခြေအနေများ၊ အမြန်လမ်းမကြီးစတင်အသုံးပြုသည့်နေ့မှစ၍ ယနေ့အထိ ယာဉ်မတော်တဆဖြစ်မှု အခြေအနေနှင့် ဆုံးရှုံးမှုအခြေအနေများအား Power Point ဖြင့် ရှင်းလင်းတင်ပြကြပြီး Mr.Christopher Molligan က မိမိတို့ဘက်မှ အင်ဂျင်နီယာအရည်အသွေးမြင့်မားရေးအတွက် လမ်း/တံတား Design ဘာသာရပ်ဆိုင်ရာ သင်တန်းများပို့ချပေးမည်ဖြစ်ကြောင်း၊ နိုင်ငံတကာလမ်းများ၏ လုံခြုံရေးအဆင့်အတန်းမီစေရန်နှင့် မြန်မာအင်ဂျင်နီယာများအတွက် နည်းပညာအကူအညီများ စာတွေ့၊ လက်တွေ့ သင်တန်းများ ပို့ချပေးမည်ဖြစ်ကြောင်းဖြင့် ပြောကြားခဲ့ကြောင်းသိရသည်။

(သတင်းစဉ်)

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ တွေ့ဆုံ

နေပြည်တော် မေ ၃

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်များ တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နိုင်ငံတော်သမ္မတရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။**(ဝဲပုံ)**

အစည်းအဝေးတွင် နိုင်ငံပိုင်မြေလွဲပြောင်းမှုဆိုင်ရာကိစ္စရပ်များ၌ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်နိုင်ရေး၊ လယ်မဲ့၊ မြေမဲ့၊ ယာမဲ့စာရင်းများ ကောက်ယူရရှိမှုများအပေါ် မှန်ကန်သည့် စာရင်းပြုစုနိုင်ရေး၊ မော်တော်ယာဉ်များ မှတ်ပုံတင်ခြင်းဆိုင်ရာကိစ္စရပ်များ၊ လူငယ်လှုပ်ရှားမှုများဖြစ်ကြသည့် ဘက်စုံပညာထူးချွန်လူငယ်၊ ကြက်ခြေနီအသင်းများ၊ ကင်းထောက်လုပ်ငန်းများတွင် ဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များ၊ သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ ပျက်စီးဆုံးရှုံးမှုများတွင် လိုအပ်သည့် ငွေကြေးနှင့် အထောက်အပံ့ပစ္စည်းများ အချိန်မီရရှိပြင်ဆင်နိုင်ရေးဆိုင်ရာကိစ္စရပ်များ၊ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ ဒေသများ၏ အုပ်ချုပ်မှုပိုင်းဆိုင်ရာကိစ္စရပ်များ၊ အုပ်ချုပ်မှုပြုပြင်ပြောင်းလဲရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ညှိနှိုင်းဆွေးနွေးကြသည်။

အဆိုပါညှိနှိုင်းအစည်းအဝေးသို့ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဦးတင်နိုင်သိန်း၊ ဦးလှထွန်း၊ တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

ပြည်ထောင်စုအဆင့် အရေးပေါ်ပေါင်းစပ်ညှိနှိုင်းရေးစင်တာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး စစ်တွေမြို့တွင် ကျင်းပ

စစ်တွေ မေ ၃

ပြည်ထောင်စုအဆင့် အရေးပေါ်ပေါင်းစပ်ညှိနှိုင်းရေးစင်တာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၁/၂၀၁၄)ကို မေ ၂ ရက် မွန်းလွဲ ၁နာရီမှ ညနေ ၄ နာရီအထိ စစ်တွေမြို့ရှိ ရခိုင်ပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။**(ယာပုံ)**

အစည်းအဝေးသို့ ပြည်ထောင်စုအဆင့် အရေးပေါ်ပေါင်းစပ်ညှိနှိုင်းရေးစင်တာဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်းက အမှာစကားပြောကြားခဲ့ပြီး ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မှုအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးကြပြီး ဆက်လက်၍ လုပ်ငန်းများ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည်များအား ချိတ်ဆက်ဖြည့်ဆည်းပေးနိုင်ရန် ပေါင်းစပ်ညှိနှိုင်းဆွေးနွေးဆောင်ရွက်ခဲ့ကြသည်။

အစည်းအဝေးသို့ ပြည်ထောင်စုအဆင့် အရေးပေါ်ပေါင်းစပ်ညှိနှိုင်းရေးစင်တာ ဒုတိယဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မောင်မောင်အုန်း၊ အဖွဲ့ဝင်ဒုတိယဝန်ကြီးများ ဖြစ်ကြသော ဗိုလ်မှူးချုပ် ကျော်ကျော်ထွန်း၊ ဦးကျော်ကျော်ဝင်းနှင့်အဖွဲ့ဝင် ဝန်ကြီးဌာနကိုယ်စားလှယ်များ၊ ပြည်နယ်အဆင့် အရေးပေါ်ပေါင်းစပ်ညှိနှိုင်းရေးစင်တာဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ မြို့မိမြို့ဖများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြသည်။

လက်ရှိအခြေအနေတွင် ရခိုင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပါဝင်ကူညီဆောင်ရွက်လျက်ရှိသော ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ အဖွဲ့ ၂၂ ဖွဲ့တို့သည် မူလလုပ်ငန်းများ ပြန်လည်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုနှင့် အထူးဂုဏ်ထူးဆောင်ဆု ရရှိသူများက ဘက်စုံပညာထူးချွန်လူငယ်များ၊ ထူးချွန်ကြက်ခြေနီလူငယ်များနှင့် ကင်းထောက်လူငယ်များအား ဟောပြောပွဲအခမ်းအနား ကျင်းပ

နေပြည်တော် မေ ၃

၂၀၁၄ ခုနှစ် နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုနှင့် အထူးဂုဏ်ထူးဆောင်ဆု ရရှိသူများက ဘက်စုံပညာ ထူးချွန်လူငယ်များ၊ ထူးချွန်ကြက်ခြေနီလူငယ်များနှင့် ကင်းထောက် လူငယ်များအား ဟောပြောပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC) ၌ ကျင်းပသည်။**(အောက်ယာပုံ)**

ရှေးဦးစွာ စိုက်ပျိုးထုတ်လုပ်မှုထူးချွန်တောင်သူလယ်သမားဆုရရှိသူ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်မှ ဦးကျော်ဇော၊ မွေးမြူထုတ်လုပ်ထူးချွန်လုပ်ငန်းရှင်ဆုရရှိသူ ရှမ်းပြည်နယ် တောင်ကြီးမြို့မှ ဒေါက်တာဦးသိန်းစိန်၊ နိုင်ငံတော်နှင့် ပြည်သူတို့၏ လူမှုရေးအကျိုးပြုမှု အကောင်းဆုံးလူမှုရေးအသင်းအဖွဲ့ အထူးဂုဏ်ထူးဆောင်ဆုရရှိသူ ရန်ကုန်တိုင်းဒေသကြီး ဇီဝိတဒါနသံဃာ့ဆေးရုံကြီးမှ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်မောင်၊ နိုင်ငံတော်နှင့် ပြည်သူတို့၏ လူမှုရေးအကျိုးပြုမှု အကောင်းဆုံးလူမှုရေးအသင်းအဖွဲ့ စွမ်းဆောင်ရည်ဆုရ ထူးဖောင်ဒေးရှင်းမှ ဦးပေါ်မြင့်ဦးတို့က ၎င်းတို့၏ အတွေ့အကြုံများနှင့် ရင်ဆိုင်ကျော်လွှားအောင်မြင်မှုရခဲ့သည့် အခြေအနေများကို ဟောပြောကြသည်။

ထို့နောက် အများပြည်သူဘေးအန္တရာယ် ကျရောက်မှုကို သက်စွန့်ကြိုးပမ်း ကယ်တင်စွမ်းဆောင်သူ စွမ်းဆောင်ရည်ဆုရ စစ်ကိုင်းတိုင်းဒေသကြီးမှ ဦးခင်ဦး၊ အကျိုးအမြတ်မယူသော ထူးချွန်စီးပွားရေးအသင်းအဖွဲ့ စွမ်းဆောင်ရည်ဆုရရှိသူ မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်းမှ ဦးဇော်မင်းဝင်း၊ အကျိုးအမြတ်ရယူသော ထူးချွန်စီးပွားရေးအသင်းအဖွဲ့ စွမ်းဆောင်ရည်ဆုရရှိသူ မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းမှ ဦးစိုးမြင့်အောင်၊ တန်ဖိုးမြင့်ထုတ်ကုန် ထူးချွန်ထုတ်လုပ်ရောင်းချနိုင်သည့် စီးပွားရေးလုပ်ငန်းရှင် စွမ်းဆောင်ရည်ဆုရ ရှမ်းပြည်နယ်မှ ဦးရဲမြင့်မောင်တို့က လူမှုရေးဆိုင်ရာ စွမ်းစွမ်းတမံ ဆောင်ရွက်ချက်များ၊ စီးပွားရေးလုပ်ငန်းများတွင် အများနှင့် တန်းတူယှဉ်ပြိုင်နိုင်ရန် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ခဲ့မှုများနှင့် တစ်ဦးတစ်ယောက်ချင်းမှသည် တာဝန်ရှိပြည်သူများအဖြစ် လူတိုင်းတာဝန်ရှိသည်ဟု ခံယူကြကာ နိုင်ငံတော်တိုးတက်ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်သွားကြရေးဆိုင်ရာများကို ဟောပြောကြသည်။

ဆက်လက်၍ နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာတာဝန် ထူးချွန်ထမ်းဆောင်သည့် အထူးဂုဏ်ထူးဆောင်ဆုရ ကမ္ဘောဇဘဏ်လီမိတက်ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း၊ နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာတာဝန် ထူးချွန်ထမ်းဆောင်သည့် လုပ်ငန်းရှင်စွမ်းဆောင်ရည်ဆုရ ရန်ကုန်တိုင်းဒေသကြီးမှ ဦးအောင်ဇော်နိုင်၊ ထုတ်လုပ်ရောင်းချမှု ထူးချွန်အသေးစားစီးပွားရေးလုပ်ငန်းရှင် စွမ်းဆောင်ရည်ဆုရ မန္တလေးတိုင်းဒေသကြီးမှ ဦးအောင်ဆန်း၊ ထုတ်လုပ်ရောင်းချမှု ထူးချွန် အလတ်စားစီးပွားရေးလုပ်ငန်းရှင် စွမ်းဆောင်ရည်ဆုရ ရန်ကုန်တိုင်းဒေသကြီးမှ ဒေါက်တာခင်မောင်လွင်တို့က လူမှုပရဟိတလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့မှုများ၊ လုပ်ငန်းအဆင့်ဆင့်အောင်မြင်တိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်ခဲ့မှု အခြေအနေများကို ဟောပြောကြသည်။

အခမ်းအနား ကျင်းပနေစဉ်အတွင်း ဘက်စုံပညာ ထူးချွန်လူငယ်များ၊ ထူးချွန်ကြက်ခြေနီလူငယ်များနှင့် ကင်းထောက်လူငယ်များ ပညာရေး၊ ကျန်းမာရေးဆိုင်ရာကဏ္ဍများတွင် အသုံးပြုနိုင်ရန်အတွက် ကမ္ဘောဇဘဏ် ဥက္ကဋ္ဌ ဦးအောင်ကိုဝင်းက ငွေကျပ်သိန်း ၅၀၀ ကို လှူဒါန်းပေးအပ်ရာ နှစ်ထပ်ကွမ်း လူရည်ချွန် မောင်သူရထက်အောင်က လည်းကောင်း၊ ရွှေတောင်ဖွံ့ဖြိုးတိုးတက်မှုကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးအောင်ဇော်နိုင်က ငွေကျပ်သိန်း ၂၀၀ ကို ပေးအပ်လှူဒါန်းရာ နှစ်ထပ်ကွမ်း လူရည်ချွန် မနှင်းဦးဝတ်ရည်က လည်းကောင်း၊ အခမ်းအနားသို့ တက်ရောက်လာကြသည့် စီးပွားရေးလုပ်ငန်းရှင်များ စုပေါင်းလှူဒါန်းသည့် အလှူငွေကျပ် ၁၂၅ သိန်းကို ကိုယ်စားလှယ်တစ်ဦးက ပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လည်းကောင်း လက်ခံကြသည်။

အဆိုပါ အခမ်းအနားသို့ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု ရရှိသူများ၊ ဘက်စုံပညာ ထူးချွန်လူငယ်များ၊ ထူးချွန်ကြက်ခြေနီလူငယ်များနှင့် ကင်းထောက်လူငယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြပြီး အခမ်းအနား သဘာပတိများအဖြစ် ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးဝင်း၊ ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာအောင်သူနှင့် မန္တလေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမောင်သင်းတို့ ဆောင်ရွက်ခဲ့ကြသည်။

(သတင်းစဉ်)

ယူကရိန်း၌ တင်းမာမှုများ မြင့်တက်နေမှု ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် စိုးရိမ်

နယူးယောက် မေ ၃

ယူကရိန်းနိုင်ငံ၌ တင်းမာမှုများ မြင့်တက်နေခြင်းအတွက် မိမိစိုးရိမ်ပူပန်မိကြောင်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဘန်ကီမွန်းက မေ ၃ ရက်တွင် ပြောကြားသည်။

ယူကရိန်းပဋိပက္ခ ပြေလည်ရေးအတွက် နှစ်ဖက်အပေးအယူ သဘောတူညီမှု စိတ်ဓာတ်ဖြင့် နှစ်ဆကြိုးပမ်းဆောင်ရွက်ကြရန် ဘန်ကီမွန်းက တိုက်တွန်းသည်။

ကုလသမဂ္ဂ လုံခြုံရေးကောင်စီသည် ယူကရိန်း အရေးအခင်းနှင့် ပတ်သက်၍ အရေးပေါ် အစည်းအဝေး ကျင်းပရာတွင် ဘန်ကီမွန်းက ယင်းသို့ တိုက်တွန်းခြင်းဖြစ်သည်။ ယူကရိန်းနိုင်ငံ အရှေ့ပိုင်းနှင့် တောင်ပိုင်းဒေသတို့၌ အခြေအနေဆိုးရွားလာမှုနှင့် ပတ်သက်၍ ကုလသမဂ္ဂအကြီးအကဲက စိုးရိမ်ပူပန်လျက်ရှိကြောင်း ကုလသမဂ္ဂ နိုင်ငံရေးဆိုင်ရာ လက်ထောက်အတွင်းရေးမှူးချုပ် ဂျက်ဖရီဖက်မင်းက အဆိုပါ အစည်းအဝေးတွင် ပြောကြားသည်။

ယူကရိန်းနိုင်ငံ ဆလိုယန့်စ်မြို့ကို ပြန်လည်သိမ်းယူနိုင်ရန် ကြိုးပမ်းနေသော အစိုးရတပ်ဖွဲ့မှ စစ်ရဟတ်ယာဉ်နှစ်စင်း ပစ်ချခံရပြီးနောက် တင်းမာမှုများ မြင့်တက်လာသည်။

ပီတီအိုင်။

ယူကရိန်းနိုင်ငံ ဆလိုယန့်စ်မြို့ ဆင်ခြေဖုံးရှိ စစ်ဆေးရေးစခန်းတွင် လုံခြုံရေးစောင့်ကြပ်နေသော အစိုးရတပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

တိုက်ချင်းပစ် ပဲ့ထိန်းဒုံးပျံအင်ဂျင် မြောက်ကိုရီးယား စမ်းသပ်ခဲ့ဟုဆို

ဆိုးလ် မေ ၃

မြောက်ကိုရီးယားနိုင်ငံသည် မကြာသေးမီက တိုက်ချင်းပစ် ပဲ့ထိန်းဒုံးပျံအတွက် အင်ဂျင်စမ်းသပ်မှုများကို ပြုလုပ်ခဲ့ကြောင်း၊ ယင်းဒုံးပျံသည် နျူကလီးယားထိပ်ဖူးကို သယ်ဆောင်နိုင်ပြီး အမေရိကန်ပြည်ထောင်စုအထိ ရောက်ရှိသည်အထိ ပျံသန်းနိုင်သည့် စွမ်းပကားရှိကြောင်း အမေရိကန် သုတေသနအဖွဲ့တစ်ဖွဲ့က ပြောကြားကြောင်း နိုင်ငံတကာ သတင်းဌာနများက မေ ၃ ရက်တွင် သတင်းထုတ်ပြန်သည်။

မြောက်ကိုရီးယားနိုင်ငံသည် မတ်လနှောင်းပိုင်းသို့မဟုတ် ဧပြီလ အစောပိုင်းက ကေအင်န်-၀၈ ဟု အမည်ပေးထားသော ပဲ့ထိန်းဒုံးပျံအတွက် အင်ဂျင်စမ်းသပ်မှုကို ပြုလုပ်ခဲ့ကြောင်း အမေရိကန် ဂျွန်ဟော့ပ်ကင်း တက္ကသိုလ်အောက်ရှိ အမေရိကန်-ကိုရီးယား လေ့လာရေးသိပ္ပံနှင့် ပေါင်းကူးထားသော သုတေသနအဖွဲ့တစ်ဖွဲ့က ပြောကြားသည်။

ကေအင်န်-၀၈ ပဲ့ထိန်းဒုံးပျံသည် ကီလိုမီတာ ၁၀၀၀၀ (မိုင် ၆၀၀၀) ကျော် အကွာအဝေးအထိ ပျံသန်းနိုင်သည်ဟု ယူဆရသည်။

မြောက်ကိုရီးယားနိုင်ငံရှိ ပန်ဂေရီ နျူကလီးယား စမ်းသပ်ရေးစခန်း၌ နျူကလီးယားစမ်းသပ်မှုပြုလုပ်ဖွယ်ရှိသည်ဟု အဆိုပါ သုတေသနအဖွဲ့က ပြောကြားခဲ့ပြီးနောက် ရက်သတ္တတစ်ပတ်အကြာတွင် တိုက်ချင်းပစ် ပဲ့ထိန်းဒုံးပျံအတွက် အင်ဂျင်စမ်းသပ်မှု ပြုလုပ်ခြင်းဖြစ်သည်။

ရိုက်တာ။

ဖိလစ်ပိုင်စစ်စခန်းများကို အမေရိကန်တပ်များ အသုံးပြုရန် စီစဉ်နေဟုဆို

မနီလာ မေ ၃

အမေရိကန်ပြည်ထောင်စုနှင့် ချုပ်ဆိုထားသော သဘောတူညီချက်အရ ၎င်းတို့၏ စစ်စခန်း ငါးခုကို အမေရိကန်တပ်ဖွဲ့များအား အသုံးပြုခွင့်ပေးရန် စီစဉ်လျက်ရှိကြောင်း ဖိလစ်ပိုင်နိုင်ငံက သောကြာနေ့တွင် ပြောကြားခဲ့သည်။

တောင်တရုတ်ပင်လယ်နှင့် မျက်နှာချင်းဆိုင် မဟာဗျူဟာမြောက်စွာ တည်ရှိသည့် ၎င်းတို့နိုင်ငံ၏ အတိအကျဖော်ပြခြင်းမပြုသော စစ်စခန်းများ၌ လေယာဉ်များ၊ သင်္ဘောများ၊ စစ်လက်နက်များနှင့် တပ်ဖွဲ့များအား အလှည့်ကျ ရွှေ့ပြောင်းခြင်းများကို အမေရိကန်တပ်ဖွဲ့အား ၁၀ နှစ်ကြာ လုပ်ကိုင်ခွင့်ပေးရန် လွန်ခဲ့သည့် သီတင်းပတ်တွင် လက်မှတ်ရေးထိုးခဲ့သော စာချုပ်က ခွင့်ပြုထားသည်။

ကျင်းပနေ

ဖိလစ်ပိုင်စစ်စခန်းများကို ရွေးချယ်ရေးအတွက် နောက်ဆက်တွဲဆွေးနွေးပွဲများ နှစ်နိုင်ငံအကြား ကျင်းပလျက်ရှိကြောင်း ဖိလစ်ပိုင် ညှိနှိုင်းရေးမှူး ဒုတိယကာကွယ်ရေးဝန်ကြီး ပီယိုဗာတီနိုက ပြောကြားသည်။

မနီလာမြို့ မြောက်ဘက် ၆၂ မိုင်ခန့်အကွာရှိ “ဖောက်မက်ဆေးဆေး” စစ်စခန်းကို ဖိလစ်ပိုင်နိုင်ငံက ကမ်းလှမ်းလျက်ရှိသည်။ ယင်းစခန်းသည် ဖိလစ်ပိုင်နှင့် အမေရိကန် နှစ်စဉ်စစ်ရေးလေ့ကျင့်ခြင်းများကို လက်ခံပြုလုပ်ပေးသည်။

တစ်ချိန်က အမေရိကန်ရေတပ်၏ ကြီးမားသော စစ်စခန်းဖြစ်ခဲ့သည့်“ဆူးဘစ်” ကိုလည်း တစ်စိတ်တစ်ပိုင်း အသုံးပြုရန် ကမ်းလှမ်းမည်ဖြစ်သည်ဟု ၎င်းဝန်ကြီးက ပြောကြားသည်။ သို့သော် စဉ်းစားလျက်ရှိသည့် အခြားစစ်စခန်းသုံးခုကိုမူ အတိအကျပြောရန် ၎င်းက ငြင်းဆိုသည်။

ဖိလစ်ပိုင်အနေဖြင့် ဆွေးနွေးပွဲများကို စက်တင်ဘာ ၃၀ ရက်ထက်နောက်မကျဘဲ ပြီးစီးရန် ဆန္ဒရှိကြောင်း ဗာတီနိုက ပြောကြားသည်။

အေအက်ဖ်ပီ။

ဆူးဘစ်ပင်လယ်အော်အတွင်း ဖိလစ်ပိုင် စစ်သင်္ဘောများကို တွေ့ရစဉ်။

အနောက်ဥရောပတွင် ငါးနှစ်အောက်ကလေး သေဆုံးနှုန်း ဗြိတိန် အမြင့်ဆုံးဟုဆို

လန်ဒန် မေ ၃

အနောက်ဥရောပနိုင်ငံများအနက် ဗြိတိန်နိုင်ငံသည် အသက်ငါးနှစ်အောက် ကလေးသေဆုံးမှုနှုန်း အမြင့်ဆုံးနိုင်ငံဖြစ်ကြောင်း လန်းဆက်ဆေးပညာမဂ္ဂဇင်းတွင် ဖော်ပြသော သုတေသန လေ့လာချက်တစ်ရပ်တွင် ဖော်ပြသည်။

၂၀၁၃ ခုနှစ်တွင် ဗြိတိန်နိုင်ငံတွင် ငါးနှစ်အောက် ကလေးသေဆုံးမှုနှုန်းမှာ ကလေးငယ် ၁၀၀၀ လျှင် ၄ ဒသမ ၉ ယောက်နှုန်းရှိပြီး ယင်းမှာ အနောက်ဥရောပနိုင်ငံများထဲတွင် ငါးနှစ်အောက်ကလေးသေဆုံးမှုနှုန်း အနိမ့်ဆုံးဖြစ်သည့် အိုက်စလန်နိုင်ငံနှင့် နှိုင်းစာလျှင် နှစ်ဆခန့် ပိုမိုများပြားသည်။ အိုက်စလန်တွင် ငါးနှစ်အောက်ကလေး သေဆုံးနှုန်းမှာ ကလေး ၁၀၀ လျှင် ၂ ဒသမ ၄ ယောက်နှုန်းသာရှိသည်။

ဆင်းရဲနွမ်းပါးမှုနှင့် ကိုယ်ဝန်ဆောင်မိခင် ဆေးလိပ်သောက်သုံးမှုတို့သည် ကလေးများ သေဆုံးရသည့် အကြောင်းတရားများဖြစ်ကြောင်း ကျွမ်းကျင်သူများက ပြောကြားကြသည်။

ဘီဘီစီ။

အာဖဂန်အရှေ့မြောက်ပိုင်းတွင် မြေပြိုမှုဖြစ်ပွား ပျောက်ဆုံးနေသူများအား ရှာဖွေကယ်ဆယ်ရေး လုပ်ဆောင်နေ

ကဘူး မေ ၃

လူ ၂၀၀၀ ထက်မနည်း မြေအောက်တွင်နစ်မြုပ်နေသည်ဟု ခန့်မှန်းရသော မြေပြိုမှုဖြစ်ရပ် အာဖဂန်နိုင်ငံ အရှေ့မြောက်ပိုင်းဒေသတွင် ဖြစ်ပွားခဲ့ပြီးနောက် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းကို ဒုတိယမြောက်နေ့အဖြစ် ဆက်လက်လုပ်ကိုင်လျက်ရှိကြောင်း ယနေ့ဘီဘီစီသတင်းတွင် ဖော်ပြသည်။ **(အောက်ပုံ)**

အာဖဂန်နစ္စတန်အရှေ့မြောက်ပိုင်း ဝေးလံသီခေါင်သော ပြည်နယ်ဖြစ်သည့် ဘက်အက်ရှန်ပြည်နယ်တွင် လူသေအလောင်း ၃၅၀ ကျော်ကို တွေ့ရကြောင်း ကုလသမဂ္ဂတာဝန်ရှိသူများက ပြောကြားကြသည်။

ယင်းပြည်နယ်တွင် မေ ၂ ရက်က အဆက်မပြတ်မိုးသည်းထန်စွာ ရွာသွန်းခဲ့ပြီးနောက် တောင်ပြိုမှုများ ဖြစ်ပွားခဲ့ရာမှ လူနေအိမ်ပေါင်း ရာနှင့်ချီကာ မြေအောက်သို့ ရောက်ရှိခဲ့သည်ဟုဆိုသည်။

ထောင်နှင့်ချီသော ဘေးဒုက္ခသည်များအား ဒေသဆိုင်ရာရဲတပ်ဖွဲ့က ပေါင်မုန့်နှင့် သောက်ရေထောက်ပံ့ပေးပြီး ယင်းဒုက္ခသည်များမှာ ညလုံးပေါက်ပင် ခိုလှုံစရာအမိုးအကာမရှိဘဲ နေထိုင်ကြရသည်။မကြာသေးမီရက်များအတွင်းက အာဖဂန်နစ္စတန်နိုင်ငံ မြောက်ပိုင်းနှင့် အရှေ့ပိုင်းရှိဒေသအများစု၌ မိုးသည်းထန်စွာရွာသွန်းခဲ့သည်။

ယင်းပြည်နယ်၏ အုပ်ချုပ်ရေးမှူးနှင့် ကုလတာဝန်ရှိသူများက မြေပြိုမှုကြောင့် ပျောက်ဆုံးနေသူပေါင်းမှာ ၂၀၀၀ ကျော်ခန့်ရှိပြီး ၎င်းတို့မှာ သေဆုံးသွားပြီဟု ယူဆရကြောင်း ဘီဘီစီသို့ ပြောကြားသည်။ **ဘီဘီစီ။**

နစ်မြုပ်သွားသော ကူးတို့သင်္ဘောမှ ရုပ်အလောင်းများ ဆယ်ယူမှု ဆိုင်းငံ့

ဆိုးလ် မေ ၃

တောင်ကိုရီးယားနိုင်ငံ၏ ကမ်းလွန်ပင်လယ်ပြင်၌ လွန်ခဲ့သည့်လက နစ်မြုပ်သွားသော ကူးတို့သင်္ဘောအတွင်းမှ ရုပ်အလောင်းများ ဆယ်ယူသည့်လုပ်ငန်းကို လှိုင်းလေပြင်းထန်နေမှုကြောင့် ဆိုင်းငံ့ထားလိုက်ရကြောင်း ကမ်းရိုးတန်းစောင့်တပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက မေ ၃ရက်တွင် ပြောကြားသည်။

ကျောင်းသူ၊ ကျောင်းသားအများစုလိုက်ပါလာခဲ့သော ကူးတို့သင်္ဘောနစ်မြုပ်ခဲ့ပြီးနောက် ၁၇ရက်အကြာတွင် ရုပ်အလောင်းများ ဆယ်ယူသည့်လုပ်ငန်းကို ဆိုင်းငံ့ထားလိုက်ရခြင်းဖြစ်သည်။ ယင်းသင်္ဘောနစ်မြုပ်မှုတွင် ၂၂၈ ဦးသေဆုံးပြီး ၇၄ ဦးပျောက်ဆုံးနေကြောင်း အစိုးရတာဝန်ရှိသူများက အတည်ပြုပြောကြားသည်။ ပျောက်ဆုံးနေသူ အများအပြားကို ရှာဖွေတွေ့ရှိရန် လွယ်ကူမည်မဟုတ်ဟုဆိုသည်။

မေ ၂ ရက်ညနှင့် မေ ၃ရက် နံနက်အစောပိုင်းတို့က လှိုင်းလေပြင်းထန်နေမှုကြောင့် ရှာဖွေရေးအဖွဲ့ဝင် ရေငုပ်သမားများ ရေငုပ်နိုင်ခြင်းမရှိကြောင်း၊ ရေစီးသန်ခြင်း၊ လေပြင်းတိုက်ခတ်နေခြင်းတို့ကြောင့် ရေငုပ်သမားများ စောင့်ဆိုင်းနေကြရကြောင်း ကမ်းရိုးတန်းစောင့်တပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူ ကိုမြောင်ဆွတ်က သတင်းထောက်များအား ပြောကြားသည်။

ရှာဖွေရေးလုပ်ငန်းတွင် ရေငုပ်သမား ၁၀၀ ကျော်ပါဝင်ပြီး ၎င်းတို့သည် အသက်ဘေးအန္တရာယ်ကြီးမားသောအခြေအနေတွင် လုပ်ကိုင်ကြရကြောင်း၊ ရေမျက်နှာပြင်အောက် မီတာ ၄၀ အနက် ပင်လယ်ကြမ်းပြင်ပေါ်တွင် ကူးတို့သင်္ဘောမှာ တစောင်းအနေအထားဖြင့် နစ်မြုပ်နေကြောင်း ၎င်းကပြောကြားသည်။

ရိုက်တာ။

တစ်ဦးချင်းစွမ်းအား၊ အဖွဲ့အစည်းစွမ်းအားတို့ဖြင့် မြှင့်တင်ရမည့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး

ထက်နိုင်

နိုင်ငံ၏ စီးပွားရေးနှင့် လူမှုရေးတို့တွင် ပုဂ္ဂလိကကဏ္ဍမှ ရာခိုင်နှုန်းကိုးဆယ်ကျော် ပါဝင်သည်။ နိုင်ငံ၏ စီးပွားရေးနှင့် လူမှုရေးတိုးတက်လာစေရန် စွမ်းဆောင်ကြမည့်သူများသည် ပြည်သူများ ဖြစ်ကြသည်။ ထို့ကြောင့် နိုင်ငံတော်က **"ပြည်သူ့စွမ်းအားဖြင့် နိုင်ငံတည်ဆောက်အံ့"** ဟူသောဆောင်ပုဒ်ဖြင့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားပေးမြှင့်တင်လျက်ရှိသည်ကို တွေ့ရှိရသည်။

နိုင်ငံတော်အစိုးရသစ် တာဝန်ယူပြီးချိန်တွင် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ် (၄) ရပ် ချမှတ်ဆောင်ရွက်လျက်ရှိသည်။ ယင်းအနက် **အစိုးရယန္တရားကောင်းမွန်တိုးတက်ရန် ပြုပြင်ပြောင်းလဲမှု** ပြုလုပ်သည့်လုပ်ငန်းစဉ်များကို လေ့လာပါက ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက်အားပေးထောက်ပံ့သည့် လုပ်ငန်းစဉ်များပါဝင်သည်။ **ပုဂ္ဂလိကကဏ္ဍ ပြောင်းလဲဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်**တွင်လည်း အစိုးရဌာနအဖွဲ့အစည်းများက ငွေကြေးကဏ္ဍ၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ အသေးစား၊ အလတ်စားစီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတို့တွင် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ ပြင်ဆင်ဖြေလျှော့ခြင်းနှင့် အခွန်အကောက်စနစ် ပြုပြင်ပြောင်းလဲမှုတို့ပါဝင်ကြောင်း တွေ့ရှိရသည်။

ယင်းလုပ်ငန်းစဉ်များကို **စီးပွားရေးနှင့်လူမှုရေးပြုပြင်ပြောင်းလဲမှု အခြေခံမူဘောင် (Framework for Economic and Social Reforms-FESR)** ရေးဆွဲအကောင်အထည်ဖော်လျက်ရှိကြောင်း သိရသည်။

ဒုတိယသမ္မတ (၁) ဦးဆောင်သည့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ရေးဆွဲအကောင်အထည်ဖော်ရေးဗဟိုကော်မတီ၊ ဒုတိယသမ္မတ (၂) ဦးဆောင်သည့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းကော်မတီ၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီတို့ကို ဖွဲ့စည်းလျက် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားပေးမြှင့်တင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း လေ့လာတွေ့ရှိရသည်။

ပုဂ္ဂလိကကဏ္ဍတွင် စိုက်ပျိုးထုတ်လုပ်သည့် တောင်သူလယ်သမားများမှ ကုန်သည်၊ စီးပွားရေး လုပ်ငန်းရှင်များအထိ ကျယ်ပြန့်စွာပါဝင်သည်။ ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်အောင် တစ်ဦးချင်းစွမ်းအား၊ အဖွဲ့အစည်းအလိုက် စွမ်းအားများ မြှင့်တင်ရန်လိုသကဲ့သို့ ဒေသအလိုက်လည်း အလားတူ ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်သည်။

ပညာရေး၊ ကျန်းမာရေးအပါအဝင် **လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ညှိနှိုင်းအကောင်အထည်ဖော်လျက်ရှိကြသော အစိုးရအဖွဲ့ဆပ်ကော်မတီ (Delivery Unit) များမှာ-**

-ပညာရေးနှင့် လူ့အရင်းအမြစ်ဖွံ့ဖြိုးရေးဆပ်ကော်မတီ

-ကျန်းမာရေးဆပ်ကော်မတီ

-အလုပ်အကိုင်နှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး ဆပ်ကော်မတီတို့ဖြစ်ကြောင်း လေ့လာသိရှိရသည်။

ပုဂ္ဂလိကကဏ္ဍ ပြောင်းလဲဖွံ့ဖြိုးတိုးတက်ရေးအတွက် အောက်ဖော်ပြပါ အစိုးရအဖွဲ့ဆပ်ကော်မတီ(Delivery Unit) ခုနစ်ခုဖြင့် ညှိနှိုင်းဆွေးနွေး အကောင်အထည်ဖော် နေကြောင်းသိရသည်-

-ပုဂ္ဂလိကကဏ္ဍ ပြောင်းလဲဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီ

-ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီ

-အသေးစား၊အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ

-ဘဏ္ဍာရေး၊ငွေရေးကြေးရေး၊ စီးပွားရေးပူးပေါင်းညှိနှိုင်းရေးဆပ်ကော်မတီ

-အခွန်အကောက်ဆိုင်ရာဆပ်ကော်မတီ

-ပို့ဆောင်ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆပ်ကော်မတီ

-စီမံကိန်းနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဆပ်ကော်မတီ

မြန်မာနိုင်ငံ ကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ညီနောင်အသင်းများ၊ စီးပွားရေး၊ လူမှုရေးအဖွဲ့အစည်းများ အသီးသီးကလည်း ဆိုင်ရာကဏ္ဍအသီးသီးတွင် ပုဂ္ဂလိကဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကြိုးပမ်းအားထုတ် ဆောင်ရွက်လျက်ရှိကြကြောင်း တွေ့မြင်ရသည်။ ထို့ကြောင့် အစိုးရဘက်က ကြိုးပမ်းဆောင်ရွက်မှုများနှင့် ပုဂ္ဂလိကကဏ္ဍမှ ကြိုးပမ်းဆောင်ရွက်မှုများကို Delivery Unit များက ပေါင်းစပ်ညှိနှိုင်း၍ ဆင့်ပွားအားများ တိုးပွားလာစေရန် ဆက်လက်ဆောင်ရွက်ရဦးမည်ဟု ယူဆပါသည်။

ပြည်သူများက စီးပွားရေးလုပ်ကိုင်ရာတွင်အဆင်ပြေချောမွေ့ပြီး လုပ်သာကိုင်သာ ရှိမှသာလျှင် အခြားနိုင်ငံဈေးကွက်များအား ယှဉ်ပြိုင်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် စီးပွားရေးလုပ်ငန်းများလုပ်ကိုင်မှု (Doing Business) တွင် နိုင်ငံတကာလုပ်ထုံးလုပ်နည်းများနှင့် လိုက်လျောညီထွေရှိစေရန်အတွက် ကမ္ဘာ့ဘဏ်အဖွဲ့အစည်းတစ်ခုဖြစ်သော နိုင်ငံတကာ ငွေကြေးကော်ပိုရေးရှင်း (International Finance Corporation-IFC) နှင့် ညှိနှိုင်းဆွေးနွေးပူးပေါင်းဆောင်ရွက်လျက်ရှိပြီး လုပ်ထုံးလုပ်နည်းများပြင်ဆင်ရန် စီစဉ်လျက်ရှိကြောင်း ကြားသိရသည်။

ဒုတိယအကြိမ် နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု ချီးမြှင့်ပွဲ အခမ်းအနားတွင် **ဆုပေါင်း ၆၁ ဆု** ပါဝင်သည့်အနက် **ပုဂ္ဂလိကကဏ္ဍကို အားပေးမြှင့်တင်သည့် ဆုပေါင်း ၃၇ ဆု** ပါဝင်သည်။ ယင်းတို့မှာ စိုက်ပျိုးထုတ်လုပ်မှု ထူးချွန်တောင်သူလယ်သမားဆု၊ မွေးမြူထုတ်လုပ်မှု ထူးချွန်လူပုဂ္ဂိုလ်ဆု၊ မွေးမြူထုတ်လုပ်မှု ထူးချွန်လုပ်ငန်းရှင်ဆု၊ ရေထွက်ပစ္စည်း မွေးမြူထုတ်လုပ်မှု ထူးချွန်လုပ်ငန်းရှင်ဆု၊ နိုင်ငံတော်နှင့် ပြည်သူတို့၏ လူမှုရေးအကျိုးပြုမှုအကောင်းဆုံးလူမှုရေးအသင်းအဖွဲ့ဆု၊ အကျိုးအမြတ်မယူသော ထူးချွန်စီးပွားရေး အသင်းအဖွဲ့ဆု၊ အကျိုးအမြတ်ရယူသောထူးချွန်စီးပွားရေး အသင်းအဖွဲ့ဆု၊ ပို့ကုန်ထူးချွန် လုပ်ငန်းရှင်ဆု၊ တန်ဖိုးမြှင့်ထုတ်ကုန်ထူးချွန် ထုတ်လုပ်ရောင်းချနိုင်သည့် စီးပွားရေးလုပ်ငန်းရှင်ဆု၊ နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာတာဝန် ထူးချွန်ထမ်းဆောင်သည့် လုပ်ငန်းရှင်ဆု၊ ထုတ်လုပ်ရောင်းချမှု ထူးချွန် အသေးစား စီးပွားရေးလုပ်ငန်းရှင်ဆုနှင့် ထုတ်လုပ်ရောင်းချမှု ထူးချွန် အလတ်စား စီးပွားရေးလုပ်ငန်းရှင်ဆု စသည်တို့ဖြစ်သည်။

> **အရေအတွက်သာမက တစ်ဦးချင်း စွမ်းဆောင်နိုင်သည့် စွမ်းအားပမာဏများနှင့် အဖွဲ့အစည်းအလိုက် စွမ်းဆောင်နိုင်သည့် စွမ်းအားပမာဏများသည် အခြားနိုင်ငံထက် များစွာအားနည်းနေသေးသည်ကို နှိုင်းယှဉ်လေ့လာပါက တွေ့ရှိရ**

နိုင်ငံတော်သမ္မတကြီးက တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် **လူ့စွမ်းအား (Human Capital) နှင့် အဖွဲ့အစည်းစွမ်းအား (Institutional Capital) တိုးတက်အောင် ကြိုးပမ်းဆောင်ရွက်**သွားကြရန် တိုက်တွန်းပြောကြားသွားသည်ကို ကြားလိုက်ရသည်။

ယနေ့ ပုဂ္ဂလိကကဏ္ဍကိုကြည့်ပါက စီးပွားရေးနှင့် လူမှုရေးနယ်ပယ်တွင် တစ်ဦးချင်းအရေအတွက်မှာရော အဖွဲ့အစည်းအရေအတွက်မှာပါ အခြားနိုင်ငံထက်နည်းနေသေးသည်။ အရေအတွက်သာမက တစ်ဦးချင်း စွမ်းဆောင်နိုင်သည့် စွမ်းအားပမာဏများနှင့် အဖွဲ့အစည်းအလိုက် စွမ်းဆောင်နိုင်သည့် စွမ်းအားပမာဏများသည် အခြားနိုင်ငံထက် များစွာအားနည်းနေသေးသည်ကို နှိုင်းယှဉ်လေ့လာပါက တွေ့ရှိရမည်ဖြစ်သည်။

တိုင်းဒေသကြီး၊ ပြည်နယ်များ အချိုးကျမျှတစွာ ဖွံ့ဖြိုးတိုးတက်ရန်အတွက် တစ်ဦးချင်း စွမ်းအားနှင့် အဖွဲ့အစည်းစွမ်းအားများ တိုးချဲ့တည်ဆောက်ကြရဦးမည်ဖြစ်သည်။

ထိုစွမ်းအားများသည် လူ့စွမ်းအားအရင်းအမြစ်ကိုအခြေခံ၍ တည်ဆောက်ရသဖြင့် **လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြို့နယ်အဆင့်မှစ၍ စနစ်တကျ စီမံလေ့ကျင့် ပြုစုပျိုးထောင်သွားကြရမည်ဖြစ်**ပါသည်။

ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာ၌ အဓိကအထောက်အပံ့ဖြစ်စေသော လျှပ်စစ်မီး၊ ဆက်သွယ်ရေး၊ လမ်း၊ တံတား၊ ဆိပ်ကမ်း၊ လေဆိပ် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍအလိုက်၊ ဌာန၊ အဖွဲ့အစည်းအလိုက် ကြိုးပမ်းဆောင်ရွက်နေသည်ကို တွေ့ရှိရသည်။ နိုင်ငံတော်သမ္မတကြီး၏ မိန့်ခွန်းတွင်ပါသော **အခြေခံအဆောက်အအုံစွမ်းအား (Physical Capital)** တိုးတက်ကောင်းမွန်ရေး ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်သည်။ ငွေကြေးဈေးကွက်ဖွံ့ဖြိုးရေး၊ ကုန်စည်ဈေးကွက်ဖွံ့ဖြိုးရေးတို့ကို စတင်အကောင်အထည်ဖော်လျက်ရှိရာ မကြာသောကာလတွင် ပုဂ္ဂလိက စီးပွားရေးဝန်းကျင်သည် နိုင်ငံတကာကဲ့သို့ စတင်လုပ်ဆောင်လာနိုင်မည်ဟု မျှော်လင့်သည်။

အရေးကြီးသည်မှာ နိုင်ငံတော်သမ္မတကြီး တိုက်တွန်းမှာကြားသကဲ့သို့ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကို ကျယ်ကျယ်ပြန့်ပြန့် မြှင့်တင်လုပ်ဆောင်နိုင်မှသာလျှင် ပုဂ္ဂလိကကဏ္ဍ ရေရှည် ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်သည်။ တောင်သူလယ်သမားများ၊ အလုပ်သမားများ၊ အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းရှင်များက ကဏ္ဍအလိုက်၊ ဒေသအလိုက်၊ လူတစ်ဦးချင်းစွမ်းအား၊ အဖွဲ့အစည်းစွမ်းအား မြင့်မားတိုးတက်ကောင်းမွန်အောင် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ခြင်းဖြင့် ပုဂ္ဂလိကကဏ္ဍတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်လာမည်ဟု ယုံကြည်မိပါသည်။ ။

မြန်မာနိုင်ငံပုဂ္ဂလိကဆေးရုံများအသင်း၏ CME အစီအစဉ်

Parkway College Of Nursing and Allied Health (Singapore)

Course(1) Patient Safety For Nursing and Allied Health Professionals

Date _ 26 to 27 May 2014 (Mandalay)
29 to 30 May 2014 (Yangon)

Course(2) Prevention and Control of Infections

Date _ 23 to 24 June 2014 (Mandalay)
26 to 27 June 2014 (Yangon)

RSVP _ 20.5.2014

Ph 01 2301587, 01 1220747(Ygn)
Ph 09 5240273 , 02 66851, 66852 (Mdy)

မီး မ လောင် ခင် သ တိ ယှဉ် ကြို တင် ကာ ကွယ် ပါ

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန
လုပ်ငန်းသုံးပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနအတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ လုပ်ငန်းသုံးပစ္စည်းများကို ပြည်တွင်းငွေဖြင့် ဝယ်ယူလိုပါသည်။

(က)	RTK GPS (1 Base & 2 Rover Sets)	-	(260) Sets
(ခ)	GPS External Radio	-	(300) Nos
(ဂ)	Total Station	-	(100) Sets
(ဃ)	AO Color Plotter	-	(15) Nos
(င)	AO Mono Chrome Copier	-	(17) Nos
(စ)	A3 Copier	-	(150) Nos
(ဆ)	i7 Computer	-	(294) Sets
(ဇ)	Hilux Surf 1997 3000 cc (Diesel)	-	(2) Nos
(ဈ)	Motorcycles Kenbo 125	-	(17) Nos
(ည)	Satellite Image (0.5m,Geo-rectified	-	$(20000)km^2$

၂။ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန (ရုံးချုပ်)၊ ရုံးအမှတ်(၄၃)၊ နေပြည်တော်တွင် တင်ဒါလျှောက်လွှာများ ဝယ်ယူနိုင်ပြီး ၂-၆-၂၀၁၄ ရက် ညနေ ၁၆:၃၀ နာရီတွင် တင်ဒါပိတ်သိမ်းပါမည်။

၃။ ပြည့်စုံစွာဖြည့်စွက်ထားခြင်းမရှိသော တင်ဒါပုံစံများကို ရွေးချယ်မှု ပြုမည်မဟုတ်ကြောင်း ကြိုတင်အသိပေးအပ်ပါသည်။

၄။ တင်ဒါပုံစံအပါအဝင် တင်ဒါခေါ်ယူသည့် ပစ္စည်းတစ်ခုချင်း၏ အသေးစိတ်အချက်အလက်များနှင့် စည်းကမ်းချက်များကို အောက်ပါလိပ်စာတွင် စုံစမ်းရယူနိုင်ပါသည်။

ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန(ရုံးချုပ်)ပစ္စည်းဝယ်ယူရေးအဖွဲ့
ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန
ရုံးအမှတ်(၄၃)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၀၃၀၅၊ ၀၆၇-၄၁၀၄၀၉

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု ဂုဏ်ပြုမှတ်တမ်းလွှာကို အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တ နန္ဒမာလာ ဘိဝံသအား ဆက်ကပ်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု ဂုဏ်ပြုမှတ်တမ်းလွှာကို မွန်ပြည်နယ် သထုံမြို့ ကေလာသတောင် ရွှေပါရမီ တောရကျောင်းဆရာတော် ဓမ္မကထိက ဗဟုဇန ဟိတဓရ ဘဒ္ဒန္တ ဆန္ဒာဓိကအား ဆက်ကပ်စဉ်။ (သတင်းစဉ်)

☆ ရှေ့ဖုံးမှ

ရှမ်းပြည်နယ် တာချီလိတ်မြို့ နဂါးနှစ်ကောင်ကျောင်းတိုက်ဆရာတော် အဘိဇဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ဓမ္မသီရိ၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် တောတိုက်ဓမ္မရိပ်သာကျောင်းတိုက်ဆရာတော် အဘိဇဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဓမ္မသာရ၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် မဟာဝိဇယရံသီ စလေကျောင်းတိုက်ဆရာတော် အဘိဇဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဝိဇယ၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ် ပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တ နန္ဒမာလာဘိဝံသ၊ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် မဟာဝိသုဒ္ဓါရုံ ပါဠိတက္ကသိုလ် ပဓာနနာယက ယောဆရာတော် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကအဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် မဟာဌာနမှူးဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တ

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း နိုင်ငံ့ဂုဏ်ဆောင် အားကစားစွမ်းဆောင်ရည်ဆု (အသင်းအဖွဲ့အလိုက်)ဆုရမြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ်အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ဓမ္မပီယ၊ လယ်ဝေးမြို့နယ် သာဝတ္ထိမြို့ စမတောင် မဟာပရဟိတ လူငယ်ဖွံ့ဖြိုးရေးဥယျာဉ်ကျောင်း ဆရာတော် ဘဒ္ဒန္တဉာဏိန္ဒနှင့် မွန်ပြည်နယ် သထုံမြို့ ကေလာသတောင် ရွှေပါရမီတောရကျောင်းဆရာတော် ဓမ္မကထိက ဗဟုဇန ဟိတဓရ ဘဒ္ဒန္တဆန္ဒာဓိကတို့ဖြစ်ကြသည်။

ဆက်လက်၍ ၂၀၁၄ ခုနှစ် နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုချီးမြှင့်ပွဲကို နိုင်ငံတော်သမ္မတအိမ်တော်ရှိ ငုရွှေဝါခန်းမဦကျင်းပရာ အခမ်းအနားသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ ဒုတိယသမ္မတများ၊ ပြည်သူ့လွှတ် တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ပြည်ထောင်စုတရားသူကြီးချုပ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ဖိတ်ကြားထားသူများ၊ နိုင်ငံတော်သမ္မတ၏နိုင်ငံ့စွမ်းဆောင်ရည်ဆုရရှိကြသူများ၊ ဘက်စုံထူးချွန်လူငယ်များ၊ ထူးချွန်ကြက်ခြေနီများ၊ ကင်းထောက်လူငယ်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်သမ္မတက အဖွင့်အမှာစကားပြောကြားရာ၌ ယနေ့အခမ်းအနားတွင် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူတို့၏လူမှုစီးပွားတိုးတက်ရေးအတွက် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြသော ပုဂ္ဂိုလ်များကို နိုင်ငံတော်သမ္မတအနေဖြင့် နိုင်ငံ့စွမ်းဆောင်ရည်ဆုများချီးမြှင့်အပ်နှင်းသွားမည်ဖြစ်ပါကြောင်း။

နိုင်ငံ့စွမ်းဆောင်ရည်ဆုကို **နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူတို့၏လူမှုစီးပွားရေး တိုးတက်ရေးတို့အတွက် စွမ်းဆောင်ကြမည့် လူ့စွမ်းအားအရင်းအမြစ်များဖြစ်ကြသော စီးပွားရေးစွမ်းဆောင်ရှင်များ၊ လူမှုရေးစွမ်းဆောင်ရှင်များ၊ အဖွဲ့အစည်းများတိုးပွားလာစေရန်၊ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် မြို့ပြ၊ ကျေးရွာများဖွံ့ဖြိုးတိုးတက်လာစေရန်**ရည်ရွယ်ပြီး ချီးမြှင့်ခြင်းဖြစ်ပါကြောင်း။

ယခုနှစ်တွင် ယခင်နှစ်နှင့်မတူသောအချက်မှာ ဘက်စုံပညာထူးချွန်လူငယ်များ၊ ထူးချွန်ကြက်ခြေနီလူငယ်များ၊ ကင်းထောက်လူငယ်များကို ဖိတ်ကြားပြီး **စုပေါင်းတွေ့ဆုံပွဲပြုလုပ်၍ အမြင်ဖလှယ်ခြင်း**၊ နိုင်ငံ့စွမ်းဆောင်ရည်ဆုရရှိသူများ၏စီးပွားရေး၊ လူမှုရေးတိုးတက်အောင် စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်ချက်များကို အားကျစံပြုအတုယူ ကြိုးစားနိုင်စေရန် **ဟောပြောဆွေးနွေးပွဲပြုလုပ်ခြင်း**တို့ကို ထည့်သွင်းစီစဉ်ထားခြင်းပင်ဖြစ်ပါကြောင်း။

ယနေ့အခမ်းအနားတွင် ဘက်စုံပညာထူးချွန်လူငယ် ၅၂၅ ဦး၊ ထူးချွန်ကြက်ခြေနီလူငယ် ၁၄၆ ဦး၊ ကင်းထောက်လူငယ် ၄၉၀ ဦး ပါဝင်တက်ရောက်ကြပြီး နောင်တွင် ရွေးချယ်မှုစနစ်ကို နိုင်ငံပိုင်ကျောင်းများမှသာမက ပုဂ္ဂလိကကျောင်း၊ ဘုန်းတော်ကြီးသင်ကျောင်းများမှ ကျောင်းသားများကိုပါ ရွေးချယ်သွားမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအတွက် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုက အဓိကအရေးပါသကဲ့သို့ လူငယ်ဖွံ့ဖြိုးမှုဆောင်ရွက်ခြင်းသည်လည်း လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာအရ အနာဂတ်အတွက် နိုင်ငံ့သားကောင်းရတနာများ လေ့ကျင့်မွေးထုတ်ခြင်းပင် ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဘက်စုံပညာထူးချွန်လူငယ်များ၊ ထူးချွန်ကြက်ခြေနီလူငယ်များ၊ ကင်းထောက်လူငယ်များကို ပိုမိုတိုးချဲ့ဖွဲ့စည်းသွားရမည်ဖြစ်သကဲ့သို့ တိုင်းပြည်၏ ကုန်ထုတ်စွမ်းအားမြှင့်တင်သောကဏ္ဍတွင် အရေးပါသော **အသက်မွေးဝမ်းကျောင်း ပညာရပ်ဆိုင်ရာ**တွင်လည်း နိုင်ငံပိုင်ကျောင်းများသာမက ပုဂ္ဂလိကသင်တန်း၊ **လုပ်ငန်းခွင်များမှ ထူးချွန်သူများ၊ ပြည်သူများ၏ လူမှုစီးပွားရေးကို အားပေးမြှင့်တင်နေသော လူမှုအဖွဲ့အစည်းများ**ကိုပါ ထည့်သွင်းစဉ်းစားရွေးချယ်သွားနိုင်အောင် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရတို့က ညှိနှိုင်းစီမံဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

မိမိတို့အစိုးရအနေဖြင့် လွှတ်တော်၊ တပ်မတော်၊ ပြည်သူတို့နှင့်အတူလက်တွဲပြီး **ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ဆိုသည့် အဆောက်အအုံသစ်ကြီးကို စတင်တည်ဆောက်လာခဲ့သည်မှာ သုံးနှစ်ကျော်ကာလထဲကို ရောက်ရှိ**လာခဲ့ပြီဖြစ်ပါကြောင်း၊ အဆောက်အအုံကြီး ရေရှည်တည်တံ့ဖွံ့ဖြိုးရေးအတွက် **အခြေခံ အုတ်မြစ်ချရသည့်လုပ်ငန်းသည် အဆောက်အအုံ၏ အရေးအကြီးဆုံး အစိတ်အပိုင်း**ဖြစ်ပြီး အခြေခံအုတ်မြစ် Foundation ကောင်းမှ အဆောက်အအုံခိုင်ခံ့မည်ဖြစ်ပါကြောင်း။

ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော် အဆောက်အအုံကြီး၏ အခြေခံအုတ်မြစ်တည်ဆောက်ပြီးလျှင် ဆက်လက်ဆောက်လုပ်ရမည့် အပိုင်းများ အများကြီးကျန်ရှိသည့်အတွက် မိမိတို့အားလုံး ဆက်လက်ကြိုးစားကြရဦးမည်ဖြစ်ပါကြောင်း၊ ဤနေရာတွင် နိုင်ငံ့စွမ်းဆောင်ရှင်များနှင့် အနာဂတ်မျိုးဆက်သစ်လူငယ်များ၏ အခန်းကဏ္ဍသည် များစွာအရေးပါသည်ကို ပြောကြားလိုပါကြောင်း။

နိုင်ငံတည်ဆောက်နေချိန်မှာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေးကဏ္ဍအသီးသီးမှာ စွမ်းဆောင်ရည်ရှိသော လူ့စွမ်းအားအရင်းအမြစ် လူချွန်လူကောင်းများစွာ လိုအပ်လျက်ရှိပါကြောင်း။

မိမိတို့နိုင်ငံတည်ဆောက်ရာတွင် **လူ့စွမ်းအား (Human Capital)**၊ လျှပ်စစ်စွမ်းအင်၊ ရေ၊ လမ်း၊ တံတား စသည့် စီးပွားရေး**အခြေခံအဆောက်အအုံထူထောင်နိုင်မှုစွမ်းအား (Physical Capital)၊ အဖွဲ့အစည်းစွမ်းအား (Institutional Capital) နှင့် လူမှုရေးစွမ်းအား (Social Capital)** များသည် အဓိကအခန်းကဏ္ဍမှ ပါဝင်သည့်အတွက် ဦးစားပေးပြီး တိုးတက်အောင် ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

လူ့စွမ်းအားအရင်းအမြစ် (Human Resources Capital) အားကောင်း

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တန်ဖိုးမြှင့်ထုတ်ကုန် ထူးချွန်ထုတ်လုပ်ရောင်းချနိုင်သည့် စီးပွားရေးလုပ်ငန်းရှင်ဆုရ တနင်္သာရီတိုင်းဒေသကြီးမှ ဒေါက်တာအောင်လွင်အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

မှသာ လယ်ယာကဏ္ဍကို အခြေပြုပြီး စက်မှုနိုင်ငံအဖြစ် ကူးပြောင်းရာမှာလည်းကောင်း၊ ပညာအခြေပြုသောစီးပွားရေး (Knowledge-Based Economy) ကူးပြောင်းရာတွင်လည်းကောင်း အခြားနိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်မည် ဖြစ်ပါကြောင်း၊ မိမိတို့၏ တောင်သူလယ်သမားများကို သမားရိုးကျ စိုက်ပျိုးလုပ်ကိုင်သော လူ့စွမ်းအားအရင်းအမြစ်များအဖြစ်မှ မျိုးကောင်းမျိုးသန့် အသုံးပြုပြီး အထွက်တိုးနည်းပညာ၊ရိတ်သိမ်းချိန်လွန်နည်းပညာ တတ်ကျွမ်းနားလည်ပြီး ဈေးကွက်ယှဉ်ပြိုင်နိုင်အောင် ထုတ်လုပ်တတ်သည့် တောင်သူလယ်သမား လူ့စွမ်းအားအရင်းအမြစ်များအဖြစ် ပြောင်းလဲရန် ကြိုးစားရမည်ဖြစ်ပါကြောင်း၊ ယနေ့**စိုက်ပျိုးထုတ်လုပ်မှုထူးချွန်တောင်သူလယ်သမားဆု** ရရှိသည့် တောင်သူလယ်သမား

စာမျက်နှာ ၇ ကော်လံ ၁ သို့

ပြည်တွင်းရေးရာ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နိုင်ငံတော်သမ္မတ၏ အထူးဂုဏ်ထူးဆောင်ဆုရ ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးအောင်ကိုဝင်းအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာတာဝန် ထူးချွန်ထမ်းဆောင်သည့် လုပ်ငန်းရှင်ဆုရ ရွှေတောင်ဖွံ့ဖြိုးတိုးတက်မှု ကုမ္ပဏီလီမိတက် မန်နေဂျင်း ဒါရိုက်တာ ဦးအောင်ဇော်နိုင်အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

❐ စာမျက်နှာ ၆ မှ

စွမ်းဆောင်ရှင်မျိုးများ ဒေသအနှံ့တိုးပွားလာအောင် တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် လယ်ယာကဏ္ဍ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး အစီအမံကိုရေးဆွဲပြီး လက်တွေ့မွေးထုတ်ရမည်ဖြစ်ပါကြောင်း။

အလားတူ တောင်သူလယ်သမားများ ထွက်ရှိသည့်သီးနှံများအပေါ် သမားရိုးကျဝယ်ရောင်းလုပ်သည့် **စီးပွားရေးလုပ်ငန်းရှင်များကိုလည်း တောင်သူလယ်သမားနှင့်ဈေးကွက်ချိတ်ဆက်ပေးနိုင်သော ထုတ်လုပ်မှုကွင်းဆက် (Supply Chain) ၏ Key Player Entrepreneurs စွမ်းဆောင်ရှင်များအဖြစ် ထိထိရောက်ရောက် ဆောင်ရွက်နိုင်အောင် အသင်းအဖွဲ့များက ဦးဆောင်ပြီး အစိုးရ၌၎င်း၊ အဖွဲ့အစည်းများကပါ ပူးပေါင်းဆောင်ရွက်အားပေး** ရမည်ဖြစ်ပါကြောင်း။

ထို့ကြောင့် **စက်မှုကဏ္ဍနှင့်ဝန်ဆောင်မှုကဏ္ဍ** ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က ဆောင်ရွက်နေသည့် **အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး**၊ နည်းပညာကျွမ်းကျင်မှုနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို သမားရိုးကျ ပုံမှန်လုပ်နေကျမျိုး မဟုတ်ဘဲ ပြောင်းလဲတိုးတက်အောင် Taskforce နှင့် Delivery Units အသီးသီးက ကဏ္ဍအလိုက် Stakeholders များနှင့် ဆွေးနွေးညှိနှိုင်းပြီး ထိရောက်မည့်နည်းလမ်းများကို စဉ်းစားကြံဆဆောင်ရွက်သွားကြရန် မှာကြားလိုပါကြောင်း။

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၏ အခြေခံအုတ်မြစ်သည် ပညာရေးနှင့် ကျန်းမာရေးကဏ္ဍ ဖြစ်သည့်အတွက် ဗလငါးတန်နှင့် ပြည့်ဝသည့် နိုင်ငံသားကောင်းများပေါ်ထွန်းရေးအတွက် နိုင်ငံတော်အနေဖြင့် ပညာရေးကဏ္ဍနှင့်ကျန်းမာရေးကဏ္ဍတို့တွင် အထူးအလေးထားအားပေးမြှင့်တင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ အသက်ရှည် ကျန်းမာကြံ့ခိုင်ပျော်ရွှင်သော ပြည်သူများအဖြစ် ရောက်ရှိအောင် ပြည်သူတို့၏ လူမှုစီးပွားရေး တိုးတက်ကောင်းမွန်အောင် ကြိုးစားရမည်ဖြစ်ပါကြောင်း၊ ကျန်းမာကြံ့ခိုင် ပျော်ရွှင်သော ပြည်သူဦးရေများလေ တိုင်းပြည်၏အင်အားကောင်းလေဖြစ်ပါကြောင်း။

တိုင်းပြည်၏ လူဦးရေတစ်နည်းအားဖြင့် "တိုင်းပြည်၏အင်အား" အဖြစ်မှ **"တိုင်းပြည်၏စွမ်းအား"** အဖြစ်သို့ အရေအတွက်မှ အရည်အချင်းသို့ ကူးပြောင်းနိုင်အောင် မြန်မာ့အမျိုးသားပညာရေးကိုပြုပြင်ပြောင်းလဲတိုးတက်အောင် ဆောင်ရွက်ရာတွင် **စဉ်းစားတွေးခေါ် မှုမှန်ကန်ပြီး ဆန်းစစ်ဝေဖန်ပိုင်းခြားနိုင်စွမ်း (Critical and Analytical Skill)၊ စိတ်ကူးစိတ်သန်းနှင့်တီထွင်ဖန်တီးနိုင်စွမ်း (Creative and Innovative Skill)** ရှိလာအောင် အလေးပေး သင်ကြား လေ့ကျင့်ပေးရမည်ဖြစ်ပါကြောင်း၊ အောင်လက်မှတ်၊ ဘွဲ့လက်မှတ် ရရုံသက်သက်ဖြင့် တိုင်းပြည်တိုးတက်အောင် စွမ်းဆောင်နိုင်မှာ မဟုတ်ဘဲ အမှန်တကယ် စွမ်းဆောင်ရည်ရှိသည့် လူချွန်လူကောင်းများကသာ တိုင်းပြည်တိုးတက်အောင် တီထွင်ကြံဆစွမ်းဆောင်နိုင်ကြမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် ယနေ့ နိုင်ငံ့စွမ်းဆောင်ရည်ဆု ရရှိမည့်သူများနှင့် ဘက်စုံပညာထူးချွန်လူငယ်များ၊ ထူးချွန်ကြက်ခြေနီလူငယ်များ၊ ကင်းထောက်လူငယ်များသာမက **တစ်နိုင်ငံလုံး တွင် လူချွန်လူကောင်းများ ပေါ်ထွန်းလာရေးအတွက် လေ့ကျင့်မွေးထုတ်နိုင်အောင် ဆရာ၊ မိဘ၊ ကျောင်းသားများ အပါအဝင် ပြည်သူတစ်ရပ်လုံးက ပူးပေါင်းပါဝင် ကြိုးပမ်းဆောင်ရွက်ကြမှသာလျှင် မိမိတို့ မျှော်မှန်းသည့်အမျိုးသားပညာရေးနှင့်လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာ ရည်မှန်းချက်ပြည့်မီမည်ဖြစ်ပါကြောင်း။**

အဖွဲ့အစည်းနှင့်လူမှုရေး Foundation ဆိုင်ရာ အသင်းအဖွဲ့ဆုများ အနေဖြင့် နိုင်ငံတော်နှင့်ပြည်သူတို့၏ လူမှုရေးအကျိုးပြုမှုအကောင်းဆုံး**လူမှုရေးအသင်းအဖွဲ့ဆု၊ အကောင်းဆုံးစီးပွားရေးအသင်းအဖွဲ့ဆုများ**ပါဝင်ပြီး **အများစုပေါင်း ဆောင်ရွက်မှုဆိုင်ရာဆုအနေနဲ့ ဖွံ့ဖြိုးတိုးတက်မှုအကောင်းဆုံးမြို့နယ်ဆု၊ ဖွံ့ဖြိုးတိုးတက်မှုအကောင်းဆုံးကျေးရွာဆုတို့**ပါဝင်ပါကြောင်း၊ ထိုဆုများကို အဖွဲ့အစည်းများအားကောင်းလာစေရန်နှင့် လိုအပ်လာသော စွမ်းအားများမြှင့်တင်ပေးရန် (Institutional Capital) အတွက် ရည်ရွယ်ပြီး ချီးမြှင့်ခဲ့ခြင်းပင်ဖြစ်ပါကြောင်း။

ကျွန်တော်တို့နိုင်ငံတွင် လယ်ယာစိုက်ပျိုးရေးသမအသင်းပေါင်း ၁၇၂၁၉ သင်း၊ မွေးမြူရေးသမအသင်းပေါင်း ၂၀၁၇ သင်းနှင့် စက်မှုလက်မှုသမအသင်းပေါင်း ၄၆၄ သင်းရှိပြီး မန္တလေး၊ စစ်ကိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် အများဆုံးဖြစ်ပြီး တနင်္သာရီ၊ ကရင်၊ ချင်းနှင့်ကယားပြည်နယ်တို့၌ အနည်းဆုံးဖြစ်သည်ကို တွေ့ရှိရပါကြောင်း၊ အဖွဲ့ အစည်းအားကောင်းသောဒေသသည် ဒေသဖွံ့ဖြိုးမှုအတွက် အားကောင်းကောင်းနှင့်တည်ဆောက်နိုင်သည်ကို တွေ့ ရပြီး အဖွဲ့အစည်းအားနည်းသော ဒေသများတွင် တစ်ဦးချင်း၊ တစ်ယောက်ချင်းအားဖြင့်သာ တည်ဆောက်နေကြသည်ကိုတွေ့ရှိရသည့်အတွက် **အဖွဲ့အစည်းစွမ်းအား (Institutional Capital) အားကောင်းရန်နှင့် အသင်းအဖွဲ့နှင့် စုပေါင်းလုပ်ကိုင်တတ်သည့် အလေ့အကျင့် (Team-Work) ကောင်းအောင်** ကြိုးစားကြပါဟု မှာကြားလိုပါကြောင်း၊ အသင်းအဖွဲ့ များ ဖွဲ့စည်းဆောင်ရွက်ရာတွင်လည်းအရေအတွက်မှ အရည်အချင်းဖြစ်လာအောင် စွမ်းဆောင်ရည်ရှိသော အဖွဲ့အစည်းတွေဖြစ်လာစေရေးကြိုးစားဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

ကြက်ခြေနီနှင့်ကင်းထောက်အဖွဲ့အစည်းများသည်လည်း လူငယ်ဘဝကတည်းက အဖွဲ့အစည်းနှင့်အများကောင်းကျိုး ဦးတည်စွမ်းဆောင်နိုင်သည့် အလေ့အကျင့်ကောင်းများရအောင် ဖွဲ့စည်းလေ့ကျင့်ပေးခြင်းပင်ဖြစ်ပါကြောင်း၊ အခြေခံပညာကျောင်းများတွင် ကျောင်းကောင်စီအဖွဲ့အစည်းများမှအစ တက္ကသိုလ်အဆင့်ထိ စာပေ၊ ယဉ်ကျေးမှု၊ လေ့လှော်၊ ရေကူး၊ အလေးမ၊ ဘောလုံး၊ ခြေလျင်တောင်တက်စသည့်အသင်းအဖွဲ့အသီးသီးဖွဲ့စည်းလေ့ကျင့်ပေးခြင်းများသည်လည်း လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံများပင်ဖြစ်ပါကြောင်း၊ အခြေခံပညာကျောင်းများ၏ ကျောင်းကောင်စီဖွဲ့စည်းလုပ်ရှားမှုများသည် ငယ်ရွယ်စဉ် ပညာသင်ကြားချိန်ကတည်းက ဒီမိုကရေစီအလေ့အကျင့်ရစေရန်နှင့် စုပေါင်းဆောင်ရွက်တတ်သော အလေ့အကျင့်ရရှိစေရန် ဖြစ်သည့်အတွက် အလေးထားလေ့ကျင့်ပျိုးထောင်ပေးရန် မှာကြားလိုပါကြောင်း။

မြန်မာနိုင်ငံကြက်ခြေနီအသင်းကို လေ့လာကြည့်လျှင် နိုင်ငံတစ်ဝန်းရှိ ကြက်ခြေနီစေတနာလုပ်ငန်းရှင်များ၏ စွမ်းပကားနှင့်ဘေးဒုက္ခကျရောက်အလွယ်ဆုံးသူများ၏ဘဝတိုးတက်ကောင်းမွန်စေရန် ကျန်းမာရေး စောင့်ရှောက်မှုနှင့် ဘေးဒုက္ခစီမံခန့်ခွဲမှုများတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာတန်ဖိုးများနှင့် ရပ်ရွာအခြေပြုလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်နေသည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း၊ ကြက်ခြေနီအသင်းအနေဖြင့် ယခုဆိုလျှင် အသင်းဝင်ပေါင်း တစ်သိန်းတစ်သောင်းကျော်ရှိနေပြီး မြို့နယ်/ကျေးရွာအနှံ့ ပြည်သူတို့၏ ကျန်းမာရေးအထောက်အကူဖြစ်စေရန် တိုးချဲ့ဖွဲ့စည်းသွားရမည် ဖြစ်ပါကြောင်း။

ကင်းထောက်အဖွဲ့ကို စစ်ကြိုခေတ်ကစတင်ဖွဲ့စည်းခဲ့ပြီး ယခုတစ်ဖန်သက်ဝင်လှုပ်ရှားလာစေရန် မိမိတို့အစိုးရအဖွဲ့က ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ အခြေခံပညာကျောင်းများကို အခြေခံပြီး ကင်းထောက်လူငယ်များ ဖွဲ့စည်းဆောင်ရွက်မှုကို ၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှစတင်ဖွဲ့စည်းခဲ့ရာ ယခုဆိုလျှင် အင်အားနှစ်ထောင်ကျော်ရှိပြီဖြစ်ပါကြောင်း။

ယခုဆိုလျှင် ကင်းထောက်မောင်မယ်များကို စိတ်ဓာတ်နှင့်ကိုယ်ကျင့်တရားကောင်းမှု၊ ကတိသစ္စာစောင့်ထိန်းမှု၊ စည်းကမ်းရိုသေမှု၊ အများအကျိုးဆောင်ရွက်လိုမှုတို့ကို အခြေခံပြီး နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ထက်သန်သော လူငယ်များဖြစ်ရေးအတွက် ရှေ့ဦးသူနာပြုစုနည်း၊ ထမင်းဟင်းချက်ပြုတ်နည်း၊ မီးမွှေးနည်းမျိုးစုံ၊ ကြိုးချည်နည်းမျိုးစုံ၊ တဲထိုးနည်းမျိုးစုံ၊ မီးသတ်ပညာရပ်နှင့် အသက်ကယ်နည်း၊ အချက်ပြစကားပြောနည်း၊ ရေကြောင်းကင်းထောက်နည်းနှင့် လေကြောင်းကင်းထောက်နည်းများအထိ တဖြည်းဖြည်း တိုးတက်လေ့ကျင့်ပေးလျက် တာဝန်ဝတ္တရားများကို ပျော်ရွှင်တက်ကြွစွာ ထမ်းဆောင်နိုင်အောင် တောတွင်းခရီးကြမ်းထွက်ခြင်း၊ စခန်းချခြင်း၊ သံလိုက်အိမ်မြှောင်အသုံးပြု၍ ခရီးသွားခြင်း၊ လှေလှော်ခြင်းအစရှိသည့် အခက်အခဲကြားတွင် စွန့်စားဆောင်ရွက်နိုင်သည့် လူငယ်များဖြစ်အောင် လေ့ကျင့်ပေးသွားမည်ဖြစ်ပါကြောင်း၊ ထိုအလေ့အကျင့်များမှတစ်ဆင့် နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် လူမှုစီးပွားရေးတိုးတက်ရေးအတွက် စွန့်စားတီထွင်ကြံဆ စုပေါင်းဆောင်ရွက်တတ်သည့် စွမ်းဆောင်ရှင်များဖြစ်လာအောင် လေ့ကျင့်သွားကြရမည်ဖြစ်ပါကြောင်း။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❁

ဒုတိယသမ္မတ ဦးညဏ်ထွန်း မွေးမြူထုတ်လုပ်မှု ထူးချွန်လူပုဂ္ဂိုလ်ဆုရ ရှမ်းပြည်နယ်မှ ဒေါ်နီနီစိုးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ဒုတိယသမ္မတ ဦးညဏ်ထွန်း ရေထွက်ပစ္စည်းမွေးမြူထုတ်လုပ်မှု ထူးချွန်ဆုရ ပဲခူးတိုင်းဒေသကြီးမှ ဦးတင့်ဆွေအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဒုတိယသမ္မတများ နိုင်ငံ့စွမ်းဆောင်ရည်ဆု၊ အထူးဂုဏ်ထူးဆောင်ဆု ရရှိသူများနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

❁ စာမျက်နှာ ၇ မှ

အလားတူ **မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီများသည် မြို့နယ်၏ တည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုတို့အတွက် စုပေါင်းစွမ်းဆောင်ကြမည့် အဖွဲ့အစည်းများအဖြစ် ဖွဲ့စည်းပေးထားခြင်းဖြစ်ပါကြောင်း၊** အချို့မြို့နယ်သည် ယခုနှစ်တွင် ဖွံ့ဖြိုးတိုးတက်မှု အကောင်းဆုံး မြို့နယ်ဆုရရှိခြင်းသည် မြို့နယ်ကို ဦးဆောင်သော ကော်မတီများနှင့် ဒေသခံပြည်သူများ ညီညီညွတ်ညွတ် စုပေါင်းကြိုးစားခြင်းကြောင့် ရရှိခဲ့ခြင်းဖြစ်ပါကြောင်း။

ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအပိုင်းကို လေ့လာကြည့်လျှင် ကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ညီနောင်အသင်းများ၏ ကုမ္ပဏီဖွဲ့စည်းမှုသည် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ၃၆၉၈၂ ခုထိ တိုးတက်လာပြီး အများနှင့်သက်ဆိုင်သော ကုမ္ပဏီ ၁၄၂ ခု ရှိလာခဲ့ပြီဖြစ်ပါကြောင်း၊ မှတ်ပုံတင်ထားသော စာရင်းများအရ အသေးစား၊ အလတ်စားလုပ်ငန်းများ ၃၈၄၂၄ ခုနှင့် သမဝါယမအသေးစားလုပ်ငန်းများ ၁၆၀၄၂ ခု အပါအဝင် လုပ်ငန်းပေါင်း ၅၄၄၆၆ ခုထိရှိကြောင်း တွေ့ရှိရမည်ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးတွင် ယခင်ကုန်စည်ဒိုင် ၁၈ ခုရှိရာမှ ယခုအခါ ၅၀ ထိ တိုးတက်လာမှုကြောင့် **ဈေးကွက်ဖွံ့ဖြိုးမှုလည်း အထိုက်အလျောက် တိုးတက်**လာခဲ့သည်ကို တွေ့ရှိရကြောင်း၊ ယင်းတို့မှာ ဒေသနှင့် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အင်အားများဖြစ်ပါကြောင်း၊ ထိုအင်အားများကိုလည်း အရေအတွက်မှ အရည်အချင်းရှိလာအောင် ပညာပေးဆွေးနွေး လေ့ကျင့်ပြီး နိုင်ငံတကာ ဈေးကွက်ဝင်ရောက်ယှဉ်ပြိုင်နိုင်စွမ်းရှိအောင် ကြိုးပမ်းသွားကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

လျင်မြန်စွာပြောင်းလဲတိုးတက်နေသည့် ကမ္ဘာကြီးတွင် နိုင်ငံအသီးသီးသည် ဖွံ့ဖြိုးတိုးတက်မှုအတွက် အပြိုင်အဆိုင် ကြိုးပမ်းလှုပ်ရှားရုန်းကန်နေကြသည်ကို တွေ့မြင်ကြရမည်ဖြစ်ပါကြောင်း၊ အောင်မြင်တိုးတက်သည့် နိုင်ငံများရှိသကဲ့သို့ စိန်ခေါ်မှုများ၊ အခက်အခဲများကြားမှ ရုန်းကန်နေကြသည့် နိုင်ငံများကိုလည်း အများအပြားတွေ့ရှိရမည်ဖြစ်ပါကြောင်း၊ ရာသီဥတုနှင့် သဘာဝဘေးအန္တရာယ်များကိုလည်း အန်တုရင်ဆိုင် ကျော်လွှားနေသော နိုင်ငံများရှိသကဲ့သို့ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများကလည်း ဆင်းရဲမှုမှ ရုန်းထွက်နိုင်အောင် ကြိုးစားလျက်ရှိကြပါကြောင်း။

ယခုကဲ့သို့ ကမ္ဘာ့နိုင်ငံအသီးသီးတွင် ကြိုးစားရုန်းကန်ကြရင်းဖြင့် အခြေခံအရင်းအမြစ်အပေါ် အခြေပြုသော စီးပွားရေး(Factor- driven Economies)မှတစ်ဆင့် စွမ်းဆောင်ရည်အခြေပြုသည့် စီးပွားရေး (Efficiency-driven Economies) ကိုကူးပြောင်းနေသကဲ့သို့ ထိုမှတစ်ဆင့် တီထွင်ကြံဆထုတ်လုပ်မှုကို အခြေပြုသော စီးပွားရေး (Innovation- driven Economies) အဆင့်ကို ဖွံ့ဖြိုးပြီးနိုင်ငံများကရောက်ရှိနေကြပြီးဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံအနေဖြင့် အခြေခံအရင်းအမြစ်အပေါ် အခြေပြုသည့် စီးပွားရေးအဆင့်မှ စွမ်းဆောင်ရည်အခြေပြုသော စီးပွားရေးကိုကူးပြောင်းနိုင်အောင် အဆင့်မြင့်ပညာရေး မြင့်မားတိုးတက်စေရန်နှင့် အသက်မွေးဝမ်းကျောင်း ပညာများအရည်အသွေး မြှင့်တင်ပြီး လုပ်သားဈေးကွက် စွမ်းဆောင်ရည်ပြည့်ဝရေး ကုန်စည်ဈေးကွက်နှင့် ငွေကြေးဈေးကွက် ဖွံ့ဖြိုးရေးနည်းပညာကျွမ်းကျင်မှု အခြေခံလျက် ဈေးကွက်ဝင်ရောက်ယှဉ်ပြိုင်နိုင်စွမ်းရှိသော ကုန်စည်ပစ္စည်း ထုတ်လုပ်ရေးအစရှိသည်တို့ကို ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ယင်းသို့ ဆောင်ရွက်ရာတွင် စွမ်းဆောင်ရည်ရှိသော လူ့စွမ်းအား

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ထူးချွန်ကြက်ခြေနီ လူငယ်များအတွက် ဂုဏ်ပြုလက် ဆောင် ကို လူငယ်ကိုယ်စားလှယ် တစ်ဦးထံ ပေးအပ်စဉ်။ (သတင်းစဉ်)

အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လေ့ကျင့်မွေးထုတ်ရေးသည် အဓိကဖြစ်လာခြင်းကြောင့် တစ်မျိုးသားလုံးက အမျိုးသားရေးအမြင်ဖြင့်ဝိုင်းဝန်းကြိုးပမ်းကြရမည်ဖြစ်ပါကြောင်း။

ထို့ကြောင့် နိုင်ငံ့စွမ်းဆောင်ရည်ဆုနှင့် နိုင်ငံ့စွမ်းဆောင်ရည်ဂုဏ်ပြုလက်မှတ်ချီးမြှင့်ခြင်းခံရသူများကလည်း မိမိတို့နယ်ပယ်အလိုက် ဖွံ့ဖြိုးတိုးတက်မှုတွင် စံနမူနာပြဦးဆောင်ကြရန်နှင့် မိမိတို့ လုပ်ဖော်ကိုင်ဖက်များ တိုးပွားလာအောင် စုပေါင်းလုပ်ဆောင်တတ်သော အကျင့်များပွားများအောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သကဲ့သို့ ထူးချွန်လူငယ်မောင်မယ်များကလည်း စွမ်းဆောင်ရည်ရှိသော လူငယ့်စွမ်းအား တည်ဆောက်ရေးအတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသလောက်ကြိုးစားကြရန် တိုက်တွန်းလိုပါကြောင်း။

နိဂုံးချုပ်အားဖြင့် ပြောကြားလိုသည်မှာ စီးပွားရေး၊ လူမှုရေး သာမက နိုင်ငံရေးအပိုင်းမှ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးအတွက် ဆွေးနွေးညှိနှိုင်းဆောင်ရွက်နေကြသော တိုင်းရင်းသားခေါင်းဆောင်များ အသီးသီးသည်လည်း ဆုချီးမြှင့်သော အစီအစဉ်တွင်မပါသော်လည်း နိုင်ငံအတွက်စွမ်းဆောင်နေကြသူများဖြစ်ကြပါကြောင်း။

အလားတူ နိုင်ငံရေးပါတီအသီးသီးသည်လည်း လွှတ်တော်အတွင်း တွင်ရော လွှတ်တော်ပြင်ပမှာပါ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် စိတ်စေတနာအပြည့်အဝဖြင့် ကြိုးစားနေကြသောစွမ်းဆောင်ရှင်များဖြစ်ကြသကဲ့သို့ ပြည်တွင်း ပြည်ပရှိအဖွဲ့အစည်းအသီးသီး၊ လူပုဂ္ဂိုလ်အသီးသီးနှင့် ပြည်သူအားလုံးသည်လည်း တိုင်းပြည်တည်ဆောက်ရေးအတွက် တူရာကဏ္ဍမှပါဝင်ကြိုးပမ်းဆောင်ရွက်နေကြသူများအဖြစ် အသိအမှတ်ပြုပြောကြားလိုပါကြောင်း။

မိမိတို့နိုင်ငံသည် အခြားအိမ်နီးချင်းနိုင်ငံများထက် ဖွံ့ဖြိုးမှုနောက်ကျနေသည့်နိုင်ငံဖြစ်သည့်အတွက် သူများခြေတစ်လှမ်းလှမ်းလျှင် မိမိတို့က လေးငါးလှမ်း လှမ်းရမည်ဖြစ်ပါကြောင်း၊ ခြေလှမ်းတစ်လှမ်းတိုင်း တစ်လှမ်းတိုင်းကို ထိရောက်သည့် စွမ်းဆောင်မှုနှင့် အကျိုးရလဒ်ရအောင် ဝိုင်းဝန်းကြိုးပမ်းအားထုတ်ရမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့အားလုံး စည်းစည်းလုံးလုံးညီညီညွတ်ညွတ်ဖြင့် ဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံဖြစ်အောင် ဝိုင်းဝန်းကြိုးပမ်းကြပါဟု ပြောကြားလိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုများ ရရှိကြသော ဖွံ့ဖြိုးတိုးတက်မှုအကောင်းဆုံးမြို့နယ်ဆု၊ ဖွံ့ဖြိုးတိုးတက်မှု အကောင်းဆုံး စံပြကျေးရွာဆု၊ စိုက်ပျိုးထုတ်လုပ်မှု ထူးချွန်တောင်သူလယ်သမားဆု၊ မွေးမြူထုတ်လုပ်မှု ထူးချွန်လူပုဂ္ဂိုလ်ဆု၊ မွေးမြူထုတ်လုပ်မှု ထူးချွန်လုပ်ငန်းရှင်ဆု၊ ရေထွက်ပစ္စည်း မွေးမြူထုတ်လုပ်မှု ထူးချွန်လုပ်ငန်းရှင်ဆု၊ နိုင်ငံတော်နှင့် ပြည်သူတို့၏ လူမှုရေးအကျိုးပြုမှု အကောင်းဆုံး လူမှုရေးအသင်းအဖွဲ့ဆု၊ အများပြည်သူဘေးအန္တရာယ်ကျရောက်မှုအား သက်စွန့်ကြိုးပမ်း ကယ်တင်စွမ်းဆောင်သူဆု ရရှိသူများ၏ စွမ်းဆောင်ရည်အလိုက် ပြကွက်များကို ပြသသည်။

ထို့နောက် ဒုတိယသမ္မတ ဦးညဏ်ထွန်းက နိုင်ငံတော်သမ္မတ၏ ဂုဏ်ထူးဆောင်လက်မှတ်ရရှိကြသည့် ဖွံ့ဖြိုးတိုးတက်မှု အကောင်းဆုံးမြို့နယ်ဆုရ ပဲခူးတိုင်းဒေသကြီးမှ ပြည်မြို့နယ်နှင့် မကွေးတိုင်းဒေသကြီးမှ မကွေးမြို့နယ်၊ ဖွံ့ဖြိုးတိုးတက်မှု အကောင်းဆုံး စံပြကျေးရွာဆုရ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် လယ်ဇင်ကျေးရွာနှင့် ပခုက္ကူမြို့နယ် ကမ္မကျေးရွာ၊ စိုက်ပျိုးထုတ်လုပ်မှု ထူးချွန်တောင်သူလယ်သမားဆုရ စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်မှ ဦးသောင်းငွေနှင့် ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်မှ ဦးဝင်းမြင့်၊ မွေးမြူထုတ်လုပ်မှု ထူးချွန်လူပုဂ္ဂိုလ်ဆုရ ရှမ်းပြည်နယ် တာချီလိတ်မြို့နယ်မှ ကျောက်စိမ်းကန်မွေးမြူရေးလုပ်ငန်းရှင် ဒေါ်နီနီစိုးနှင့် ကရင်ပြည်နယ် ဘားအံမြို့နယ် ပေါင်းစည်းလယ်ယာစိုက်ပျိုးမွေးမြူရေး လုပ်ငန်းရှင် ဦးဝင်းနိုင်၊ မွေးမြူထုတ်လုပ်မှု ထူးချွန်လုပ်ငန်းရှင်ဆုရ မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်မှ မြဘုရင် နွားမွေးမြူရေးနှင့် နို့ချက်စက်ရုံလုပ်ငန်းရှင် ဦးဝင်းမောင်နှင့် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်မှ TM နွားနို့ဒိန်ချဉ် ထုတ်လုပ်မှုလုပ်ငန်းရှင် ဦးသန်းမြင့်၊ ရေထွက်ပစ္စည်းမွေးမြူထုတ်လုပ်မှု ထူးချွန်ဆုရ ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်မှ ဦးကျော်နိုင်နှင့် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့မှ ဦးတင့်ဆွေ၊ နိုင်ငံတော်နှင့် ပြည်သူတို့၏ လူမှုရေးအကျိုးပြုမှု အကောင်းဆုံးလူမှုရေးအသင်းအဖွဲ့ဆုရ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့မှ စက္ခုပါလာဒိ ဖောင်ဒေးရှင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးမှ သုခကာရီ လူမှုရေးအသင်း၊ အများပြည်သူ ဘေးအန္တရာယ်ကျရောက်မှုအား သက်စွန့်ကြိုးပမ်းကယ်တင်စွမ်းဆောင်သူဆုရ ရခိုင်ပြည်နယ် မြေပုံမြို့နယ်မှ ဦးမောင်ဒေါင်းကြီး(ခ) ဦးသန်းဖေ၏ ကိုယ်စား ဇနီးဖြစ်သူ ဒေါ်အေးသိန်းနုနှင့် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်မှ ဦးဌေးနိုင်တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုရရှိကြသည့် နိုင်ငံ့ဂုဏ်ဆောင် အားကစား စွမ်းဆောင်ရည်ဆု(တစ်ဦးချင်း)၊ နိုင်ငံ့ဂုဏ်ဆောင် အားကစားစွမ်းဆောင်ရည်ဆု(အသင်းအဖွဲ့အလိုက်)၊ အကျိုးအမြတ်မယူသော ထူးချွန်စီးပွားရေး အသင်းအဖွဲ့ဆု၊ အကျိုးအမြတ်ရယူသောထူးချွန်စီးပွားရေး အသင်းအဖွဲ့ဆု၊ ပို့ကုန်ထူးချွန်လုပ်ငန်းရှင်ဆု၊ တန်ဖိုးမြှင့်ထုတ်ကုန် ထူးချွန်ထုတ်လုပ်ရောင်းချနိုင်သည့် စီးပွားရေးလုပ်ငန်းရှင်ဆု၊ နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာ တာဝန်ထူးချွန်ထမ်းဆောင်သည့် လုပ်ငန်းရှင်ဆု၊ ထုတ်လုပ်ရောင်းချမှု ထူးချွန် အသေးစား စီးပွားရေးလုပ်ငန်းရှင်ဆု၊ ထုတ်လုပ်ရောင်းချမှု ထူးချွန် အလတ်စား စီးပွားရေးလုပ်ငန်းရှင်ဆု ရရှိသူများ၏ စွမ်းဆောင်ရည် ပြကွက်များကို ထုတ်နုတ်ပြသသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းက နိုင်ငံတော်သမ္မတ၏ ဂုဏ်ထူးဆောင်လက်မှတ်ရရှိသူ နိုင်ငံ့ဂုဏ်ဆောင် အားကစားစွမ်းဆောင်ရည်ဆု(တစ်ဦးချင်း)ဆုရရှိသူ ရန်ကုန်တိုင်းဒေသကြီးမှ စစ်တုရင်အားကစားသမား ဦးဝင်းဇော်ထွန်းနှင့် ကနူးကယက် အားကစားသမား ဦးဝင်းထိုက်၊ နိုင်ငံ့ဂုဏ်ဆောင် အားကစားစွမ်းဆောင်ရည်ဆု (အသင်းအဖွဲ့အလိုက်)ဆုရ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ်၊အကျိုးအမြတ် မယူသော ထူးချွန်စီးပွားရေးအသင်းအဖွဲ့ဆုရ စစ်ကိုင်းတိုင်းဒေသကြီးမှ မုံရွာကုန်စည်ဒိုင်နှင့်တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့၊ အကျိုးအမြတ်ရယူသော ထူးချွန်စီးပွားရေးအသင်းအဖွဲ့ဆုရ မကွေးတိုင်းဒေသကြီးမှ မကွေးမြို့နယ် သမဝါယမအသင်းစုနှင့်ရှမ်းပြည်နယ် လားရှိုးဝန်ထမ်းပေါင်းစုံငွေစုငွေချေး သမဝါယမအသင်းလီမိတက်၊ ပို့ကုန်ထူးချွန်လုပ်ငန်းရှင်ဆုရ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ဧရာနဒီကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးဝင်းဗိုလ်နှင့် ရှမ်းပြည်နယ် မူဆယ်မြို့ သံလွင်ရွှေပြည်ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဒေါ်နန်းခမ်းယုံ၊ တန်ဖိုးမြှင့် ထုတ်ကုန်ထူးချွန်ထုတ်လုပ်ရောင်းချနိုင်သည့် စီးပွားရေးလုပ်ငန်းရှင်ဆုရ မကွေးတိုင်းဒေသကြီးမကွေးမြို့မှ အမေထွားနှင့်သားများ ဆီစက်ပိုင်ရှင် ဦးဌေးအောင်နှင့် တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့ ပြည့်ဖြိုးထွန်း/အောင်မြတ်ဖြိုးကုမ္ပဏီ ဥက္ကဋ္ဌ ဒေါက်တာအောင်လွင်၊ နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာ တာဝန်ထူးချွန်ထမ်းဆောင်သည့် လုပ်ငန်းရှင်ဆုရ ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် ရွှေမဲကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးထွန်းလွင်နှင့် သမဝါယမဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးခင်မောင်အေး၊ ထုတ်လုပ်ရောင်းချမှု ထူးချွန်အသေးစားစီးပွားရေးလုပ်ငန်းရှင်ဆုရ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်မှ Myanmar Wood Mart Co.,Ltd. ဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် မကွေးတိုင်းဒေသကြီးမင်းဘူးမြို့မှ စွမ်းအားမြင့်အေဝမ်းမီးဖိုလုပ်ငန်းရှင် ဦးအောင်ချိုဦး၊ ထုတ်လုပ်ရောင်းချမှု ထူးချွန်အလတ်စား စီးပွားရေးလုပ်ငန်းရှင်ဆုရ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့မှ စိန်နှင့်မြ မွေ့ရာလုပ်ငန်းရှင် ဦးကျော်မင်းနှင့် ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့မှ မနောသုခ ဆန်စက်ပိုင်ရှင် ဦးကိုကိုနိုင်တို့အား ဆုများကိုပေးအပ်ချီးမြှင့်သည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဒုတိယသမ္မတများ ဂုဏ်ထူးဆောင်လက်မှတ်ရရှိသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

ဆက်လက်၍ နိုင်ငံတော်သမ္မတ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်းဆုံး စံပြကျေးရွာဆုရ မွန်ပြည်နယ် ရေးမြို့နယ်မှ အစင်ကျေးရွာ၊ စိုက်ပျိုးထုတ်လုပ်မှုထူးချွန်တောင်သူ လယ်သမားဆုရ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်မှ ဦးကျော်ဇော၊ မွေးမြူထုတ်လုပ်မှု ထူးချွန်လူပုဂ္ဂိုလ်ဆုရ ကချင်ပြည်နယ် မြစ်ကြီးနားမြို့မှ ရွှေမြင့်မိုရ်မွေးမြူရေးလုပ်ငန်းပိုင်ရှင် ဒေါက်တာမိုးစည်သူ၊ မွေးမြူထုတ်လုပ်မှု ထူးချွန်လုပ်ငန်းရှင် ဆုရ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်မှ တက်ချောင်မွေးမြူရေးလုပ်ငန်းပိုင်ရှင် အဖွဲ့ဆုရ ကချင်ပြည်နယ်မှ ထူးဖောင်ဒေးရှင်း၊ အများပြည်သူ ဘေးအန္တရာယ်ကျရောက်မှုအား သက်စွန့်ကြိုးပမ်းကယ်တင် စွမ်းဆောင်သူဆုရ စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့မှ ဦးခင်ဦး၊ နိုင်ငံ့ဂုဏ်ဆောင် အားကစားစွမ်းဆောင်ရည်ဆု(တစ်ဦးချင်း)ဆုရ ရန်ကုန်တိုင်းဒေသကြီးမှ ဝူရှူးအားကစားသမား ဦးဝေဖြိုးအောင်၊ နိုင်ငံ့ဂုဏ်ဆောင် အားကစား စွမ်းဆောင်ရည်ဆု (အသင်းအဖွဲ့အလိုက်)ဆုရ ရန်ကုန်တိုင်းဒေသကြီးမှ လှေလှော်အဖွဲ့ချုပ်၊ အကျိုးအမြတ်မယူသော ထူးချွန်စီးပွားရေးအသင်းအဖွဲ့ဆုရ ရန်ကုန်တိုင်းဒေသကြီးမှ မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်း၊ အကျိုးအမြတ်ရယူသော ထူးချွန်စီးပွားရေးအသင်းအဖွဲ့ဆုရ မန္တလေးတိုင်းဒေသကြီးမှ သမဝါယမအသင်းစု၊ ပို့ကုန်ထူးချွန်လုပ်ငန်းရှင်ဆုရ ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ်မှ ဦးအုန်းဆိုင်၊ တန်ဖိုးမြှင့်ထုတ်ကုန်ထူးချွန် ထုတ်လုပ်ရောင်းချနိုင်သည့် စီးပွားရေးလုပ်ငန်းရှင်ဆုရ ရှမ်းပြည်နယ် ဟဲဟိုးမြို့နယ်မှ Myanmar Belle Co.,Ltd. ပိုင်ရှင် ဦးရဲမြင့်အောင်၊ နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာတာဝန် ထူးချွန်ထမ်းဆောင်သည့် လုပ်ငန်းရှင်ဆုရ ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်မှ ရွှေတောင်ဖွံ့ဖြိုးတိုးတက်မှု ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးအောင်ဇော်နိုင်၊ ထုတ်လုပ်ရောင်းချမှုထူးချွန် အသေးစားစီးပွားရေးလုပ်ငန်းရှင်ဆုရ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် အောင်နိုင်သူ သံရည်ကျိုလုပ်ငန်းရှင် ဒေါက်တာသိန်းစိန်၊ ရေထွက်ပစ္စည်း မွေးမြူထုတ်လုပ်မှု ထူးချွန်လုပ်ငန်းရှင်ဆုရ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့မှ United Myeik Co., Ltd. ဥက္ကဋ္ဌ ဦးခင်မောင်ကျော်၊ နိုင်ငံတော်နှင့် ပြည်သူတို့၏ လူမှုရေးအကျိုးပြုမှု အကောင်းဆုံး လူမှုရေးအသင်း...

...သမ္မတ၏ အထူးဂုဏ်ထူးဆောင်ဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ ဇီဝိတဒါန သံဃာ့ဆေးရုံကြီးနှင့် ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးအောင်ကိုဝင်းတို့အား ဆုများကို အသီးသီးပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်သမ္မတက စွမ်းဆောင်ရည်ဆုများရရှိကြသော အထူးဂုဏ်ထူးဆောင်ဆု ရရှိသည့် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးနှင့် ဦးအောင်ကိုဝင်းတို့၏ စွမ်းဆောင်ရည် ပြကွက်များကို ပြသသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က နိုင်ငံတော်သမ္မတ၏ စွမ်းဆောင်ရည်ဆု ရရှိကြသော ဖွံ့ဖြိုးတိုးတက်မှု အကောင်းဆုံးမြို့နယ်ဆုရ ရှမ်းပြည်နယ်မှ တောင်ကြီးမြို့နယ်၊ ဒေါက်တာသိန်းစိန်၊ ရေထွက်ပစ္စည်း မွေးမြူထုတ်လုပ်မှု ထူးချွန်လုပ်ငန်းရှင်ဆုရ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့မှ United Myeik Co., Ltd. ဥက္ကဋ္ဌ ဦးခင်မောင်ကျော်၊ နိုင်ငံတော်နှင့် ပြည်သူတို့၏ လူမှုရေးအကျိုးပြုမှု အကောင်းဆုံး လူမှုရေးအသင်း မယူသော ထူးချွန်စီးပွားရေးအသင်းအဖွဲ့ဆုရ ရန်ကုန်တိုင်းဒေသကြီးမှ မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်း၊ အကျိုးအမြတ်ရယူသော ထူးချွန်စီးပွားရေးအသင်းအဖွဲ့ဆုရ မန္တလေးတိုင်းဒေသကြီးမှ သမဝါယမအသင်းစု၊ ပို့ကုန်ထူးချွန်လုပ်ငန်းရှင် ဦးအောင်ဆန်း၊ ထုတ်လုပ်ရောင်းချမှု ထူးချွန်အလတ်စားစီးပွားရေးလုပ်ငန်းရှင်ဆုရ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာစက်မှုဇုန်မှ Fame ဆေးဝါးထုတ်လုပ်ရေး လုပ်ငန်းရှင် ဒေါက်တာခင်မောင်လွင်တို့အား လည်းကောင်း၊ နိုင်ငံတော်ဘက်စုံပညာ ထူးချွန်လူငယ်များကိုယ်စား အထက(၁) ညောင်လေးပင်မှ တက္ကသိုလ်ဝင်တန်းကျောင်းသား မောင်ဖြိုးဝေလင်း၊ ထူးချွန်ကြက်ခြေနီလူငယ်များကိုယ်စား မော်လမြိုင်ကြက်ခြေနီအသင်းမှ မစန္ဒီထိုက်၊ ကင်းထောက်လူငယ်များကိုယ်စား အထက(၄)အလုံမှ သတ္တမတန်းကျောင်းသူ မမြစန္ဒီစောတို့အား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဘက်စုံထူးချွန်လူငယ်များ၊ ထူးချွန်ကြက်ခြေနီများ၊ ကင်းထောက်လူငယ်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ယင်းနောက် နိုင်ငံတော်သမ္မတအား ဘက်စုံထူးချွန် လူငယ်များကိုယ်စား လားရှိုးမြို့အထက(၁)မှ တက္ကသိုလ်ဝင်တန်းကျောင်းသူ မမေမြတ်နိုးကို၊ ထူးချွန်ကြက်ခြေနီလူငယ်များကိုယ်စား မကွေးတိုင်းဒေသကြီး ကွန်ပျူတာတက္ကသိုလ် ကျောင်းသား မောင်အောင်ချမ်းငြိမ်းနှင့် ကင်းထောက်လူငယ်များကိုယ်စား မကွေးတိုင်းဒေသကြီး အထက(၂)မှ သတ္တမတန်းကျောင်းသား မောင်တိုင်းဝင်းဌေးတို့က အမှတ်တရလက်ဆောင်များ ဂါရဝပြုပြန်လည်ပေးအပ်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ ဒုတိယသမ္မတများသည် နိုင်ငံ့စွမ်းဆောင်ရည်ဆု၊ အထူးဂုဏ်ထူးဆောင်ဆု ရရှိသူများနှင့် လည်းကောင်း၊ ဂုဏ်ထူးဆောင်လက်မှတ်ရရှိသူများနှင့် လည်းကောင်း မှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် အခမ်းအနားသို့တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။ **(သတင်းစဉ်)**

❖ နိုင်ငံတော်သမ္မတမှ

အနုပညာဦးစီးဌာနမှ မြန်မာ့ဆိုင်းအဖွဲ့နှင့် အနုပညာရှင်များနှင့်တွဲဖက်၍ ပြန်ကြားရေးဝန်ကြီးဌာနမှ အနုပညာရှင်များ၊ ပုဂံ၊ အင်းလေးနှင့် ငွေဆောင် အပန်းဖြေစခန်းများမှ ဘက်စုံပညာထူးချွန်လူငယ်များ၊ ထူးချွန်ကြက်ခြေနီလူငယ်များနှင့် ကင်းထောက်လူငယ်များက အဆို၊ အက၊ အငြိမ့်တို့ဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။ **(သတင်းစဉ်)**

တန်ဖိုးရှိလှလူငယ်ဘဝ မူးယစ်ကင်းစင်ကျန်းမာမှ

သမိုင်းအစဉ်အလာကောင်းသည့် မြန်မာ့ကြက်ခြေနီ

ခင်မောင်ဌေး(ပညာရေး)

လူသည်တစ်ဦးတည်းနေထိုင်၍မရပေ။ လူ့အသိုင်းအဝိုင်း၊ လူ့အဖွဲ့အစည်းအတွင်း သင့်တင့်လျောက်ပတ်စွာ ပူးပေါင်းနေထိုင်ကြရသည်။ မိမိနှင့်အတူ အခြားသူများတွင်လည်း လိုအင်များ၊ ဆန္ဒသဘောထားများရှိကြမည်သာဖြစ်သည်။ ယင်းတို့ကို လျစ်လျူရှုထား၍မရ၊ မိမိအတ္တအကျိုးချည်း ရှေ့တန်းတင်ထား၍မရ။ အတ္တအကျိုး၊ ပရအကျိုးကို မျှတစွာခံယူကျင့်သုံးတတ်သည့် စိတ်ထားမျိုး မွေးမြူကြရမည်ဖြစ်သည်။

တစ်ဦးနှင့်တစ်ဦး ရိုင်းပင်းကူညီခြင်း၊ တစ်ဦးဒုက္ခကိုတစ်ဦးက စာနာသနားစိတ်ဖြင့် ဖေးမခြင်း၊ စိတ်သက်သာမှုရရှိစေရန် အားပေးခြင်းတို့သည် လူသားတိုင်း၏ အနိမ့်ဆုံးတာဝန်ဟုပင် ဆိုရပါမည်။ စာရေးသူကျောင်းဆရာဖြစ်စ ၁၉၇၂ ခုနှစ်က ခင်မင်ခဲ့သော မိသားစုတစ်စုရှိသည်။ ယင်းမိသားစုထဲမှ ရယကစာရေးမဖြစ်သူမှာ ကြက်ခြေနီတပ်ဖွဲ့ဝင်တစ်ဦးဖြစ်သည်။ အလုပ်အားလပ်ရက်တိုင်း အရေးပေါ်ကယ်ဆယ်ရေးဆေးသေတ္တာပုံးနှင့် အလုပ်များနေတတ်သူဖြစ်သည်။ သူမသည် ရှေးဦးသူနာပြုစုနည်းကိုလည်း ကောင်းစွာကျွမ်းကျင်ပုံရပါသည်။ သူမနှင့်တွေ့လျှင် ကမ္ဘာ့ကြက်ခြေနီအသင်းကြီး၏ အမြင့်မားဆုံး ဟင်နရီဒူးနန့်ဆုကို ရယူပေးခဲ့သော စိုင်းအောင်လှိုင်မြင့်၊ ဖလောရင့်နိုက်တင်ဂေးဆုရသူနာပြု ဆရာမ ဒေါ်ခင်အုန်းမြင့်နှင့် မာသာထရီဇာတို့အကြောင်း အားရပါးရပြောလေ့ရှိပါသည်။

ထိုအချိန်က စာရေးသူမှာလည်း အားလပ်ရက်များတွင် အရန်မီးသတ်တပ်ဖွဲ့ဝင်တစ်ဦးအဖြစ် ပါဝင်ခဲ့ပါသည်။ စာရေးသူတို့မြို့တွင် တစ်ရက်တည်း မီးနှစ်ကြိမ်လောင်ခဲ့ဖူးသည်။ တစ်နေရာက ဝါစက်၊ တစ်နေရာက မီးရထားဘူတာရုံအနီး မီးရထားစက်ခေါင်း မီးလောင်ခြင်းတို့ဖြစ်သည်။ စာရေးသူကိုယ်တိုင် ပါဝင်ငြိမ်းသတ်ခဲ့ရဖူးပါသည်။

ထိုခေတ်က ကြက်ခြေနီ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များအပြင် လမ်းစဉ်လူငယ်များလည်း ရှိပါသည်။ အခမ်းအနားများ၊ လူထုအစည်းအဝေးများတွင် လူငယ်များစုစည်းကာ ပါဝင်ဆောင်ရွက်ခဲ့ကြသည်ကို သတိရမိသည်။

မြန်မာနိုင်ငံသည် လွတ်လပ်ရေးမရမီ ၁၉၃၇ ခုနှစ်ကပင် ကြက်ခြေနီအသင်းဖွဲ့စည်းထားရှိပါသည်။ လွတ်လပ်ရေးရပြီးနောက် ကုလသမဂ္ဂတွင် အသင်းဝင်နိုင်ငံဖြစ်ခဲ့သည်။ ပဲရစ်မြို့ရှိ အသင်းချုပ်ကြီးနှင့်လည်းကောင်း၊ ဂျီနီဗာရှိ အပြည်ပြည်ဆိုင်ရာကော်မတီနှင့်လည်းကောင်း ဆက်သွယ်ကာ မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် ထူးထူးခြားခြား ပါဝင်စွမ်းဆောင်နိုင်ခဲ့ပါသည်။

မြန်မာနိုင်ငံတွင် ထူးချွန်ကြက်ခြေနီလူငယ်များ တွေ့ဆုံပွဲကို ၁၉၇၁ ခုနှစ်မှ စတင်ကာပြုလုပ်ပေးခဲ့သည်။ ယခုနှစ် ထူးချွန်ကြက်ခြေနီလူငယ်များတွေ့ဆုံပွဲတွင် အသက် (၂၁) နှစ်အောက် လူငယ်များဖြစ်ပြီး ဧပြီ ၂၄ ရက်နေ့ နံနက်ပိုင်းက စခန်းဖွင့်ပွဲကျင်းပခဲ့ကြောင်း သိရသည်။ ယင်း၏ ရည်ရွယ်ချက်မှာ

- ကြက်ခြေနီစေတနာ့ဝန်ဆောင်မှုလုပ်ငန်းများကို ထူးချွန်စွာ ဆောင်ရွက်ခဲ့ကြသော ကြက်ခြေနီထူးချွန်မောင်မယ်များကို မှတ်တမ်းတင်ချီးကျူးဂုဏ်ပြုရန်
- အနာဂတ်တွင်ဦးဆောင်မည့် လူငယ်များအား ကြက်ခြေနီလူမှုကရုဏာလုပ်ငန်းများတွင် ပိုမိုဦးဆောင်ပါဝင်လာစေရန် ဖြစ်သည်။

စင်စစ် ကြက်ခြေနီလုပ်ငန်းသည် စေတနာ့ဝန်ဆောင်မှုလုပ်ငန်းသက်သက်ဖြစ်ပါသည်။ ကိုယ်ရောစိတ်ပါ မိမိကိုယ်တိုင်စွမ်းစွမ်းတမံ ဆောင်ရွက်လိုမှဖြစ်ပါသည်။မည်သည့်ခေတ်ကာလကိုပင်ကြည့်ကြည့် ကြက်ခြေနီမောင်မယ်တို့သည် သဘာဝဘေးဆိုး၊ ကပ်ဆိုးကြီးများတွင်လည်းကောင်း၊ လူ့ပယောဂကြောင့်ဖြစ်သည့် ဘေးအန္တရာယ်များတွင် လည်းကောင်း၊ လူမှုကရုဏာလုပ်ငန်းများတွင် လည်းကောင်း လူမျိုးဘာသာမခွဲခြားဘဲ ကူညီဆောင်ရွက်ခဲ့ကြသည့် သမိုင်းအစဉ်အလာကောင်းရှိသူများ ဖြစ်ကြပါသည်။

စင်စစ် ကြက်ခြေနီလုပ်ငန်းသည် စေတနာ့ဝန်ဆောင်မှုလုပ်ငန်းသက်သက် ဖြစ်ပါသည်။ ကိုယ်ရောစိတ်ပါ မိမိကိုယ်တိုင်စွမ်းစွမ်းတမံ ဆောင်ရွက်လိုမှ ဖြစ်ပါသည်။ မည်သည့်ခေတ်ကာလကိုပင်ကြည့်ကြည့် ကြက်ခြေနီမောင်မယ်တို့သည် သဘာဝဘေးဆိုး၊ ကပ်ဆိုးကြီးများတွင်လည်းကောင်း၊ လူ့ပယောဂကြောင့်ဖြစ်သည့် ဘေးအန္တရာယ်များတွင်လည်းကောင်း၊ လူမှုကရုဏာလုပ်ငန်းများတွင်လည်းကောင်း လူမျိုးဘာသာမခွဲခြားဘဲ ကူညီဆောင်ရွက်ခဲ့ကြသည့် သမိုင်းအစဉ်အလာကောင်းရှိသူများ ဖြစ်ကြပါသည်။

အထူးသဖြင့် ကြက်ခြေနီမောင်မယ်အများစုတို့သည် လူငယ်လူရွယ်များဖြစ်ကြပါသည်။ လူငယ်များပီပီ နိုးကြားတက်ကြွစွာဖြင့် လူထုအကျိုးပြုလုပ်ငန်းများ၊ လူမှုကရုဏာလုပ်ငန်းများတွင် ပါဝင်စွမ်းဆောင်နိုင်သူများဖြစ်ကြပါသည်။ ယင်းလူငယ်များ၏ စွန့်လွှတ်အနစ်နာခံလိုစိတ်၊ စာနာရိုင်းပင်းကူညီလိုသည့်စိတ်၊ အပင်ပန်းခံဆောင်ရွက်လိုသည့် စိတ်စေတနာများမှာ ယင်းလူငယ်များတွင်သာ တွေ့ရသည့် စိတ်သတ္တိများပင်ဖြစ်သည်။

ကြက်ခြေနီအဖွဲ့ကြီး ပေါ်ပေါက်လာပုံမှာလည်း ထူးခြားလှပါသည်။ လွန်ခဲ့သောနှစ်ပေါင်း ၁၅၅ နှစ်ခန့်က ခရစ်သက္ကရာဇ် ၁၈၅၉။ ထိုနှစ်သည် သမိုင်းဝင် "ဆော်ဖာရီးနိုး"တိုက်ပွဲဖြစ်သော နှစ်ဖြစ်သည်။ ယင်းတိုက်ပွဲအပြီးတွင် လူသေကောင်များ၊ သွေးသံရဲရဲကြားတွင် မသေမရှင်ဖြစ်နေသူများ၊ ညည်းညူအော်ဟစ်နေသူများ၊ မီးခိုးလုံးများဖြင့် မွန်းကျပ်နေသူများ စသဖြင့် အနိဋ္ဌာရုံမြင်ကွင်းများသည် သွေးပျက်ဖွယ်အတိ ကောင်းလှပါသည်။ ထိုမြင်ကွင်းကို ဆွစ်ဇာလန်နိုင်ငံသား ဟင်နရီဒူးနန့်က ကိုယ်တိုင်မြင်ရကာ စိတ်နှလုံးချောက်ချားစွာ ခံစားခဲ့ရသည်။ ထိုလူနာများ၊ ဘေးဒုက္ခရောက်နေသူများကို အနီးအနားရှိ ရွာသားများနှင့် မိမိကိုယ်တိုင် ပြုစုစောင့်ရှောက်ပေးခဲ့ရသည်။

ဤမြင်ကွင်းအား ဟင်နရီဒူးနန့်သည် မိမိစိတ်အာရုံတွင် မဖျောက်နိုင်ဘဲ ကမ္ဘာ့နိုင်ငံအကြီးအကဲများအား စစ်ပွဲများတွင် ဒဏ်ရာရသူ၊ ဒုက္ခတွေ့နေသူများအား ရှေးဦးပြုစုပေးမည့် အသင်းအဖွဲ့များထူထောင်ရန် "ဆော်ဖာရီးနိုးအတွေ့အကြုံ" ခေါင်းစဉ်ဖြင့် စာအုပ်တစ်အုပ်ရေးခဲ့ကြောင်း သိရသည်။ နိုင်ငံခေါင်းဆောင်များက ယင်းအကြံပြုချက်ကို ဝမ်းမြောက်ဝမ်းသာလက်ခံကာ ယင်းလုပ်ငန်းကို အကောင်အထည်ဖော်ရန် အသင်းကြီးတစ်သင်းဖွဲ့စည်းဖို့ နည်းလမ်းရှာခဲ့ကြသည်။ ၁၈၆၀ ပြည့်နှစ် ဩဂုတ်လ ၈ ရက်နေ့တွင် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ အစည်းအဝေးတစ်ခုတွင် လူမှုရေးအဖွဲ့ကြီးတစ်ခု ဖွဲ့စည်းတည်ထောင်ခဲ့ကြသည်။ ယင်းအဖွဲ့ကြီးကို ကြက်ခြေနီအဖွဲ့ကြီး (Red Cross) ဟုခေါ်တွင်ကာ ယင်းအဖွဲ့ချုပ်မှာ ဂျီနီဗာမြို့တွင် တည်ရှိသည်။

ထိုအဖွဲ့ကြီးသည် လူမှုရေးအဖွဲ့သက်သက်ဖြစ်နေ၍ တစ်ကမ္ဘာလုံးက သိရှိပြီး ယင်းအဖွဲ့ကြီး၏ လုပ်ငန်းများတွင် ပါဝင်လာစေရန် ရည်ရွယ်၍ အထိမ်းအမှတ်နေ့တစ်နေ့ သတ်မှတ်ရန် လိုအပ်သဖြင့် ဟင်နရီဒူးနန့် မွေးဖွားရက်ဖြစ်သည့် မေလ ၈ ရက်နေ့ကို ဂုဏ်ပြုသောအားဖြင့် ထိုနေ့သည် ကမ္ဘာ့ကြက်ခြေနီနေ့အဖြစ် ပေါ်ထွန်းလာခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် ကမ္ဘာ့ကြက်ခြေနီအဖွဲ့ကြီးသည် သမိုင်းနှင့်ချီ၍ မော်ကွန်းတင်နိုင်ခဲ့သော အဖွဲ့ကြီးဖြစ်သည်။ ထိုအဖွဲ့ကြီးတွင်ပါဝင်သော လူသားအပေါင်းတို့သည် မွန်မြတ်သောစိတ်ထားထူးကဲကြသူများဖြစ်ကြပါသည်။ မြန်မာနိုင်ငံသည်လည်း ဟင်နရီဒူးနန့်ဘွဲ့ရသည်အထိ သမိုင်းအစဉ်အလာကောင်းခဲ့ကြသူများဖြစ်ပါသည်။ လူမှုအကျိုးပြုလုပ်ငန်းများတွင် မိမိတို့၏ စိတ်စေတနာကောင်းများဖြင့် ယခုထက် စွမ်းစွမ်းတမံ ပိုမိုဆောင်ရွက်နိုင်ခြင်းဖြင့် နိုင်ငံ၏အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်သွားကြလိမ့်မည်ဟု မျှော်လင့်မိပါသည်။ ။

ကမ္ဘာ့ကြက်ခြေနီနေ့

၂၀၁၄ ခုနှစ်၊ မေလ ၈ ရက်

World Red Cross Day

8th,May,2014

" My Red Cross Story"

"ကျွန်ုပ်ယုံကြည် ကြက်ခြေနီ"

မြန်မာနိုင်ငံကြက်ခြေနီအသင်း

လယ်ဧက ၂၀၀၀ ကျော် မိုးစပါးစိုက်ပျိုးရေဖူလုံစွာ ရေပေးသွင်းနိုင်မည့် လယ်ဇင်ရေလွှဲဆည်ဖွင့်လှစ်

အင်းတော် မေ ၃

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မဲဇာကျေးရွာအုပ်စု လယ်ဇင်ကျေးရွာ လယ်ဇင်ရေလွှဲဆည်ဖွင့်ပွဲ အခမ်းအနားကို မေ ၂ရက် နံနက် ၁၁ နာရီက ကျင်းပသည်။

အဆိုပါ ရေလွှဲဆည်ကို နိုင်ငံတော်မှ ထောက်ပံ့ငွေကျပ် သိန်း ၆၀ အပါအဝင် ကျပ်သိန်း ၂၀၀ ကျော် အကုန်အကျခံတည်ဆောက်ခဲ့ပြီး ရေလွှဲဆည် တည်ဆောက်သည့်အတွက် လယ်ဇင်၊ မဲဇာကွင်းများရှိ လယ်ဧကပေါင်း ၂၀၀၀ ကျော် မိုးစပါးစိုက်ပျိုးရေ ဖူလုံစွာ ရေပေးသွင်းနိုင်မည်ဖြစ်ကြောင်း သိရသည်။

အင်းတော်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်နိုင်ဌေး၊ မြို့နယ်ဖွံ့ဖြိုးရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးတင်လှိုင်၊ မဲဇာကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးလှိုင်မင်း၊ ဆည်တည်ဆောက်ရေး ကော်မတီ ဦးဝင်းရွှေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ကိုမင်း(အင်းတော်)

သင်တန်းတက်ရောက်ရန် ထွက်ခွာ

ရန်ကုန် မေ ၃

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနနှင့် အိန္ဒိယအစိုးရတို့ ပူးပေါင်း၍ မြန်မာနိုင်ငံတွင် IT နည်းပညာဖွံ့ဖြိုးတိုးတက်စေရန်နှင့် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာစေရန်အတွက် အိန္ဒိယအစိုးရ၏ ပံ့ပိုးကူညီမှုဖြင့် အိန္ဒိယနိုင်ငံရှိ International Institute of Information Technology, Bangalore (IIITB) သို့ ဘွဲ့လွန်ဒီပလိုမာတက်ရောက်ရန်အတွက် ကွန်ပျူတာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်တို့မှ ဘွဲ့ရသင်တန်းသား သင်တန်းသူ ၂၅ ဦးနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ ဆရာမ ငါးဦးတို့သည် မေ ၂ ရက် ညနေ ၃ နာရီ ၄၅ မိနစ်က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှတစ်ဆင့် အိန္ဒိယနိုင်ငံသို့ ထွက်ခွာသွားသည်။

အဆိုပါသင်တန်းသို့ တက်ရောက်ရန်အတွက် ကွန်ပျူတာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်များမှ IT ပညာနှင့်ပတ်သက်သည့် ဘွဲ့ရကျောင်းသားကျောင်းသူများအား ဝင်ခွင့်စာမေးပွဲဖြေဆိုရန် သတင်းစာများမှခေါ်ယူခဲ့ပြီး အွန်လိုင်းမှ စာမေးပွဲဖြေဆိုအောင်မြင်သူများကို ရွေးချယ်စေလွှတ်ခဲ့ကြောင်း သိရသည်။ သင်တန်းကာလမှာ အိန္ဒိယနိုင်ငံရှိ International Institute of Information Technology, Bangalore (IIITB) တွင် ခြောက်လနှင့် မန္တလေးနည်းပညာတက္ကသိုလ်တွင် သုံးလသင်တန်း တက်ရောက်ရမည်ဖြစ်ပြီး သင်တန်းပြီးဆုံးပါက ဘွဲ့လွန်ဒီပလိုမာ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

(သီသီမင်း)

မြန်မာသတင်းစာဆရာများ သတင်းမီဒီယာကျင့်ဝတ် အတည်ပြုထုတ်ပြန်ခြင်းအခမ်းအနားကျင်းပ

ရန်ကုန် မေ ၃

မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)နှင့် နိုင်ငံတကာ မီဒီယာပံ့ပိုးရေးအဖွဲ့တို့ ပူးပေါင်းစီစဉ်သော မြန်မာသတင်းစာဆရာများ သတင်းမီဒီယာကျင့်ဝတ် အတည်ပြုထုတ်ပြန်ခြင်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ် မင်းတုန်းခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ စာနယ်ဇင်းကောင်စီ(ယာယီ) ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်လေး (ဖိုးသောကြာ-ခေတ်မှီး) နှင့်ကောင်စီဝင်များ၊ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံသတင်းစာဆရာအသင်း၊မြန်မာနိုင်ငံစာနယ်ဇင်းကွန်ရက်၊ မြန်မာနိုင်ငံ စာနယ်ဇင်းသမဂ္ဂမှ အမှုဆောင်များနှင့်အသင်းဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ကျင့်ဝတ် ဆွေးနွေးပွဲကိုယ်စားလှယ်များ၊ စာနယ်ဇင်းသမားများ စုံညီစွာတက်ရောက်ကြသည်။**(အပေါ်ယာပုံ)**

အခမ်းအနားတွင် ပထမပိုင်းသဘာပတိအဖြစ် ကောင်စီဝင် ဦးသီဟစောက ဆောင်ရွက်ပြီး ကောင်စီဝင်များဖြစ်ကြသည့် ဦးဇော်သက်ထွေးက သတင်းမီဒီယာကျင့်ဝတ်ဖြစ်ပေါ်လာရန် ကြိုးပမ်းဆောင်ရွက်ခဲ့မှုများကိုလည်းကောင်း၊ ဥပဒေနှင့် ဒီမိုကရေစီ ဗဟိုဌာနမှ အမှုဆောင်ဒါရိုက်တာ မစ္စတာ တိုဘီမန်ဒဲလ်က ပြည်တွင်း အကြံပြုချက်များကို နိုင်ငံတကာစံနှင့်နှိုင်းယှဉ်ပြချက်များကိုလည်းကောင်း၊ ကောင်စီဝင် ဦးကိုကိုက သတင်းမီဒီယာဥပဒေနှင့် သတင်းမီဒီယာကျင့်ဝတ် အပြန်အလှန်ဆက်စပ်ပုံကိုလည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ဒုတိယပိုင်းအစီအစဉ်တွင် သဘာပတိအဖြစ် ကောင်စီဝင် ဦးအောင်လှထွန်းက ဆောင်ရွက်ပြီး နိုင်ငံတကာ သတင်းစာဆရာ လာရီဂျက်ဂင်က နိုင်ငံတကာ သတင်းနှင့် ကျင့်ဝတ်အတွေ့အကြုံများကို လည်းကောင်း၊ ကောင်စီအတွင်းရေးမှူး ဦးကျော်မင်းဆွေက မြန်မာ့သတင်းလောကတွင် ကိုယ်တိုင်ထိန်းကျောင်း၊ ဆောင်ရွက်ခြင်း အခန်းကဏ္ဍကိုလည်းကောင်း ဆွေးနွေးတင်ပြကြသည်။

တတိယပိုင်းအစီအစဉ်တွင်ကောင်စီဝင် ဦးမြင့်ကျော်က သတင်းမီဒီယာကျင့်ဝတ်သိရှိလိုက်နာရေးကို တက်ရောက်လာသူများနှင့် အမြင်ချင်းဖလှယ်ဆွေးနွေးသည်။

ထို့နောက် သတင်းမီဒီယာအဖွဲ့အစည်းများဖြစ်ကြသော မြန်မာနိုင်ငံသတင်းစာဆရာအသင်း ဒုတိယဥက္ကဋ္ဌ ဦးမြတ်ခိုင်၊ မြန်မာနိုင်ငံစာနယ်ဇင်းကွန်ရက်အတွင်းရေးမှူး ဦးမြင့်ကျော်၊ မြန်မာနိုင်ငံစာနယ်ဇင်းသမဂ္ဂ အမှုဆောင် ဦးချစ်ဝင်းမောင်တို့က ကျင့်ဝတ်နှင့်ပတ်သက်ပြီး ဆွေးနွေးပြောကြားကြပြီးနောက် မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)က အတည်ပြုလိုက်သော သတင်းမီဒီယာကျင့်ဝတ်များကို လိုက်နာဆောင်ရွက်ရန် ပူးတွဲလက်မှတ်ရေးထိုးခဲ့ကြသည်။

ထို့နောက် ဒုတိယဥက္ကဋ္ဌဦးခင်မောင်လေးက နိဂုံးချုပ်အမှာစကားပြောကြားပြီး တက်ရောက်လာသူများက သတင်းမီဒီယာကျင့်ဝတ်လိုက်နာဆောင်ရွက်မည့်အကြောင်း ဗီနိုင်းများတွင်လက်မှတ်ရေးထိုးကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယနေ့အတည်ပြုလိုက်သော သတင်းမီဒီယာကျင့်ဝတ်မှာ မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ (ယာယီ) နှင့် မြို့ပေါင်းရှစ်မြို့တွင်ပြုလုပ်သော ကျင့်ဝတ်ဆွေးနွေးပွဲများသို့ တက်ရောက်လာသည့် သတင်းမီဒီယာသမား ၄၂၀ ကျော်တို့ ဆွေးနွေးရေးဆွဲခဲ့ကြခြင်းဖြစ်သည်။ **(သတင်းစဉ်)**

တံတားကြီးအား မြင်နေရပါလျက် တံတားတက်လမ်းရှာမရ

ပဲခူး မေ ၃

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ရှိ ဧရာဝတီမြစ်ကူးနဝဒေးတံတားကြီးမှာ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့သာမက ဧရာဝတီမြစ်အနောက်ခြမ်း ဒေသများအတွက် ထက်၊အောက် ကုန်စည်စီးဆင်းမှုနှင့် မိသားစုအလည်အပတ် ဘုရားစုံဖူး ခရီးစဉ်များအား အချိန်တိုအတွင်း အဆင်ပြေပြေ သွားလာနိုင်သော ဒေသကြီးတစ်ခုလုံးအတွက် အရေးပါလှသည့်တံတားတစ်စင်းဖြစ်သည်။

ရန်ကုန်ဘက်မှ ပြည်မြို့သို့ လာရောက်ကြသော ယာဉ်ငယ်များသည် နဝဒေးတံတားအောက်မှ ဖြတ်ကာ ပြည်မြို့တွင်းသို့ ဝင်ရောက်ကြသည်။ မြို့တွင်းမှ ဘုရားစုံဖူးအလည်အပတ်ခရီးစဉ်ပြီးဆုံး၍ နဝဒေးတံတားကြီးကို ဖြတ်ကာ ငပလီကမ်းခြေ၊ ဇလွန်ပြည်တော်ပြန်ဘုရား စသည်တို့နှင့် အနောက်ခြမ်းရှိ ဘုရားပုထိုးများ ဖူးရန်အတွက်ကား နဝဒေးတံတား**(ဓာတ်ပုံ)**ပေါ်မှ မလွဲမသွေဖြတ်သန်းရသည်။

သို့သော်လည်း တံတားကြီးကို မြင်နေရပါလျက် တံတားလမ်းညွှန်ဆိုင်းဘုတ်များမှာ မြို့အဝင်လမ်းခွဲတွင်လည်းကောင်း၊ မြို့တွင်းအထွက်လမ်းများတွင်လည်းကောင်း ချိတ်ဆွဲစိုက်ထူထားခြင်းမရှိသည့်အတွက် တံတားပေါ်သို့ တက်ရောက်ရန် လမ်းစရှာမရဖြစ်ကာ"ဟိုမေးဒီစမ်း" နှင့်ခရီးသွားလာသူများ စိတ်အနှောင့်အယှက်ဖြစ်ကာ အချိန်ကုန်လူပန်းဖြစ်ကြရသည်။

သို့ပါ၍ ရန်ကုန်ဘက်မှ လာသော ခရီးသွားယာဉ်ငယ်များ မြင်သာစေရေးအတွက် ပြည်မြို့အဝင် မိချောင်းရဲရွာ နဝဒေးတံတားတက်ရန် လမ်းထိပ်နှင့်လည်းကောင်း၊ပြည်မြို့တွင်းမှ နဝဒေးတံတားသို့ တက်ရာလမ်းကြောင်းတိုင်းတွင် တံတားလမ်းညွှန်ဆိုင်းဘုတ်များအား ယာဉ်မောင်းသူများမြင်သာအောင် ချိတ်ဆွဲစိုက်ထူပေးပါမှ တံတားကြီးအား မြင်နေရပါလျက် တံတားတက်လမ်းရှာမရဖြစ်နေသော ယာဉ်မောင်းသူများဒုက္ခ၊ ခရီးကြန့်ကြာမှု ကိစ္စများ ကင်းဝေးသွားမည်ဖြစ်ပေသည်။ **အောင်(ဓာတုဗေဒ)**



သုံးခွတွင် ဘောလုံးပွဲ လောင်းကစားမှု ဖမ်းဆီး

ရန်ကုန် မေ ၃

ရန်ကုန်တောင်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံး ဒုစရိုက်နှိမ်နင်းရေးဌာနမှ ဒုရဲအုပ်နေဝင်းဟန် ဦးစီးသောအဖွဲ့သည် သတင်းအရ ဧပြီ ၂၆ ရက်တွင် သုံးခွမြို့နယ် အမှတ်(၄)ရပ်ကွက် "ဝေလွင်"အမည်ရှိ လက်ဖက်ရည်ဆိုင်သို့ သွားရောက်စစ်ဆေးရာ ဘောလုံးပွဲလောင်းကစားမှုပြုလုပ်သူ (၂)ရပ်ကွက်နေ သိန်းထိုက် အသက်(၄၅)နှစ်အား လောင်းကြေးငွေ ၁၀၀၆၀၀ နှင့်အတူ လောင်းကစားကိရိယာစာရွက်စာတမ်း၊ လက်ကိုင်တယ်လီဖုန်းသုံးလုံးကို သိမ်းဆည်းရမိခဲ့သဖြင့် သုံးခွရဲစခန်းကအရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ **(မြဝ)**

ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးလှသိန်း၊၁၂/ဒပန(နိုင်)၀၅၆၈၈၉၂၏ ISP IDV8 14-15 1475 08/04/14 ကားပါမစ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဆက်သွယ်ပေးပါရန်။

ဖုန်း-၀၉-၄၂၀၁၀၇၄၁၀



ပြည်တွင်းရေးရာ

❒ ကျောဖုံးမှ

ကျပ် ၁၃၃၄ သိန်းဆုံးရှုံးခဲ့ပြီး ၂၀၁၃ ခုနှစ်၏ လေးလတာကာလအတွင်းတွင် ၁၀၅ ကြိမ်ဖြစ်ပွားကာ ကျပ်သိန်းပေါင်း ၁၉၇၀ သိန်းကျော် ဆုံးရှုံးခဲ့ခြင်းကြောင့် လွန်ခဲ့သောနှစ် အလားတူကာလထက် ၁၂ ကြိမ် ပိုမိုလောင်ကျွမ်းခဲ့ခြင်းဖြစ်သည်။

ထိုသို့ ဖြစ်ပွားလာသော မီးလောင်ကျွမ်းမှုများကို သတင်းရလျှင်ရချင်း အနီးဆုံး မီးသတ်စခန်းမှနေ၍ စက္ကန့် ၃၀ မှ အလွန်ဆုံး ၁ မိနစ်အတွင်း မီးငြိမ်းသတ်ယာဉ်များရောက်ရှိစေရန် မီးသတ်ယာဉ်များအသင့်စီစဉ်ဆောင်ရွက်ရေးကို မီးသတ်တပ်ဖွဲ့ဝင်များ၏ အရည်အသွေးစွမ်းဆောင်ရည်မြင့်မားတိုးတက်စေရန်အတွက်လည်း လေ့ကျင့်မှုများ လုပ်ဆောင်ရသလို ယခင်ခေတ်နှင့်မတူတော့သည့် ခေတ်မီမီးသတ်တပ်ဖွဲ့ဖြစ်စေရန် ဆောင်ရွက်ရကြောင်း သိရသည်။

"သတင်းရချိန်ကစပြီး ဆုံးရှုံးမှုတန်ဖိုး အနည်းဆုံးဖြစ်အောင် လုပ်နေတာဖြစ်ပါတယ်။ အဓိက ဆုံးရှုံးမှုများပြားစေတဲ့ဟာတွေက သတင်းပေးတာနောက်ကျတာတွေကြောင့် ဆုံးရှုံးတာလည်းတွေ့ရတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ မီးသတ်အရာရှိတစ်ဦးက ရှင်းပြသည်။

မီးလောင်ကျွမ်းသော နေရာသို့ မီးသတ်ယာဉ်များက အမြန်ဆုံးရောက်လာကြသော်လည်း မီးလောင်ရာအနီးတစ်ဝိုက်တွင် မီးဘေးအန္တရာယ်မှ လွတ်ကင်းရန် ပြောင်းရွှေ့ပြေးလွှားသူများကို ရှောင်ကွင်းမောင်းနှင်ရခြင်း၊ မီးလောင်ရာသို့ ညွှန်ပြကူညီကြသော်လည်း အနီးဆုံးရောက်မည့်နေရာသို့ မညွှန်ဘဲ ၎င်းတို့၏ နေအိမ်အဆောက်အအုံကို အကာအကွယ်ဖြစ်စေမည့် နေရာမျိုးမှ ညွှန်ပြကြခြင်းများကြောင့် မီးနှင့်အနီးဆုံးရောက်ရန် ပိုက်လိုင်များ ဆက်ရသည့်အတွက် မလိုလားအပ်ဘဲ အချိန်ကြန့်ကြာခြင်းတို့ ဖြစ်ပွားတတ်ခြင်းဖြစ်သည်။

"လမ်းမှန်ကမ်းမှန်နဲ့ အနီးဆုံးလမ်းကို ညွှန်ပေးဖို့ရယ်၊ ရေရရှိရေးအတွက် အထောက်အပံ့ဖြစ်နိုင်မယ်ဆိုရင် ဆုံးရှုံးမှုတန်ဖိုးမကြီးမားနိုင်ဘူး" ဟုအထက်ပါပုဂ္ဂိုလ်ကဆိုသည်။ ယခုရက်ပိုင်းအတွင်း ကားမီးလောင်သောဖြစ်စဉ်များလည်း ဖြစ်ပွားနေလျက်ရှိပြီး ယင်းဖြစ်စဉ်များတွင် ဆုံးရှုံးမှုမကြုံစေရန်အတွက် ကားတိုင်းတွင် ရှေးဦးမီးငြိမ်းသတ်မှုများ လုပ်ဆောင်နိုင်မည့် မီးသတ်ပစ္စည်းကိရိယာများဖြစ်သော မီးသတ်ဆေးဘူးများ မရှိခြင်း၊ ထားရှိသည့် မီးသတ်ဆေးဘူးများကို ငြိမ်းသတ်အသုံးပြုရန်လည်း လိုအပ်ကြောင်း သိရသည်။

ကားမီးလောင်မှုဖြစ်စဉ်များနှင့်ပတ်သက်၍ဧပြီ ၂၅ ရက်မှ စတင်ကာ ရန်ကုန်-မန္တလေးလမ်း အသုံးပြုခကောက်ခံရေးဇရိယာ Toll ဂိတ်တွင် မီးသတ်တပ်ဖွဲ့ဝင်များသည် ရဲတပ်ဖွဲ့ဝင်များနှင့်အတူ တာဝန်ထမ်းဆောင်ကာ စစ်ဆေးပညာပေးမှုများကို လုပ်ဆောင်နေလျက်ရှိသည်။ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ ဌာနချုပ်၏ကွပ်ကဲမှု၊ ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာန၏ အနီးကပ်ကွပ်ကဲလမ်းညွှန်မှုတို့ဖြင့် Toll ဂိတ်တွင် တာဝန်ထမ်းဆောင်နေသော မီးသတ်ဒုတိယဦးစီးမှူးတစ်ဦးမှ ဦးဆောင်သည့်အဖွဲ့ဝင် ငါးဦးတို့က ကားများတွင် မီးသတ်ဆေးဘူးထားခြင်း ရှိ/မရှိကိုလည်းကောင်း၊ ကားပေါ်တွင် ဆောင်ထားသော မီးသတ်ဆေးဘူးမှာ ငြိမ်းသတ်လုပ်ဆောင်နိုင်စွမ်း ရှိ/မရှိကိုလည်းကောင်း၊ မီးသတ်ဆေးဘူးဆောင်ထားခြင်းမရှိပါက မီးလောင်ကျွမ်းမှုဖြစ်ပွားကာ ပျက်စီးဆုံးရှုံးမှုပိုစေတတ်ကြောင်းကို ပညာပေးခြင်းတို့ဖြင့် လုပ်ဆောင်နေလျက်ရှိသည်။

မြို့ပြများတွင် ဖြစ်ပွားသော မီးလောင်ကျွမ်းမှုများတွင် လျှပ်စစ်ဝါယာရှော့ခ်မှာ သတိပြုရမည့်ဖြစ်စဉ်တစ်ခုလည်း ဖြစ်ကြောင်းသိရသည်။ မြို့ပြလူနေမှုစနစ်ဖွံ့ဖြိုးလာသည်နှင့်အမျှ လျှပ်စစ်သုံးစွဲမှုလည်းပိုလာကာ နေအိမ်အဆောက်အအုံများတွင် ဇိမ်ခံပစ္စည်းများသာမက လျှပ်စစ်ဓာတ်အားကို အသုံးပြု၍ စီးပွားရေးလုပ်ငန်းများလည်း လုပ်ဆောင်ကြခြင်းဖြစ်သည်။

ထိုသို့တွင်တွင်ကျယ်ကျယ်သုံးစွဲကြသော်လည်း အသုံးပြုသောသူ အများစုမှာ မိမိအသုံးပြုသောလျှပ်စစ်ပစ္စည်း၏ ခံနိုင်ဝန်ကိုသိရှိသူနည်းခြင်းဖြစ်သည်။ ဈေးနှုန်းသာကြည့်၍ အာမခံချက်မရှိသော လျှပ်စစ်ပစ္စည်းများကိုဝယ်ယူခြင်း၊ ခံနိုင်ဝန်ထက်ပိုသုံးခြင်း၊ လျှပ်စစ်ဝန်ထမ်းကဲ့သို့သော ကျွမ်းကျင်နားလည်သူကို အကူအညီမတောင်းဘဲ အလျဉ်းသင့်သလို အနည်းအကျဉ်းသာ လုပ်ဆောင်တတ်သူကို ခေါ်ယူ၍ လုပ်ဆောင်ခြင်းတို့ကြောင့်လည်း မီးလောင်မှုများ ဖြစ်ပွားစေရန် အခြေအနေပေးသလိုဖြစ်စေကြောင်း သိရသည်။

"ယာယီကြိုးသွယ်တန်းတာမျိုး လုံးဝမလုပ်သင့်ဘူး။ လျှပ်စစ်မီးနဲ့ပတ်သက်ပြီးတော့ လုပ်စရာရှိရင် ကျွမ်းကျင်တဲ့ လျှပ်စစ်ဝန်ထမ်းတွေကို ဆက်သွယ်အကူညီတောင်းပြီး လုပ်ဆောင်တဲ့အခါ လျှပ်စစ်ကြောင့်ဖြစ်တဲ့ မီးလောင်မှုဖြစ်စဉ်များမှ ကင်းဝေးစေမှာဖြစ်ပါတယ်"ဟု မီးသတ်အရာရှိတစ်ဦးက အကြံပြုပြောကြားသည်။

အပေါ်ပလပ်ခုံကို နောက်ထပ်ပလပ်ခုံတစ်ခုစီ သွယ်တန်း၍ မီးပူတိုက်ခြင်း၊ စာအုပ်ပုံပေါ်တွင် ဗွီစီဒီစက်တင်၍ သီချင်းဖွင့်ခြင်း စသည့်လုပ်ရပ်များကြောင့် မီးလောင်မှုများဖြစ်ပွားခဲ့ရခြင်းများရှိခဲ့သည်။

အထပ်မြင့်အဆောက်အအုံများ များပြားလာကာ လူနေမှုစနစ်ဖွံ့ဖြိုးလာခြင်းနှင့်အတူ အထပ်မြင့်များတွင် နေထိုင်သူများအနေဖြင့် အရေးပေါ်လုပ်ဆောင်ရမည့် ဆောင်ရန်၊ ရှောင်ရန်ကဲ့သို့သော အခြေအနေများလည်း သိရှိထားရန် လိုအပ်လှသည်။ ထိုသို့လူနေမှုစနစ် ဖွံ့ဖြိုးတိုးတက်လာခြင်းကြောင့် မီးလောင်မှုဖြစ်ပွားသည့်အခါ ပတ်ဝန်းကျင်သို့ မီးပျံ့နှံ့နိုင်မှုနည်းပါးသော အခြေအနေမျိုးရှိသော်လည်း ယင်းအထပ်မြင့်အဆောက်အအုံများတွင် မီးခိုးအန္တရာယ်ကြောင့် အသက်ဆုံးရှုံးရသော ဖြစ်ရပ်များရှိခဲ့ကြောင်း သိရသည်။

အထပ်မြင့် အဆောက်အအုံများတွင် နေထိုင်သူများသည် မိမိတို့ပစ္စည်းဥစ္စာလုံခြုံရေးအတွက် သံပန်းများကာခြင်း၊ အနောက်ဘက်ရှိ အရေးပေါ်ဆင်းသက်ရန်လှေကားကိုပိတ်၍ ပန်းအိုးများ၊ မီးသွေးအိတ်များထားရှိခြင်း၊ တံခါးသော့ခတ်ထားတို့ကြောင့် မီးလောင်ကျွမ်းမှုကဲ့သို့သော အရေးပေါ်ဖြစ်စဉ်များကြုံလာသည့်အခါ အဆိုပါ ပိတ်ဆို့မှုကြောင့် အရေးပေါ်အသုံးပြု၍မရသော ဖြစ်ရပ်များလည်း အများအပြားရှိခဲ့ကြောင်း သိရသည်။ ထို့ကြောင့် နေအိမ်၊ တိုက်တာအထပ်မြင့်အဆောက်အအုံများတွင် နေထိုင်သူများသည် ဘေးအန္တရာယ်အမျိုးမျိုးကျရောက်လာချိန်တွင် အသက်ဘေးမှ လွတ်မြောက်ရန် အသိပညာများရှိထားရန် လိုအပ်ပြီး မီးသတ်၏အကူအညီဖြင့် အကြံဉာဏ်များ တောင်းခံခြင်း၊ စုဖွဲ့လေ့ကျင့်ခြင်းတို့ဖြင့် ပြင်ဆင်ထားမှုကလည်း အကျိုးရှိစေမည်ဖြစ်သည်။

အထပ်မြင့်အဆောက်အအုံများတည်ဆောက်ရာတွင်လည်း နေထိုင်သူများ လုံခြုံစိတ်ချစွာ နေထိုင်နိုင်မည့် အစီအမံကောင်းများနှင့် ပတ်သက်၍ သုံးထပ်နှင့် အထက်ရှိသော အထပ်မြင့်များကို မည်သို့သော အနေအထားမျိုး ဆောက်သင့်သည်ကို မီးသတ်မှ အကြံပြုညွှန်ကြားနေခြင်းအပေါ် ဆောက်လုပ်ရေးလုပ်ငန်းလုပ်ဆောင်သူများက လိုက်နာကြရန် လိုအပ်ပါသည်။

ဈေးများတွင် ဖြစ်ပွားသော မီးလောင်မှုများမှာလည်း ဆုံးရှုံးမှုပိုစေသော ဖြစ်ရပ်ဖြစ်ပြီး မီးလောင်မှုကို ကျိုတ်၍ငြိမ်းသတ်ပြီး မနိုင်သောအခြေအနေမှသာ မီးသတ်သို့ အကြောင်းကြားခြင်းတို့ကိုလည်း ဆင်ခြင်ရမည်ဖြစ်သည်။ ၂၀၁၂ ခုနှစ်တွင် ဈေးမီးလောင်မှု ရှစ်ကြိမ်၊ ၂၀၁၃ ခုနှစ်တွင် ဈေးမီးလောင်မှု ၁၅ ကြိမ်တို့ဖြစ်ပွားပြီး ပျက်စီးဆုံးရှုံးမှုပိုစေကာ ၂၀၁၄ ခုနှစ်အတွင်းတွင် ဖေဖော်ဝါရီလက တောင်ငူမြို့မဈေးနှင့် ပဲခူး သီရိဥသျှာဈေးတို့ မီးလောင်ကျွမ်းခဲ့သည်။

ဈေးမီးလောင်မှုဖြစ်စဉ်များ လျော့နည်းကျဆင်းစေရန် သီးသန့်မီးသတ်တပ်ဖွဲ့များထား၍ သင်တန်းပေးထားခြင်း၊ ဈေးမပိတ်မီ သတိပေးနှိုးဆော်ခြင်း၊ လုပ်ငန်းသုံးမီးလိုင်းနှင့် လုံခြုံရေးမီးလိုင်းခွဲခြားထားရှိခြင်း၊ ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်ကို ထောင့်လေးထောင့်တွင်ထားရှိ၍ အပေါ့်စားရေစုပ်စက်ထားရှိခြင်း၊ မီတာ ၅၀ အကွာတွင် တစ်ခုနှုန်းဖြင့် မြေတွင်းရေပိုက်ခေါင်း (Fire Hydrant) များထားရှိခြင်း၊ မီးငြိမ်းသတ်ရန် သွယ်တန်းထားသော ပိုက်ကိုလည်း PVC ပိုက်များအစား သံပိုက် (GI ပိုက်)များသုံးစွဲနိုင်ရန် စသည်တို့ကိုလည်းကောင်း၊ အနည်းဆုံး ၁၅ ဦး ဖြင့်ဖွဲ့စည်းမည့် ဈေးမီးသတ်အဖွဲ့ကိုလည်း ၂၄ နာရီတွင် အဆိုင်းသုံးဆိုင်းဖြင့် တာဝန်ချထားခြင်း၊ မြို့နယ်တိုင်းတွင် မြို့နယ်စည်ပင်သာယာအဖွဲ့များ လျှပ်စစ်မီးသတ် စသည့်ဌာနများမှ ပါဝင်သော အဖွဲ့များဖြင့် ဈေးမီးသတ်လုံခြုံရေးအဖွဲ့များကို ဖွဲ့စည်းရန် အကြံပြုထားခြင်းများရှိကြောင်း သိရသည်။

ယခုကာလတွင် မိုးရာသီအတွက် ရေစီးရေလာကောင်းမွန်စေရန် ရေနုတ်မြောင်းများ လုပ်ဆောင်နေသည့် မီးငြိမ်းသတ်မည့် ယာဉ်များ အလွယ်တကူဝင်ထွက်သွားလာနိုင်မည့် အခြေအနေမျိုးဖြစ်စေရန်လည်း ပြင်ဆင်ထားသင့်သည်။ မီးငြိမ်းသတ်ယာဉ်တစ်စီးသည် ဖြက်အကျယ် ခုနစ်ပေမှ ရှစ်ပေကြား၊ အရှည်ပေ ၃၀၊ ၃၅ ပေခန့်ရှိခြင်းတို့ကြောင့်၊ အလွယ်တကူဝင်ထွက်နိုင်စေမည့် အကျယ်အဝန်းရှိရန်ပြင်ဆင်ထားခြင်း၊ မီးငြိမ်းသတ်မည့်ရေ အလွယ်တကူရရှိနိုင်ရန် စီစဉ်ထားခြင်း၊ မီးလောင်မှုဖြစ်ရာနှင့် အနီးဆုံးနေရာသို့ရောက်ရှိရန် လမ်းပြပေးခြင်း၊ မိမိကိုယ်တိုင်လည်း မီးလောင်မှုမဖြစ်ပွားရန် ဂရုပြု၍ ပတ်ဝန်းကျင်တွင်လည်း မဖြစ်ပွားစေရန် ကာကွယ်ခြင်းတို့ဖြင့် မီးလောင်ဆုံးရှုံးမှုဖြစ်ရပ်များမှ လျော့ပါးစေမည်ဖြစ်ပါကြောင်းကို မေလ ၅ ရက်တွင် ကျရောက်မည့် (၆၈) ကြိမ်မြောက် မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုရေးသားလိုက်ရပေသည်။

မျိုးဆက်သစ် လက်ဝှေ့အားကစားသမားများ ပေါ်ထွန်းရေး ရွှေခါးပတ်ဖိတ်ခေါ်ပွဲကျင်းပ

စစ်ကိုင်း မေ ၃

အားကစားဝန်ကြီးဌာန မြန်မာ့ရိုးရာ လက်ဝှေ့အစည်းအရုံး၏ မျိုးဆက်သစ် မြန်မာ့ရိုးရာလက်ဝှေ့ အားကစားသမားများပေါ်ထွန်းရေး အစီအစဉ်အရ "ဇေယျာရွှေမြေ ရွှေခါးပတ်"အထူးစိန်ခေါ်ပွဲ မြန်မာ့ရိုးရာလက်ဝှေ့ယှဉ်ပြိုင်ထိုးသတ်ပွဲကို မေ ၁ ရက် ညနေ ၆ နာရီက စစ်ကိုင်းမြို့ အားကစားခန်းမ၌ ပြုလုပ်သည်။

ထိုးသတ်သည့်တွဲဆိုင်း ၁၃ တွဲမှာ ဇွဲမောင်မောင်(စစ်ကိုင်း)နှင့် သားကြီး(အမရပူ)တို့ သုံးချီယှဉ်ပြိုင် ထိုးသတ်ပွဲမှာ ဇွဲမောင်မောင် အနိုင်ရရှိသည်။ လက်ကောင်မောင်မောင်(မတ္တရာ)နှင့် ကျော်ရဲထွေး(ရွှေမင်းဝံ)တို့ ထိုးသတ်ပွဲတွင် ကျော်ရဲထွေးအနိုင်ရရှိသည်။ အောင်ကျော်ဇော (စစ်ကိုင်း)နှင့် လက်သီးပိုင်ရှင်(မတ္တရာ)တို့ ယှဉ်ပြိုင်ပွဲတွင် အနိုင် အရှုံးမရှိဘဲ ပူးတွဲအနိုင်ရရှိသည်။ ရဲဝင်းကျော် (မြဇမ္ဗူ မန္တလေး)နှင့် ဖြိုးကြီး(အမရပူရ)တို့ ယှဉ်ပြိုင်ပွဲတွင် ရဲဝင်းကျော်အနိုင်ရရှိသည်။

အထူးသုံးချီ စိန်ခေါ်ပွဲတွင် ညီဖိုက်တာ (မိတ္ထီလာ)နှင့် ရန်နိုင် (စစ်ကိုင်း)တို့ ယှဉ်ပြိုင်ပွဲတွင် ညီဖိုက်တာအနိုင်ရရှိသည်။ ရှိုးလေး (မြရတနာ)နှင့် ဇွဲမာန်(မတ္တရာ)တို့ ယှဉ်ပြိုင်ပွဲတွင် ရှိုးလေးအနိုင်ရရှိသည်။ စောလူးမင်း (SKK)နှင့် အောင်ဆန်းဦး (မြဇမ္ဗူ)ယှဉ်ပြိုင်ပွဲတွင် အောင်ဆန်းဦး အနိုင်ရရှိသည်။ ရွှေကျား (မိုးဇာ)နှင့် ဇမ္ဗူအောင် (မြဇမ္ဗူ မန္တလေး)တို့ ယှဉ်ပြိုင်ရာတွင် ရွှေကျားအနိုင်ရရှိသည်။

အထူးစိန်ခေါ်ပွဲ လေးချီပြိုင်ပွဲတွင် မိုးကောင်းကင်(ရန်ကုန်)နှင့် ဇမ္ဗူမောင်(မြဇမ္ဗူ မန္တလေး)တို့ယှဉ်ပြိုင်ပွဲတွင် မိုးကောင်းကင် အနိုင်ရရှိသည်။ မင်းနိုင်ထွန်း(စွမ်းကေကေ မန္တလေး) နှင့် စိုးသေ (မတ္တရာ)တို့ ယှဉ်ပြိုင်ပွဲတွင် မင်းနိုင်ထွန်းအနိုင်ရရှိသည်။ကချင် (မြစ်ကြီးနား)နှင့် ရွှေကရင် (မြဇမ္ဗူ မန္တလေး)တို့ ယှဉ်ပြိုင်ပွဲတွင် ကချင် (မြစ်ကြီးနား) အနိုင်ရရှိသည်။

အထူးငါးချီ စိန်ခေါ်ပွဲတွင် ဒေါင်းညိုလေး (Royal Lipo) ရွှေခါးပတ်နှင့် သူရရဲအောင်(စွမ်းကေကေ) (၃) ထပ်ကွမ်း ရွှေခါးပတ် ချန်ပီယံတို့ ယှဉ်ပြိုင်ထိုးသတ်ကြရာ သူရရဲအောင် အနိုင်ရရှိပြီး ရွှေခါးပတ်ဆုကို ပြိုင်ပွဲဦးစီးကျင်းပသူ(ဦး) စစ်ကိုင်းကျောင်းသားမှ ပေးအပ်ချီးမြှင့်သည်။ အထူးအောင်လံလုပွဲတွင် မိုးဒေဝါ (အမရပူရ) နှင့် ဒိန်(မတ္တရာ)တို့ ယှဉ်ပြိုင်ထိုးသတ်ပွဲတွင် အနိုင်အရှုံးမရှိ သရေပွဲဖြစ်သွားသည်။

မြန်မာ့ရိုးရာလက်ဝှေ့သည်သာမန်အားဖြင့် လက်သီးကို အသုံးပြုပြီး ထိုးသတ်ရသော်လည်း ခြေ၊ လက်၊ ဒူး၊ တံတောင်၊ ဦးခေါင်း၊ ခြေဖျားခတ်၊ လက်ဖျံရိုက် စသည့် စွယ်စုံထိုးသတ်သည်ကို တွေ့မြင်ရသည်။ထို့ကြောင့် လက်သီးမှာ အထိုး၊ တံတောင်မှာ အတွတ်၊ ခေါင်းမှာ အတိုက်၊ ဒူးအရိုက်နှင့် ခြေဖျားကိုစိုက်၊ လက်ဖျံရိုက်ဟု စာချိုးရှိကြောင်း သိရသည်။

ထွေးမြင့်နိုင်(စစ်ကိုင်း)





မိုယက်ထုတ်ပယ်ခံရခြင်းအတွက် ဝမ်းနည်းမိကြောင်း ဖယ်လိုင်နီဖွင့်ဟ

မန်ယူအသင်း၏ ဂန္ထဝင်နည်းပြကြီး ဆာအဲလက်စ်ဖာဂူဆန်အနားယူသွားပြီးနောက် မန်ယူအသင်းနည်းပြအဖြစ် ဒေးဗစ်မိုယက်အား ကိုင်တွယ်စေခဲ့ရာ မန်ယူနည်းပြဘဝကို ၁၀ လကြာ ဖြတ်သန်းစေခဲ့ပြီးနောက် မန်ယူအသင်းတာဝန်ရှိသူများက ဒေးဗစ်မိုယက်အား ထုတ်ပယ်ခဲ့ခြင်းကြောင့် ဝမ်းနည်းမိပါကြောင်း မန်ယူကွင်းလယ်ကစားသမား ဖယ်လိုင်နီက ဖွင့်ဟပြောကြားခဲ့သည်။

အသက်(၂၆)နှစ်အရွယ်ရှိ မန်ယူကွင်းလယ်ကစားသမား ဖယ်လိုင်နီသည် အဲဗာတန်အသင်း၌ နည်းပြဒေးဗစ်မိုယက်၏ လက်ထက်တွင် ကစားခဲ့သူဖြစ်ပြီး ဒေးဗစ်မိုယက် မန်ယူအသင်းနည်းပြအဖြစ် စတင်တာဝန်ယူခဲ့သည့်အချိန်တွင် ပထမဆုံးခေါ်ယူစာချုပ်ခဲ့သော ကစားသမားလည်းဖြစ်ခဲ့သည်။

နည်းပြဒေးဗစ်မိုယက်နှင့် ကွင်းလယ်ကစားသမား ဖယ်လိုင်နီတို့သည် နွေးထွေးသော ဆက်ဆံရေးများရှိခဲ့ခြင်းကြောင့် ပြီးခဲ့သည့်လက မိုယက်အား အသင်းနည်းပြအဖြစ်မှ ထုတ်ပယ်ခဲ့ခြင်းကို ဝမ်းနည်းကြောင်း ဖယ်လိုင်နီက ပြောကြားခဲ့ခြင်းဖြစ်သည်။ လက်ရှိတွင် မန်ယူအသင်းအနေဖြင့် မိုယက်အား ထုတ်ပယ်ခဲ့ပြီးနောက် ရိုင်ယန်ဂစ်အား ယာယီနည်းပြအဖြစ် ကိုင်တွယ်စေခဲ့ပြီး ရိုင်ယန်ဂစ်အား မန်ယူအသင်း၏ အမြဲတမ်းနည်းပြအဖြစ် မြင်တွေ့ရန် ဆန္ဒရှိနေကြောင်း မန်ယူကိုးသမားဟောင်း ရှမိုက်ကယ်က ပြောကြားခဲ့သည်။

ပူယိုးလ်နေရာတွင် အက်ဂါဖြင့် အစားထိုးရန် ဘာစီလိုနာစီစဉ်

ဘာစီလိုနာအသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် နောက်တန်းကစားသမားများ၏ ညံ့ဖျင်းမှုကြောင့် ဥရောပချန်ပီယံလိဂ်ပြိုင်ပွဲမှ ထွက်ခဲ့ရသည့်အပြင် ပြည်တွင်းပြိုင်ပွဲဖြစ်သည့် လာလီဂါပြိုင်ပွဲတွင်လည်း ဖလားရရှိမည့် အခွင့်အရေးဆုံးရှုံးရဖွယ်ရှိနေခြင်းကြောင့် လာမည့် အပြောင်းအရွှေ့ကာလအတွင်း အသင်း၏ နောက်တန်းအင်အားကို ထပ်မံဖြည့်တင်းရန်အတွက် အက်ဂါအား ပစ်မှတ်ထားလာခဲ့ခြင်း ဖြစ်သည်။

ပူယိုးလ်သည် ရာသီကုန်တွင် အသင်းမှထွက်ခွာမည်ဖြစ်ရာ နည်းပြမာတီနိုအနေဖြင့် အဆိုပါကစားသမားနေရာတွင် အစားထိုးရန် လီဗာပူးဗဟိုခံစစ်မှူး အက်ဂါအား ခေါ်ယူရန် စီစဉ်လာခဲ့ခြင်းဖြစ်သည်။

ဘိုင်ယန်ဂိုးသမားနျူအာ အသင်းနှင့် စာချုပ်သစ်ချုပ်ဆို

ဂျာမန်ဘွန်ဒက်လီဂါကလပ် ဘိုင်ယန်မြူးနစ်အသင်းမှ ဂိုးသမားနျူအာသည် ဘွန်ဒက်လီဂါချန်ပီယံ ဘိုင်ယန်မြူးနစ်အသင်းနှင့် သုံးနှစ်သက်တမ်းရှိ စာချုပ်သစ်တစ်ရပ် ချုပ်ဆိုလိုက်ရာ ၂၀၁၉ ခုနှစ်တိုင်အောင် အသင်း၌ ဆက်ရှိနေမည်ဖြစ်ကြောင်း သိရသည်။

အသက်(၂၈)နှစ်အရွယ်ရှိ ဂျာမနီကြယ်ပွင့်နျူအာ၏ ယခင်စာချုပ်သက်တမ်းမှာ ၂၀၁၆ ခုနှစ်ရောက်မှသာ ကုန်ဆုံးမည်ဖြစ်သော်လည်း လက်ရှိတွင် စာချုပ်သက်တမ်းမကုန်ဆုံးမီ အသင်းနှင့် စာချုပ်သစ်ချုပ်ဆိုလိုက်ခြင်းဖြစ်ကြောင်း အသင်း၏ တရားဝင်ဝက်ဘ်ဆိုက်က ကြေညာလိုက်သည်။

ဘိုင်ယန်မြူးနစ်ဂိုးသမား နျူအာ၏ အဆိုပါ ဆုံးဖြတ်ချက်သည် ထိပ်တန်းအဆင့်ရှိသော ဆုံးဖြတ်ချက် တစ်ရပ်ဖြစ်ကြောင်းပြောကြားလျက် နျူအာ စာချုပ်သစ်ချုပ်ဆိုသော သတင်းအား ပြန်လည် ဖြန့်ဝေနိုင်ခဲ့ခြင်းကြောင့် ဝမ်းမြောက်မိကြောင်းလည်း ဘိုင်ယန်မြူးနစ် အမှုဆောင်အရာရှိချုပ်ဖြစ်သူ ရမ်မီနစ်ဂီက ပြောကြားခဲ့သည်။

ထို့ပြင် ဂိုးသမားနျူအာအနေဖြင့် ဘိုင်ယန်မြူးနစ် အသင်း၌သာ ဆက်နေရန်ဆန္ဒရှိကြောင်း ပြောကြားခဲ့ခြင်းကြောင့် ယင်းသည် အံ့အားသင့်ဖွယ် အပြုအမူတစ်ခုဖြစ်ကြောင်းလည်း ဘိုင်ယန်မြူးနစ်အသင်း အမှုဆောင်အရာရှိချုပ် ရမ်မီနစ်ဂီက မှတ်ချက်ပြုပြောကြားခဲ့သည်။

ဂုဏ်ယူဝမ်းမြောက်ခြင်း

၃.၅.၂၀၁၄ ရက်နေ့၊ နေပြည်တော်တွင်ကျင်းပသည့် နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုချီးမြှင့်ပွဲ အခမ်းအနား၌ ၂၀၁၂–၂၀၁၃ အခွန်စည်းကြပ်နှစ်တွင် နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာတော်ဝန် အများဆုံး သယ်ပိုးထမ်းဆောင်ခဲ့သည့် **ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင် များအသင်းချုပ်** (UMFCCI) ၏ **နာယက၊ ကမ္ဘောဇဘဏ် လီမိတက် ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း** အား နိုင်ငံတော်သမ္မတ၏ **“အထူးဂုဏ်ထူးဆောင် နိုင်ငံ့စွမ်းဆောင်ရည်ဆု” (နိုင်ငံတော် အတွက် အခွန်ဘဏ္ဍာတော်ဝန်အများဆုံး သယ်ပိုးထမ်းဆောင် ခဲ့သည့်လုပ်ငန်းရှင်ဆု)** ကို ထပ်ဆင့်ဂုဏ်ပြုချီးမြှင့်ခံရခြင်းအတွက် အထူးဂုဏ်ယူ ဝမ်းမြောက်ပါကြောင်းနှင့် နောင်နှစ်များတွင်လည်း ယခုကဲ့သို့ နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာအများဆုံး ထမ်းဆောင်နိုင်ပြီး နိုင်ငံ့အကျိုးပြုဆိုင်ရာ ကဏ္ဍအသီးသီး၌ ဆထက်ထမ်းပိုးတိုး၍ ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများတောင်းအပ်ပါသည်။

ဥက္ကဋ္ဌနှင့်ဗဟိုအလုပ်အမှုဆောင်/ အလုပ်အမှုဆောင်အဖွဲ့
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှု
လုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)

မော်တောင်းကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းများ ဆောက်ရွက်နိုင်ရန် တွေ့ဆုံဆွေးနွေး

မူဆယ်၊ မေ ၃

ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ မူဆယ်မြို့ မော်တောင်းကျေးရွာ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပတ်သက်၍ ဧပြီ ၂၀ ရက် နံနက် ၉ နာရီခွဲတွင် အဆိုပါကျေးရွာ ဘုန်းကြီးကျောင်း၌ ကျေးရွာပြည်သူလူထုတွေ့ဆုံပွဲ ကျင်းပခဲ့သည်။

အဆိုပါတွေ့ဆုံပွဲတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ဆပ်ကော်မတီဥက္ကဋ္ဌ မွေးမြူရေးလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စု ဒုတိယဝန်ကြီး ဦးတင်ငွေက အခမ်းအနား အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ကျေးရွာအုပ်ချုပ်ရေးမှူးများက မိမိရပ်ရွာတွင်လိုအပ်သည်များကို အသီးသီးဆွေးနွေးတင်ပြပြီး ကျေးရွာပြည်သူများကလည်း မိမိတို့လိုအပ်သည်များကိုတင်ပြဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသည် ရွာများစုပေါင်းတွေ့ဆုံခြင်းဖြစ်ပြီး အဓိကဆွေးနွေးသည်များမှာ ရပ်ရွာများ ပူပြင်းသောရာသီတွင် ရေရှားပါးခြင်း၊ မီးလုံလောက်စွာမရရှိခြင်း၊ လမ်း၊ ရပ်ရွာအတွက် ဘုန်းကြီးကျောင်း၊ စာသင်ကျောင်းများ၊ နွားများမွေးမြူရန် အခက်အခဲရှိနေခြင်းများအပေါ် ဆွေးနွေးတင်ပြအကူအညီတောင်းခံခဲ့ပြီး တွေ့ဆုံပွဲကို မွန်းတည့် ၁၂ နာရီတွင် ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

ထို့နောက် ပြည်ထောင်စု ဒုတိယဝန်ကြီး ဦးတင်ငွေက ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ကွင်းဆင်းလေ့လာရန် တာဝန်ရှိသူများနှင့် ရုံးဝန်ထမ်းများကို မွန်းလွဲ ၁ နာရီတွင် မူဆယ် ရွှေလီရတနာခန်းမ၌ တွေ့ဆုံမှာကြားခဲ့ကြောင်း သိရသည်။ **အယ်လ်စိုး(ပြန်/ဆက်)**

ဒုတိယဝန်ကြီးဦးတင်ငွေက ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်ပတ်သက်၍ ကျေးရွာပြည်သူများနှင့် တွေ့ဆုံစဉ်။

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ ဆီမီးခုံဒေသရှိ သဘာဝဘေးအန္တရာယ် လေဘေးသင့်အိမ်ထောင်စု ၂၅၀ အား ငွေလှူဒါန်း

မြင်းခြံ၊ မေ ၃

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ ဆီမီးခုံဒေသရှိ သဘာဝဘေးအန္တရာယ်လေဘေးသင့် အိမ်ထောင်စု ၂၅၀ အား ငွေလှူဒါန်းခြင်းကို ဆီမီးခုံကျေးရွာ အထက်တန်းကျောင်း ဦးရွှန်းခန်းမ၌ မေ ၁ ရက် နံနက် ၈ နာရီတွင် ကျင်းပခဲ့သည် ။

အဆိုပါလှူဒါန်းပွဲတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီး ဦးအောင်ဇံက အမှာစကား ပြောကြားပြီး မန္တလေးမြို့ မြင်းခြံမြို့နယ်အသင်း ဒုတိယဥက္ကဋ္ဌက ငွေလှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားကာ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဆီမီးခုံ၊ ဖက်ပင်အိုင်၊ ငှနန်း၊ ကုလကျေးရွာအုပ်ချုပ်ရေးမှူးများမှ တစ်ဆင့် လေဘေးသင့်အိမ်ထောင်စုများအတွက် တစ်အိမ်ထောင်လျှင် ငွေကျပ်တစ်သောင်းနှုန်းဖြင့် ငွေကျပ် ၂၅ သိန်းကို ပေးအပ်လှူဒါန်းခဲ့သည်။

လှူဒါန်းပွဲသို့ မြင်းခြံခရိုင် အုပ်ချုပ်ရေးမှူး ဦးမြင့်သင်းအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်းအောင်၊ ခရိုင်နှင့်မြို့နယ် ပြည်ခိုင်ဖြိုးပါတီဝင်များ၊ အလှူရှင်များနှင့် ကျေးရွာပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ဦးဇော်မင်းနိုင်(မြင်းခြံ)**

ကော့သောင်းမြို့တွင် ကမ္ဘာ့အလုပ်သမားနေ့အထိမ်းအမှတ် ဘောလုံးပြိုင်ပွဲကျင်းပ

ကော့သောင်း၊ မေ ၃

၂၀၁၄ ခုနှစ် မေ ၁ ရက်တွင်ကျရောက်သည့် ကမ္ဘာ့အလုပ်သမားနေ့အထိမ်းအမှတ် ကော့သောင်းမြို့နယ်၊ ပြည်တွင်းကုန်တင်ကုန်ချကော်မတီရုံး၊ တော်ဝင်ဆိပ်ကမ်းဌာနခွဲမှ (ကာယ/ဉာဏ) လုပ်သားကြီးများ ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို မေ ၁ ရက် ညနေ ၃ နာရီက ကော့သောင်းမြို့ အေးရိပ်ငြိမ်ရပ်ကွက် မြေနီလမ်းဘောလုံးကွင်းတွင် ကျင်းပခဲ့သည်။

ခရိုင်နှင့်မြို့နယ်မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကုန်သည်လုပ်ငန်းရှင်များ၊ ကုန်တင်ကုန်ချအလုပ်သမားများနှင့် မိသားစုများ စည်ကားသိုက်မြိုက်စွာတက်ရောက်ကြည့်ရှု အားပေးကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ကော့သောင်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးပါစည်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ် ပြည်တွင်းကုန်တင်ကုန်ချကော်မတီရုံး၊ မြို့နယ်ဦးစီးဌာနမှူး ဦးနိုင်စိုးက ပြိုင်ပွဲအား ဘောလုံးကန်ဖွင့်လှစ်ပေးသည်။

အဆိုပါ ဘောလုံးပြိုင်ပွဲအား၊ ပြည်တွင်းကုန်တင်ကုန်ချကော်မတီရုံး တော်ဝင်ဆိပ်ကမ်းဌာနခွဲမှ ဝန်ထမ်း (ကာယ/ဉာဏ) လုပ်သားကြီးများက တစ်သင်းလျှင် ၇ ဦးဖြင့် အသင်း ၈ သင်းဖွဲ့စည်းကာ မေ ၁ ရက်မှ မေ ၁၅ ရက်အထိ အုပ်စုပတ်လည် ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး ဖွင့်ပွဲနေ့ ပွဲစဉ်အဖြစ် ၄ ဂိုဏ်းအသင်းနှင့် ၆ ဂိုဏ်းအသင်းတို့က အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ကြကြောင်း သိရသည်။ **ကျော်စိုး(ကော့သောင်း)**

သတင်းတိုများ

နန်းသဲများတူးဖော်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ် ကျေးနီကန်အတွင်း နုန်းသဲများ တူးဖော်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၁ ရက် နံနက် ၉ နာရီခွဲက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပသည်။ အစည်းအဝေးသို့ တက်ရောက်လာသည့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် မြို့နယ်အထောက်အကူပြုအဖွဲ့များမှ နုန်းသဲများကို လိုအပ်သည့်နေရာများတွင် အသုံးပြုနိုင်ရန် အကြံပြုဆွေးနွေးတင်ပြကြပြီး တိုင်းဒေသကြီး လျှပ်စစ်နှင့်စက်မှုဝန်ကြီး၊ ခရိုင်ဆည်မြောင်းဦးစီးတို့မှ ကျေးနီကန်နုန်းသဲများ တူးဖော်ရေးလုပ်ငန်းစီမံချက်ကို ရေးဆွဲခဲ့ကြကြောင်း သိရသည်။ **ရမည်းသင်း(ခရိုင်ပြန်/ဆက်)**

နယ်လှည့်ဆေးကုသရေးအဖွဲ့ ဗန်းမောက်၌အခမဲ့ကုသ

ကျန်းမာရေးဝန်ကြီးဌာန၊ နေပြည်တော်ခုတင် ၁၀၀၀ ဆံ့ သွားနှင့်ခံတွင်းဌာန၊ အထူးကုဆရာဝန်ကြီး ဦးခင်မောင် ခေါင်းဆောင်သော အထူးကုဆရာဝန် ၁၁ ဦးပါဝင်သော နယ်လှည့်ဆေးကုသရေးအဖွဲ့သည် ဧပြီ ၂၈ ရက်မှ မတ် ၄ ရက်ထိ ရက်သတ္တတစ်ပတ်တိတိ စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ဗန်းမောက်မြို့နယ် မြို့မဘုန်းတော်ကြီးကျောင်း၊ ဘုရားငါးဆူဓမ္မာရုံတွင် နေ့စဉ် နံနက် ၇ နာရီမှ ညနေ ၆ နာရီထိ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲနှင့် သွားဝေဒနာရှင်များအား အခမဲ့ကုသလျက်ရှိရာ ယနေ့ထိ ဝေဒနာရှင် ၃၅၇ ဦးအား ကုသပေးပြီး ကျန်ရှိသွားဝေဒနာရှင်များအား စေတနာအပြည့်ဖြင့် ဆက်လက်ပြီး အခမဲ့ကုသပေးသွားမည် ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

မောင်မောင်လှိုင်(အပ်စိုက်ကု)
စိတ်ကြိုက်ကျန်းမာရေးဆောင်းပါးများ
ထွက် ပါ ပြီ

YAR PYAE
LCCI (UK) Level I & II, Level III
09-31530581, 09-49302752, 09-428242049

ဒေါ်တင်လှိုင် B.A(Eng)
SUPER-A-ONE အင်္ဂလိပ်စကားပြော
Interview Tourism, Hotel, Company, Student Visa, Grammer
511231

အစည်းအဝေးခင်းကျင်းမှုအနုပညာ
Plan and Conduct Effective Meetings
ဝင်းသိန်းဦး
Tel : (01) 224431, (09) 420099851, (09) 73051718

09-73009869
09-73013432
09-73028433
အဝေးသင်
(15.5.2014) (10 %) Discount

မြေကွက်ဝယ်လိုသည်
မြေကွက်များဝယ်လိုသည်။
09 31589922
09 31268183

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့တွင် ဝါးဖျာ၊ သင်ဖြူးဖျာများ အရောင်းသွက်လျက်ရှိကြောင်း သိရသည်။ ဝါးဖျာများကို တောင်တွင်းကြီး၊ နတ်မောက်၊ လင်းလှ၊ ပခုက္ကူ၊ ငဖဲ၊ စေတုတ္တရာ၊ မကွေးမြို့များမှ မှာယူရောင်းချကြောင်း၊ ဝါးဖျာများသည် ခိုင်ခံ့၍ အပူအအေးမျှတသောကြောင့် ကျေးရွာနှင့် မြို့နေလူထုများ နွေရာသီတွင် များစွာသုံးစွဲလျက်ရှိပြီး သင်ဖြူးဖျာများကို မြန်မာပြည်အောက်ပိုင်းနှင့် ဧရာဝတီတိုင်းမှ မှာယူရကြောင်း၊ အထူးသဖြင့် ဒေသမှထွက်သည့် သင်ဖြူးကို လူကြိုက်များကြောင်း သိရသည်။ သတင်းနှင့် ဓာတ်ပုံ- ခင်သန်းဦး(ဖန်ခါးမြေ)

၂၀၁၅ ခုနှစ် အာဆီယံစီးပွားရေးအသိုက် အဝန်းရှိဒေသတွင်းနိုင်ငံများမှ လုပ်သား များနှင့် ယှဉ်နိုင်ရန် ဆောင်ရွက်

ရန်ကုန်၊ မေ ၃

၂၀၁၅ ခုနှစ် ဒီဇင်ဘာ၌ စတင် အကောင်အထည်ဖော်မည့် အာဆီယံ စီးပွားရေးအသိုက်အဝန်းတွင် ဒေသ တွင်းနိုင်ငံများရှိ လုပ်သားများနှင့် မြန်မာနိုင်ငံမှလုပ်သားများ ယှဉ်ပြိုင် လုပ်ကိုင်ရန် စီမံချက်များချမှတ်၍ ဆောင်ရွက်လျက်ရှိနေကြောင်း အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှု ဖူလုံရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဦးထင်အောင်က လှိုင်သာယာ မြို့၌ မေ ၁ ရက်က ကျင်းပသည့် အလုပ်သမားနေ့ အခမ်းအနားတွင် ပြောကြားသည်။

"မြန်မာနိုင်ငံအနေနဲ့ မကြာခင် ကာလမှာစတင်တော့မယ့် အာဆီယံ စီးပွားရေး အသိုက်အဝန်းမှာ ဒေသ တွင်း ကျွမ်းကျင်လုပ်သားတွေ ရွှေ့ ပြောင်းသွားလာမှုအစီအစဉ်မှာ မလွှဲ မသွေပါဝင်ရတော့မယ်။ ဒါကြောင့် နိုင်ငံတော်အနေနဲ့ အလုပ်သမားများ ကျွမ်းကျင်မှုကို စနစ်တကျဖြစ်စေဖို့ ၂၀၁၃ ခုနှစ် အလုပ်သမားနှင့်ကျွမ်း ကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ပြဋ္ဌာန်းပေးခဲ့ပြီး နည်းဥပဒေကိုလည်း အမြန်ဆုံးပြဋ္ဌာန်းနိုင်အောင် ဆောင် ရွက်နေတယ်" ဟု ၎င်းကပြောသည်။

ထို့ပြင် သိပ္ပံနှင့်နည်းပညာဝန်ကြီး ဌာနနှင့် ပူးပေါင်း၍ နည်းပညာနှင့် အသက်မွေးဝမ်းကျောင်းပညာ ဖွံ့ဖြိုး တိုးတက်စေရန် အဖွဲ့အစည်းတစ် ခုကို ဧပြီ ၁ ရက်တွင် စတင်ဖွဲ့စည်း ခဲ့ပြီး ကျွမ်းကျင်လုပ်သားများ ပေါ် ပေါက်လာစေရန် နတ်မောက်မြို့ရှိ အစိုးရအသက်မွေးဝမ်းကျောင်းပညာ သင်တန်းကျောင်းတွင် နှစ်ပတ်တစ် ကြိမ် အစည်းအဝေးများ ပြုလုပ်ပြီး သင်တန်းများဖွင့်လှစ်နိုင်ရန် ဆောင် ရွက်နေကြောင်း ၎င်းကပြောသည်။

"အလုပ်သမားတွေအနေနဲ့လည်း သင်တန်းတွေတက်ရောက်ပြီး ကိုယ့်ရဲ့ အရည်အသွေးကိုမြှင့်တင်ဖို့လည်း လို အပ်သလို၊ အလုပ်ရှင်တွေအနေနဲ့ လည်း အလုပ်သမားတွေကို လုပ်ငန်း ခွင်အတွင်း လေ့ကျင့်သင်ကြားပေး တာတွေ သင်တန်းတက်ရောက်ခွင့် တွေကို ခွင့်ပြုပေးဖို့လိုအပ်တယ်။ အဲဒါ မှ ဒေသတွင်းနိုင်ငံတွေရဲ့ အလုပ် သမားတွေနဲ့ယှဉ်နိုင်ပြီး ကိုယ့်အလုပ် သမားတွေ ဘေးမှာမကျန်မှာ" ဟု အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေး ဒုတိယဝန်ကြီး ဦးထင် အောင်က ထပ်မံပြောကြားသည်။

ယခုအချိန်တွင်အခြေခံ အဆင့် အလုပ်သမား အသင်းအဖွဲ့ ပေါင်း ၁၀၃၄ ဖွဲ့၊ မြို့နယ်အဆင့် ၃၂ ဖွဲ့၊ အဖွဲ့ ချုပ်နှစ်ဖွဲ့ ဖွဲ့စည်းခွင့်ပြုထားပြီး အလုပ်ရှင်အဖွဲ့အစည်းများကို အခြေ ခံအဆင့် ၂၂ ဖွဲ့၊ မြို့နယ်အဆင့် တစ်ဖွဲ့နှင့် အဖွဲ့ချုပ်တစ်ဖွဲ့ စုစုပေါင်း အဖွဲ့အစည်း ၁၀၉၂ ဖွဲ့အား ဖွဲ့စည်း ခွင့်ပြုထားပြီးဖြစ်သည်။

တင်မောင်ဦး

ထားဝယ်ပညာရေးကောလိပ်တွင် ၂၀၀၂ မှ ၂၀၁၃ အထိ တာဝန်ထမ်း ဆောင်ခဲ့ကြသော ဆရာ၊ ဆရာမကြီးများအား အာစရိယပူဇော်ပွဲကျင်းပ

ထားဝယ်၊ မေ ၃

တနင်္သာရီတိုင်းဒေသကြီး၊ ထား ဝယ်ပညာရေးကောလိပ်တွင် ၂၀၀၂ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ တာဝန် ထမ်းဆောင်ခဲ့ကြသော ဆရာကြီး၊ ဆရာမကြီးများအား ပထမအကြိမ် အာစရိယပူဇော်ပွဲအခမ်းအနားကို မေ ၁ ရက် နံနက် ၉ နာရီတွင် ထားဝယ် ပညာရေးကောလိပ် အစည်းအဝေး ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

သင်တန်းသား၊ သင်တန်းသူများ က ပဥ္စဂုဏံ အဟံဝန္ဒာမိ၊ အာစရိယ ဂုဏံ အဟံဝန္ဒာမိ ပူဇော်ဂါထာကို သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားဖွင့် လှစ်ခဲ့ပြီး တက်ရောက်လာသော အပူ ဇော်ခံ ဆရာ၊ ဆရာမကြီးများက အမှာ စကားပြောကြားပြီး သင်တန်းသူ၊ သင်တန်းသားများက ဂါရဝပြုပူဇော် ကန်တော့ချီးဖြင့် ရွတ်ဆိုပူဇော်ကန် တော့ကြကာ ပူဇော်လက်ဆောင် ပစ္စည်းများ ပေးအပ်ကြသည်။

ဆက်လက်၍ ထားဝယ်ပညာရေး ကောလိပ်တွင် ပထမဦးဆုံး တာဝန် ထမ်းဆောင်ခဲ့သော ဆရာကြီး ဦးမဲ အောင်က ဆုံးမဩဝါဒစကား ပြော ကြားသည်။ ထို့နောက် သင်တန်းသူ၊ သင်တန်းသားများ၏ ကိုယ်စား ကိုကျော်ဇင်ထွေးက ကျေးဇူးတင် စကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားသို့ အပူဇော်ခံ ဆရာ ကြီး ၂၀ ဦး၊ ဆရာမကြီး ၁၂၀ ဦး၊ ထား ဝယ် ပညာရေးကောလိပ် ကျောင်း အုပ်ဆရာမကြီးနှင့် ဌာနမှူး၊ ကထိက၊ လက်ထောက်ကထိက၊ မော်ကွန်း ထိန်း၊ နည်းပြဆရာ၊ ဆရာမများနှင့် သင်တန်းသား၊ သင်တန်းသူဟောင်း ၈၀၀ ကျော် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

စိန်ဝင်း

အမျိုးသမီးနှစ်ဦး သီလရှင်ကျောင်းတွင် အိပ်နေစဉ် ဓားထိုးခံရ

ရန်ကုန်၊ မေ ၃

သန်လျင်မြို့မရဲစခန်းမှ ဒုရဲအုပ် မျိုးမင်းသန်းနှင့် အဖွဲ့သည် ဧပြီ ၃၀ ရက် မွန်းလွဲ ၂ နာရီက သန်လျင်ဆေးရုံတွင် ဓားထိုးခံထားရသည့် အမျိုးသမီးနှစ်ဦး ရောက်ရှိနေကြောင်း သတင်းအရ သွားရောက်စစ်ဆေးခဲ့သည်။ ဓားထိုးခံထားရသူ နှစ်ဦးမှာ အသက် ၁၇ နှစ်အရွယ် မယုဒါလီနိုင်နှင့် အသက် ၁၆ နှစ်အရွယ် မမူမူဝင်းချို တို့ဖြစ်ပြီး ပျဉ်ထောင်ကျေးရွာရှိ ဒေါ်ပုသီလရှင်ကျောင်း၌ အိပ်နေစဉ် နံနက် ၄ နာရီခန့်တွင် ဆိုင်ကယ်ကယ်ရီမောင်းနှင်သူ ကျော်ကျော်(ခ)ကျော်မင်းအောင် ၃၁ နှစ်ရောက်ရှိလာပြီး အသင့်ပါလာသည့် ဓားဦးချွန်ဖြင့် ထိုးခဲ့သဖြင့် မယုဒါလီနိုင် တွင် နောက်စေ့၊ ယာလက်ဖျံ၊ ယာချိုစောင်း ထိုးသွင်းဒဏ်ရာနှင့် မမူမူဝင်းချို တွင် နောက်စေ့၊ ဝဲလက်မောင်း၊ ဝဲနံရိုးတို့တွင် ထိုးသွင်းဒဏ်ရာများရရှိကာ ရန်ကုန် ဆေးရုံကြီးသို့ တင်ပို့ကုသစဉ် သေဆုံးခဲ့၍ အရေးယူပေးရန် တိုင်ကြားခဲ့သဖြင့် သန်လျင်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **၃၁**

မြေရောင်းမည်

(Teaching Guide)

ICDF (MYANMAR BRANCH OFFICE)

အိမ်အမြန်ရောင်းမည် ၊ ပွဲစားလိုသည်

ပိုင်ဇေ
သင်္ချာ - ဦးလှမြင့်ဦး
အင်္ဂလိပ်စာ - ဒေါ်အေးမီခင်
IGCSE

အာဇီဇာ
Ph: 01 - 379385

BONITA
Bonita
Academy of English
IELTS, IGCSE, TOEFL, SAT,4 SKILLS
Starters,Movers,Flyers,Ket,Pet,FCE...
No.142, 1st.Fl., 46th St., Botahtaung Tsp., Yangon
Ph. 01294328, 095056872,09254127116

ထိုင်းနယ်လှည့် ကျန်းမာရေးဝန်ဆောင်မှု အဖွဲ့ဝင် ၅၈ ဦး ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းဆတ်ခရိုင် ကျေးလက်တောင်ပေါ်ဒေသများ၌ အခမဲ့ဆေးကုသ

မိုင်းဆတ်၊ မေ ၃

မြန်မာ-ထိုင်း ပူးပေါင်းဆောင်ရွက်သည့် ရေရှည်တည်တံ့သော အစားထိုးအသက်မွေးဝမ်းကျောင်းဖွံ့ဖြိုးရေးစီမံကိန်း၊ မယ့်ဖားလုံးဖောင်ဒေးရှင်းနှင့် တာချီလိတ်ခရိုင်၊ မိုင်းဆတ်ခရိုင် ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် Medical Mobile Unit လုပ်ငန်းကို မိုင်းဆတ်ခရိုင် ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာနေအောင် ဦးဆောင်သော ကျန်းမာရေးဝန်ထမ်းများနှင့်အတူ ထိုင်းနိုင်ငံ၊ မယ်ဆိုင်ဆေးရုံကြီးမှ ညွှန်ကြားရေးမှူး Dr. Sura Kun Kongkapan ဦးဆောင်သည့် ဆေးဘက်ဆိုင်ရာဝန်ထမ်းများနှင့် ထိုင်းနိုင်ငံ၊ ONCB မှ တာဝန်ရှိသူများ ပါဝင်သော နယ်လှည့် ကျန်းမာရေး ဝန်ဆောင်မှုအဖွဲ့ဝင် ၅၈ ဦးသည် မိုင်းဆတ်ခရိုင်ရှိ စီမံကိန်းဒေသအတွင်း ကျန်းမာရေး ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဧပြီ ၂၈ ရက်၊ မွန်းလွဲ ၁ နာရီက မိုင်းတွမ်း စီမံကိန်းရုံး၌ နယ်လှည့်ကျန်းမာရေးဝန်ဆောင်မှု ဖွင့်ပွဲအခမ်းအနား ကျင်းပခဲ့သည်။

အခမ်းအနားတွင် မိုင်းဆတ်ခရိုင်ရဲမှူး ဒုရဲမှူးကြီး ခင်မောင်လတ်၊ စီမံကိန်းဒါရိုက်တာ ဦးခမ်းအောင်နှင့် ထိုင်းနိုင်ငံ၊ မယ်ဆိုင်ဆေးရုံမှ Dr. Sura Kunkongkapan တို့က အဖွင့်အမှာစကားပြောကြားခဲ့ပြီး မွန်းလွဲ ၁ နာရီ မိနစ် ၂၀ မှစ၍ မိုင်းတွမ်းအုပ်စုအတွင်းရှိ လွယ်ပါရင် (၁-၂)၊ မဟုန်လွယ်၊ မဟုန်ကန်နှင့် ဝမ်တုံကျေးရွာများမှ ကျေးရွာသူ/သားများအား စာရင်းသွင်းစစ်ဆေးခြင်း၊ ငှက်ဖျားပိုး ရှာဖွေစစ်ဆေးကုသခြင်း၊ သွားနှင့်ခံတွင်း စစ်ဆေးကုသပေးခြင်း၊ အထွေထွေရောဂါ စစ်ဆေးကုသပေးခြင်းတို့အား ဆောင်ရွက်ခဲ့သည်။

ယင်းနောက် ဒုတိယနေ့ ဧပြီ ၂၉ ရက်တွင် ၎င်းအဖွဲ့ဝင်များသည် မိုင်းဆတ်ခရိုင်ဒေါက်တာနေအောင်ဦးဆောင်သော ကျန်းမာရေးဝန်ထမ်းများ၊ မိုင်းဆတ်ခရိုင်ရဲမှူး ဒုရဲမှူးကြီး ခင်မောင်လတ် ဦးစီးအဖွဲ့၊ မူးယစ်တပ်စု(၃၀)၊ မိုင်းဆတ်လူပ်ရှားမှု ရဲအုပ်ဘုန်းကျော်ဦး ဦးစီးအဖွဲ့တို့နှင့်အတူ မိုင်းတွမ်းစီမံကိန်းရုံးတွင် အခြေပြု၍ နံနက် ၇ နာရီခွဲမှစပြီး ကောင်းမူ၊ ဖဟာ၊ ဝမ်နောင်၊ ဝမ်ပုံ၊ ဝမ်ကပ်နှင့် မအို့ကျေးရွာတို့အားလည်းကောင်း၊ တတိယနေ့ ဧပြီ ၃၀ ရက်တွင် မယ်ကြုတ်(၁) ကျေးရွာတွင် အခြေပြု၍ နံနက် ၈ နာရီခွဲမှစ၍ စတုံးအုပ်စုအတွင်းရှိ မယ်ကြုတ်(၁-၂-၃)ကျေးရွာတို့အားလည်းကောင်း၊ မေ ၁ ရက်၌ နယ်လှည့်ကျန်းမာရေး စောင့်ရှောက်မှုအဖွဲ့သည် မိုင်းဆတ်ခရိုင်၊ မိုင်းတွမ်းအခြေစိုက်စီမံကိန်းရုံးတွင် အခြေပြုလျက် မိုင်းဆတ်ခရိုင်၊ စတုံးအုပ်စုအတွင်းရှိ မယ်ပုံးနှင့် ဟွေပူးကျေးရွာတို့မှ တိုင်းရင်းသားများအား အခမဲ့ကျန်းမာရေးဝန်ဆောင်မှု လုပ်ငန်းများအား ဆောင်ရွက်ပေးခဲ့သည်။

မြန်မာ-ထိုင်း ပူးပေါင်းဆောင်ရွက်သော ကျန်းမာရေးဝန်ဆောင်မှုအဖွဲ့သည် မိုင်းဆတ်ခရိုင်ကျေးလက်တောင်ပေါ်ဒေသရှိ တိုင်းရင်းသားများအား ဧပြီ ၂၈ ရက်မှ မေ ၁ ရက်ထိ အထွေထွေရောဂါကုသမှုခံယူသူ ၉၇၄ ဦး၊ သွားနှင့်ခံတွင်း ကုသမှုခံယူသူ ၁၈၄ ဦး၊ ငှက်ဖျားပိုး စစ်ဆေးမှုခံယူသူ ၅၂၃ ဦး၊ သွေးလွန်တုပ်ကွေး စစ်ဆေးကုသသူ ၁၁ ဦးနှင့် တီဘီရောဂါစစ်ဆေး ကုသသူ ၃၁ ဦးတို့အား ကျန်းမာရေးစစ်ဆေးခြင်းနှင့် ဆေးဝါးကုသခြင်းများကို ဆောက်ရွက်ပေးခဲ့ကြောင်းသိရသည်။

မော်ကြီး(တြိဂံနယ်မြေ)

လူမှုအကျိုးဆောင် လူငယ်များဦးဆောင်၍ နိုင်ငံသားခေါင်းဆောင်မှုနှင့် ကိုယ်ရည်ကိုယ်သွေးမြှင့်တင်မှု သင်တန်းဖွင့်

ဘောဂသီရိ၊ မေ ၃

နေပြည်တော် ပျဉ်းမနားမြို့ ဘောဂသီရိ အဝေးပြေးကားဝင်း မီးပွိုင့်အနီးရှိ အောင်တံခွန်ဘုန်းတော်ကြီးကျောင်းတိုက်တွင် ဆရာတော် ဦးပဏ္ဍဝ၏ ဩဝါဒခံယူ၍ ရန်ကုန်မြို့ရှိ Pioneer Citizeen Group နှင့် Youth Social Force တို့မှ လူမှုအကျိုးဆောင်လူငယ်များဦးဆောင်မှုဖြင့် နိုင်ငံသားခေါင်းဆောင်မှုနှင့် ကိုယ်ရည်ကိုယ်သွေးမြှင့်တင်မှုသင်တန်း Citizine Leadership and Capacity Development Trading သင်တန်းကို မေ ၁ ရက် နံနက် ၈နာရီက ဖွင့်လှစ်ခဲ့သည်။

မိမိတို့ ပတ်ဝန်းကျင်ဒေသအဖွဲ့အစည်းများ တိုးတက်အောင်မြင်ရေးအတွက် လူတိုင်းမှာ ခေါင်းဆောင်မှု အရည်အချင်းနှင့် တာဝန်များ ရှိရန် လိုအပ်ကြောင်း၊ အဆိုပါ လိုအပ်ချက်များကို ဘယ်လိုလုပ်ဆောင်နိုင်မည်ဆိုသည့် အကြောင်းအရာများကို ယခုဖွင့်လှစ်သည့် သင်တန်းတွင် သင်ကြားဆွေးနွေး အသိပညာဖလှယ်သွားမည် ဖြစ်ကြောင်း Pioneer Citizine Group မှ ဒေါ်လွင်လွင်ချိုက ရှင်းပြသည်။

ယနေ့ လူငယ်များအားလုံးသည် တိုင်းပြည်အနာဂတ်အတွက် အလွန်တန်ဖိုးရှိသည့် လူငယ်များဖြစ်ကြောင်း၊ လူငယ်များအနေဖြင့် မိသားစု၊ ရပ်ရွာ၊ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံတော်၏ တိုးတက်မှုများတွင် အလွန်အရေးပါသော ကဏ္ဍများတွင် မည်သို့ ပါဝင်လုပ်ဆောင်နိုင်ခြင်းအပြင် လူငယ်တို့၏ ဘဝတိုးတက်အောင်မြင်ပြီး တိုင်းပြည်၏ အခန်းကဏ္ဍများတွင် အားထားရသော လူငယ်များဖြစ်လာစေရန် သင်တန်းတွင် သင်ကြားပို့ချဆွေးနွေးသွားမည်ဖြစ်ကြောင်း ဒေါ်လွင်လွင်ချိုက ဆက်လက်ရှင်းပြသည်။

သင်တန်းအား မေ ၁ ရက်မှ ၄ ရက်အထိ နေ့စဉ် နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ သင်ကြားပို့ချသွားမည်ဖြစ်ပြီး သင်တန်းသို့ နေပြည်တော် ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်နှင့် ဇေယျာသီရိမြို့နယ် ဝန်းကျင်ဒေသမှ ၇၈ ဦး တက်ရောက်ကြောင်း သိရသည်။**မင်းမင်းလတ် (မန်းတက္ကသိုလ်)**

အဖျောက်မြို့အနီး မျက်နှာချင်းဆိုင်မှ မောင်းလာသောရေယာဉ်နှစ်စင်း တိုက်မှုဖြစ်ပွား

ရန်ကုန်၊ မေ ၃

ဧပြီ ၃၀ ရက် နံနက် ၂ နာရီ ခန့်က ဧရာဝတီမြစ်အတွင်း ရန်ကုန်ဘက်မှ မြန်အောင်မြို့နယ်ဘက်သို့ ရေယာဉ်မောင်း ဦးသောင်းစိန် ၅၃ နှစ် မောင်းနှင်ပြီး ဘီစီတွဲအမှတ် သ/၄၁၃ နှင့် သ/၈၀၆ တို့အား တွန်းလာသည့် သပြေတွန်းသင်္ဘောနှင့် မြန်အောင်ဘက်မှ ရန်ကုန်ဘက်သို့ ရေယာဉ်မောင်း ဦးဝင်း(ခ)ဦးခင်ဝင်း ၅၈ နှစ်မောင်းနှင်သည့် စီဘီတွဲအမှတ် သ/၁၁၃၈ အားတွန်းလာသည့် ဘုန်းပြည့်စုံ တွန်းသင်္ဘောတို့သည် တိုက်ကြီးမြို့နယ်၊ အဖျောက်မြို့၊ ပန်းတုန်းပိတ်ရွာအနီးတွင် မျက်နှာချင်းဆိုင်တိုက်မိခဲ့သည်။

ရေယာဉ်တိုက်မှုကြောင့် လူထိခိုက်ဒဏ်ရာမရရှိသော်လည်း ဘုန်းပြည့်စုံသင်္ဘောနှင့် ၎င်းသင်္ဘောမှတွန်းလာသော စီဘီတွဲအမှတ် သ/၁၁၃၈ တို့မှာ မြစ်အတွင်း နစ်မြုပ်သွားခဲ့ပြီး စီဘီတွဲပေါ်တွင် မြန်အောင်မြို့၊ သုံးဆယ်ကွင်း ကျောက်ကွင်းမှ တင်ဆောင်လာသော မြစ်ကျောက်များပါရှိကြောင်း သိရသည်။ အဖျောက်နယ်မြေရဲစခန်းက (ပ)၂၀/၁၄၊ ပြစ်မှုပုဒ်မ ၂၈၀ အရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(၃၁)**

ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်တွင် အင်ဂျင်ခန်းအပူလွန်ကဲရာမှ ကားမီးလောင်မှုဖြစ်ပွားခဲ့

ရန်ကုန်၊ မေ ၃

ဧပြီ ၃၀ ရက် နံနက် ၁၀ နာရီခွဲက ဒဂုံမြို့သစ် (အရှေ့ပိုင်းမြို့နယ်)၊၈ ရပ်ကွက်၊ ရာဇဓိရာဇ်လမ်းတွင် ယာဉ်မောင်း နိုင်လင်းသိန်း (၂၃) နှစ် အလုံ မြို့နယ်နေသူသည် Toyota Porte ခဲရောင် ကိုယ်ပိုင်ယာဉ်အား ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ၈ ရပ်ကွက်၊ ရာဇဓိရာဇ်လမ်းအတိုင်း ၇/၈ လမ်းဆုံဘက်မှ ဒဂုံတက္ကသိုလ်ဘက်သို့ မောင်းနှင်လာစဉ် နံနက်၁၀ နာရီခွဲတွင်ဗိုလ်စောနောင်လမ်းထိပ်အရောက် အင်ဂျင်အပူလွန်ကဲပြီး အင်ဂျင်ခန်းအတွင်းမှ မီးစတင်လောင်ကျွမ်းခဲ့ရာ ဝိုင်းဝန်းငြိမ်းသတ်ခဲ့သဖြင့် မီးငြိမ်းသွားခဲ့သည်။

မီးလောင်မှုကြောင့် ယာဉ်၏အင်ဂျင်ခန်းပျက်စီးကာ တန်ဖိုးငွေကျပ် နှစ်သိန်းခန့် ဆုံးရှုံးသွားကြောင်းသိရပြီး ဒဂုံမြို့သစ် အရှေ့ပိုင်း မြို့မရဲစခန်း (ပ)၂၂၄/၁၄၊ ပြစ်မှုပုဒ်မ ၂၈၅ အရ အမှုဖွင့် အရေးယူထားသည်။

(၃၁)

သတင်းတို

လူတစ်ဦးရထားပေါ်မှပြုတ်ကျသေဆုံး

ဧပြီ ၃၀ ရက်နံနက် ၅ နာရီခွဲခန့်က သယ်န်းကျွန်းမြို့နယ်နေ ကိုနိုင်ဝင်း ၃၅ နှစ်သည် ရန်ကုန်-မော်လမြိုင် အမှတ် ၃၆ အစုန်ရထား၊စက်ခေါင်းအမှတ်-၁၃၄၂ ဖြင့် စီးနင်းလိုက်ပါလာပြီး နှင်းဆီကုန်းဘူတာအနီးအရောက် ရထားမှာအရှိန်လျှော့မောင်းနှင်နေစဉ် ရထားပေါ်မှဆင်းခဲ့ရာ ခြေချော်ကျခဲ့သဖြင့် ဦးခေါင်းနှင့် ယာလက်မောင်း၊ ရင်ဘတ်၊ ခြေသလုံးကျိုးကြေမွဒဏ်ရာများရရှိကာ သေဆုံးနေသည်ကို တွေ့ရသည်။သယ်န်းကျွန်းမြို့မရဲစခန်းက သေမှုသေခင်းအမှတ်စဉ် (၄/၁၄) အရ အမှုဖွင့်အရေးယူထားသည်။ **(၃၁)**

ဆိုင်ခန်းရောင်းမည်
ဗိုလ်ချုပ်အောင်ဆန်းဈေးရှိ ဆိုင်ခန်းကြီး ၁-ခန်း ရောင်းရန်ရှိသည်။
ဆက်သွယ်ရန်ဖုန်း-၀၉- ၃၁၇၆၅၇၀၆

အောင်ကောင်းဆုံမှ အမြန်ရောင်းမည်(ပွဲစားမလို)
မြောက်ဒဂုံသီးသန့်

[illegible]	40'x60'	FPT	[illegible]	1600L
[illegible]	[illegible]	GDN	[illegible]	1800L
[illegible]	40'x60'	FPT	[illegible]	[illegible]
[illegible]	40'x60'	2RN	[illegible]	500L
[illegible]	50'x60'	[illegible]	[illegible]	2500L
[illegible]	40'x60'	[illegible]	[illegible]	1600L
[illegible]	[illegible]	GRC	[illegible]	500L
[illegible]	60'x60'	[illegible]	[illegible]	1100L
[illegible]	60'x60'	[illegible]	[illegible]	1250L
[illegible]	44'x60'	[illegible]	[illegible]	650L
[illegible]	60'x60'	[illegible]	[illegible]	1300L
[illegible]	[illegible]	GDN	[illegible]	450L
[illegible]	40'x60'	FPT	[illegible]	450L
[illegible]	40'x60'	[illegible]	[illegible]	450L
[illegible]	[illegible]		[illegible]	450L

Hotline-09-5184764

သူတို့ အမြင် သူတို့ သဘောထား
၂၀၁၄-၂၀၁၅ မြန်မာ့ နိုင်ငံရေး စီးပွားရေး

Shwe Taung Cement Co.,Ltd.
Shwe Taung Cement Co.,Ltd
Union Business Centre

အိမ်အမြန်ရောင်းမည်
မြောက်ဒဂုံ(၃၄)ရပ်ကွက်၊(သစ်တောရပ်ကွက်)
ပိတောက်မြိုင်(၃)လမ်း၊ (၄၀'x ၆၀' ဂရမ်မြေ)၊
သစ်သားတစ်ထပ်အိမ်၊ မီးပါ၊ အိမ်ရှေ့နိုင်လွန်လမ်း၊
Capital အနီး၊ ရောင်းဈေး(၂၂၀၀သိန်း)
09-5113863 ,09-254046498 ,09-422205502

တိုက်ခန်းကျယ်များ အမြန်ရောင်းမည်
(42' x 50') တိုက်ခန်းကျယ်များ 3rd floor to 7th floor အထိရောင်းမည်။
09-73075298, 09-5105752,09-73151937,01-220822

နိုင်ငံအတွင်း အလုပ်သမားများ အနည်းဆုံးလုပ်ခလစာ သတ်မှတ်နိုင်ရေး ယခုနှစ်အတွင်း ဆောင်ရွက်သွားမည်

ရန်ကုန်၊ မေ ၃

နိုင်ငံအတွင်းရှိ အလုပ်သမားများ အနည်းဆုံး လုပ်ခလစာသတ်မှတ်ပေးနိုင်ရေးကို ယခုနှစ်အတွင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထင်အောင်က မေ ၁ ရက်တွင် လှိုင်သာယာမြို့နယ်၌ ပြုလုပ်သည့် အလုပ်သမားနေ့အခမ်းအနားတွင် ပြောကြားခဲ့သည်။

"အခုဆို နေပြည်တော်ကောင်စီအပါအဝင် ပြည်နယ်တိုင်းဒေသကြီးတွေမှာ အနည်းဆုံးလုပ်ခလစာ သတ်မှတ်ပေးနိုင် ရေးအတွက်ကို ဒေသအလိုက်သော်လည်းကောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာအလိုက်သော်လည်းကောင်း၊ ကဏ္ဍလိုက်သော်လည်းကောင်း ဘယ်လိုသတ်မှတ်မလဲ ဆိုတာတွေကို ဆွေးနွေးနေတယ်။ ဇွန်၊ ဇူလိုင်လောက်မှာတော့ ပထမဆုံးအကြိမ်သဘောမျိုး ရရှိမှာဖြစ်ပြီး အဲဒီအပေါ်မှာ ပြန်လည်စဉ်းစားသုံးသပ်တာတွေလုပ်ကြမယ်။ ဒီလိုလုပ်တဲ့နေရာမှာ အစိုးရတစ်ခုတည်း မဟုတ်ဘူး၊ တိုင်းဒေသကြီးပြည်နယ်အစိုးရတွေ၊ အလုပ်ရှင်အလုပ်သမားတွေ သုံးဦး သုံးဖလှယ်ညှိနှိုင်းပြီး မြန်မာနိုင်ငံနဲ့ကိုက်ညီတဲ့ စနစ်တစ်ခုကိုလုပ်ကြမှာ" ဟု ၎င်းက ပြောသည်။

လက်ရှိအချိန်တွင် အနည်းဆုံး လုပ်ခလစာ အခကြေးငွေသတ်မှတ်နိုင်ရေးအတွက်ဥပဒေ၊ နည်းဥပဒေများလည်း ပြဋ္ဌာန်းထားပြီးဖြစ်ပြီး အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေး ဒုတိယဝန်ကြီး ဒေါ်ဝင်းမော်ထွန်း ဦးဆောင်သည့် အမျိုးသားကော်မတီတစ်ရပ်ဖြင့် ပြည်နယ်တိုင်းဒေသကြီးများသို့ သွားရောက်ပြီး ဟောပြောမှုများ ပြုလုပ်လျက်ရှိကြောင်း ၎င်းက ဖြည့်စွက် ပြောကြားခဲ့သည်။

အနည်းဆုံး လုပ်ခလစာကြေးငွေ သတ်မှတ်နိုင်ရေးအတွက် ဥပဒေ၊ နည်းဥပဒေများ ပြဋ္ဌာန်းထားပြီးဖြစ်သော်လည်း အလုပ်ရှင် အလုပ်သမားကြား၊ အလုပ်ရှင်နှင့် အစိုးရကြား၊ အလုပ်သမားနှင့် အစိုးရကြား သဘောထားကွဲလွဲမှုအချို့ ရှိနေပြီး ညှိနှိုင်းဆောင်ရွက်ရန် များစွာလိုအပ်နေသေးကြောင်း အလုပ်သမားရေး ဆောင်ရွက်နေသူများက သုံးသပ်ပြောကြားသည်။

နိုင်ငံတော်အတွင်းရှိ လူဦးရေ၏ တစ်ဝက်ကျော်သည် အလုပ်သမားလူတန်းစားများဖြစ်နေပြီး ၎င်းတို့၏ လူနေမှု အဆင့်အတန်းများ တိုးတက်လာမှသာ နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေး ကောင်းမွန်လာမည်ဖြစ်သည်ဟု ၎င်းတို့ကပြောသည်။ **တင်မောင်ဦး**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နှင့် တောင်သာမြို့ရှိ ကျေးရွာ ၁၀၀ အား တစ်ရွာလျှင် ခြောက်စောင်နှုန်းဖြင့် တစ်နှစ်စာ သတင်းစာများ လှူဒါန်း

မြင်းခြံ၊ မေ ၃

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နှင့် တောင်သာမြို့ရှိ ကျေးရွာ ၁၀၀ သို့ မန္တလေးမြို့နေ ရတနာမိုး ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးထွန်းထွန်းစိုးက တစ်နှစ်စာ သတင်းစာများအား လှူဒါန်းခဲ့ကြောင်းသိရသည် ။

အဆိုပါ သတင်းစာများကို မြင်းခြံမြို့နှင့်တောင်သာမြို့ရှိ ကျေးရွာပေါင်း ၁၀၀ သို့ တစ်ရွာလျှင် ခြောက်စောင်နှုန်းဖြင့် လှူဒါန်းခဲ့ခြင်းဖြစ်ရာ ကျေးရွာများသို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနများမှ တာဝန်ယူ၍ပို့ဆောင်ပေး လျက်ရှိကြောင်းသိရသည်။

၎င်း မြင်းခြံမြို့နှင့် တောင်သာမြို့ရှိ ရွာပေါင်း ၁၀၀ အား အချိန်နှင့်တစ်ပြေးညီ သတင်းများ သိရှိနိုင်စေရန် လှူဒါန်းခဲ့ခြင်းဖြစ်ပြီး ၂၀၁၄ ခုနှစ်၊ မေ ၁ ရက်မှစတင်၍ ကျေးရွာအရောက် ကျေးရွာအုပ်ချုပ်ရေးမှူး၊ စာကြည့်တိုက် ၊ ဘုန်းတော်ကြီးကျောင်း ၊ စာသင်ကျောင်း ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ကျေးလက်ဆေးပေးခန်းများသို့ ပို့ဆောင်ပေးခဲ့သည်။

ထိုသို့ မြင်းခြံမြို့နှင့် တောင်သာမြို့ရှိ ရွာများအား မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာများကို တစ်ရွာလျှင် ခြောက်စောင်နှုန်းဖြင့် တစ်နှစ်စာ လှူဒါန်းခြင်းအတွက် တစ်မြို့လျှင်ငွေကျပ် ၅၅ သိန်း ကုန်ကျကြောင်း သိရသည် ။ **ဦးဇော်မင်းနိုင်(မြင်းခြံ)**

ထော်လာဂျီတိမ်းမှောက်မှုကြောင့် ၁၃ ဦးသေ၊ ၂၂ ဦးဒဏ်ရာရရှိ

မိုင်းတုံ၊ မေ ၃

မိုင်းတုံမြို့နယ် နားကောင်းမူး-မုန်းကျွတ်-မုန်းထသွားလမ်းတွင် ဧပြီ ၂၈ ရက်က ထော်လာဂျီတိမ်းမှောက်မှု ဖြစ်ပွားခဲ့ရာ လူ ၁၃ ဦးသေဆုံးခဲ့ပြီးလူ ၂၂ ဦး ဒဏ်ရာရရှိခဲ့ကြောင်းသိရသည်။

အဆိုပါ တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်ပါ အမျိုးသား ခြောက်ဦး၊ အမျိုးသမီး ခုနစ်ဦးသေဆုံးပြီး၊ အမျိုးသား ၁၁ ဦးနှင့် အမျိုးသမီး ၁၁ ဦးမှာ ဒဏ်ရာများရရှိခဲ့ရာ မိုင်းတုံပြည်သူ့ဆေးရုံတွင် အတွင်းလူနာအဖြစ် ဆေးကုသမှုခံလျက်ရှိကြောင်း သိရသည်။

လမ်းလုပ်ငန်းအဖွဲ့မှ ယာဉ်မောင်း ဖိုးဇော် မောင်းနှင်သော ယာဉ်အမှတ် ၉၅/----လေးလုံးထိုး ထော်လာဂျီသည် ဧပြီ ၂၈ ရက်၊ နေ့လည် ၁၁ နာရီခွဲအချိန်က ရေပူစမ်း ကျေးရွာနားအရောက်တွင် လမ်းယာဘက်ရှိ ၁၅ ပေအနက်ရှိ ချောက်ထဲသို့ ထိုးကျတိမ်းမှောက်သွားခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဖိုးဇော်(၂၉)နှစ်၊ ယင်းမာပင်မြို့နေသူအား နယ်မြေရဲစခန်းက ယာဉ်(ပ)၁/၂၀၁၄ ပြစ်မှုပုဒ်မ ၃၀၄(က)ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

မော်ကြီး(တြိဂံနယ်မြေ)

ရန်ကုန်–ပြည် ရထားလမ်းပေါ်တွင် အမျိုးသမီးတစ်ဦး ရထားတိုက်သေဆုံး

ရန်ကုန်၊ မေ ၃

တိုက်ကြီးမြို့နယ်၊ ဂျိုးဖြူကျေးရွာအုပ်စု၊ ခြောက်တိုင်ကွေ့ကျေးရွာအနီး ရန်ကုန်-ပြည်ရထားလမ်းမိုင်တိုင်အမှတ်- ၄၂/၄၃ နှင့် ၄၂/၄၄ ကြားရထားလမ်းပေါ်တွင် မေ ၁ ရက်က အမျိုးသမီးတစ်ဦး ရထားတိုက်ခံရ၍ သေဆုံးခဲ့ကြောင်း သိရသည်။

၎င်းသေဆုံးမှု သတင်းအရ တိုက်ကြီးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ သေဆုံးသူမှာအသက် ၃၅ နှစ်ခန့်ရှိ အမျိုးသမီးတစ်ဦးဖြစ်ပြီး ရင်ခေါင်း၊ ဝဲလက်မောင်း၊ ယာဘက်ဒူးများပြတ်တောက်ပြီး နဖူးပေါက်ပြဲ ဒဏ်ရာများဖြင့် သေဆုံးနေကြောင်းသိရသည်။

သေဆုံးသူ အမျိုးသမီးမှာ ၎င်းနေ့ နံနက်ပိုင်းတွင် ရထားသံလမ်းအတိုင်း ကျောပေးလျက်လမ်းလျှောက်နေစဉ် ရန်ကုန်ဘက်မှ ပြည်ဘက်သို့ မောင်းနှင်လာသော စက်ခေါင်းအမှတ် - ၁၂၁၇ အမှတ်-၆၃အဆန် စာပို့ရထားဖြင့် တိုက်မိ၍ သေဆုံးခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

အဆိုပါ စာပို့ရထားဖြင့် တိုက်မိသော အမျိုးသမီးသေဆုံးမှုနှင့် ပတ်သက်၍ တိုက်ကြီးမြို့မ ရဲစခန်းက သေမှုသေခင်းအမှတ်စဉ် ၁၂/၁၄ အရ အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **၃၁**

ဗန်းမောက်၌ အလုပ်သမားနေ့ အခမ်းအနားကျင်းပ

ဗန်းမောက်၊ မေ ၃

ကသာခရိုင် ဗန်းမောက်မြို့နယ်တွင် မေ ၁ ရက်က အလုပ်သမားနေ့ အခမ်းအနား ကျင်းပခဲ့ရာ နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ အဂ္ဂမဟာသီရိသုဓမ္မ ဦးသိန်းစိန်က ၂၀၁၄ ခုနှစ်အတွက် အလုပ်သမားနေ့ သဝဏ်လွှာပေးပို့ခဲ့ကြောင်း သိရသည်။

အဆိုပါနိုင်ငံတော်သမ္မတဦးသိန်းစိန်၏ ၂၀၁၄ ခုနှစ်အတွက် လုပ်သမားနေ့ သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးပြည့်ဖြိုးငြိမ်းက ဖတ်ကြားခဲ့သည်။

အခမ်းအနားသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာဝန်ထမ်းများ မြို့နယ်အထောက်အကူပြုအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီများမှ ပါတီဝင်များနှင့် မြို့နယ်အတွင်းရှိ အလုပ်သမားပြည်သူများအပါအဝင် စုစုပေါင်း ၁၇၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **မြို့နယ်ပြန်/ဆက်**

အရေးကြီးတဲ့ကိစ္စရှိရင်လာခဲ့ပါ

ပျောက်ဆုံးကြောင်း

VALUESTAR
EDUCATION CENTRE
COMPUTER BASIC(Office 2010)
ADVANCED EXCEL / D.T.P
GRAPHIC DESIGN
PROFESSIONAL GRAPHIC DESIGN
PROGRAMMING (C++/JAVA)
WEB DESINGER / DEVELOPER
VIDEO EDITING/ADOBE FLASH
PRACTICAL A+/MS ACCESS(SPECIAL)

Bright-Star Education Centre
KG မှ X ထိ သင်တန်းများကို ...
IGCSE သင်တန်းကို ...
Pre KG ...
Ferry ...
Centre I : အမှတ် (၈၅)၊ ...
Centre II : အမှတ် ...
Centre III : အမှတ် ...
Phone : 397742, 559051, 374977, 09-254255554, 09-5148254

Yes!! English School
Always say Yes!! to English.
4 skill English classes
★ Basic
★ Elementary
★ Intermediate
★ Advanced
★ IELTS,TOEFL, SAT
Starting On May
3,4,5,7,10,11,12,17,18,21,24
Ph : 01-511778
09-73033648

ဒဂုံမြို့သစ်
အရှေ့ပိုင်း
တောင်ပိုင်း
ဆိပ်ကမ်း
မြေကွက်များ အထူး
ဈေးကောင်းပေးဝယ်သည်
09 - 73005053
09 - 5122010

21 AD @ BILLBOARD ADVERTISING
☎ 01 377093 ☎ 373036 ၊ 09 73043672 ၊ 09 73200189

ဆောင်းပါး

သဘာဝအောက်ဆီဂျင်ဘူးများ

à atmifumf(qjifqyf)

အောက်ဆီဂျင်သည် သက်ရှိများ၏ သက်စောင့်ဓာတ်ဖြစ်သည်။ သက်ရှိများ အသက်ရှင်သန်ရေးတွင် မရှိမဖြစ်လိုအပ်သည်။ 'ထမင်းအသက် ခုနစ်ရက်၊ ရေအသက် တစ်မနက်' ဟု ဆိုစကားရှိသည်။ ထိုနည်းတူ 'လေအသက် တစ်မိနစ်' ဟု ဖြည့်စွက်ပေးသင့်ပါသည်။ ပုံမှန်ရှူနေသောလေတွင် သန့်စင်သောအောက်ဆီဂျင် မပါရှိပါလျှင် ကာလအပိုင်းအခြား မိနစ်ပိုင်းအတွင်း ဘဝတစ်ခု ပျက်သွားနိုင်ပါသည်။

ယခုအခါ မြို့ပြ၊ ကျေးလက်နေရာအနှံ့မှာ စေတနာရှင်များ၏ အောက်ဆီဂျင်ဘူးအလှူရှင်များ အလျှိုအလျှို ပေါ်ပေါက်လာသည်။ အရေးပေါ် အောက်ဆီဂျင် လိုအပ်နေသူ လူနာများအား အခမဲ့ကူညီလှူဒါန်း ဒါနပြုပေးနေ ကြသည်။ တချို့စေတ နာရှင်များဆိုလျှင် လိုအပ်နေရာ လိုသလောက် အချိန်ကန့်သတ်ချက် မရှိ လှူဒါန်းမှု ပြုနေကြသည်မှာ သာဓုခေါ်ထိုက်ပါသည်။

ယခုအခါ မိမိတို့မှီတင်းနေထိုင်ရာ ကမ္ဘာမြေတွင်လည်း သဘာဝအောက်ဆီဂျင်များ ပါးလျားလာနေသည်။ အောက်ဆီဂျင်အစား လူတို့အား ဒုက္ခပေးနေသည့် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်များ၊ မြူအမှုန်အမွှားများ လွှမ်းခြုံနေရာ ယူလာနေသည်။ ကမ္ဘာ့ လေထုညစ်ညမ်းလာမှုမှာ ထိန်းမနိုင်သိမ်းမရအခြေအနေမျိုးနှင့် တစ်နေ့ထက် တစ်နေ့ ပိုတိုးပိုဆိုးလာနေသည်။

ဤသို့ဖြစ်လာရခြင်း အကြောင်းရင်းအစသည် စက်မှုတော်လှန်ရေးကြောင့်ဟု ဆိုရပါလိမ့်မည်။ အတောမသတ်နိုင်သော လူတို့၏လောဘနှင့် စက်မှုလုပ်ငန်းရုံများ ပေါင်းစပ်လိုက်သောအခါ ရုပ်ကြွင်းလောင်စာများ၏ ဒဏ် မြေကမ္ဘာ တနင့်တပိုးခံလာနေရသည်။ ရုပ်ကြွင်းလောင်စာများမှ ကာဗွန်ဓာတ်အပြင် သန်းခုနစ်ထောင်ကျော်မှ နေ့စဉ်ရှူထုတ်နေသော ကာဗွန်ကိုလည်း လျှော့တွက်၍မရနိုင်ပါ။ ထို့ပြင် လူသားတို့၏ တရားလက်လွတ် အဆီးအတားမဲ့ လောဘ၊ ဒေါသ မီးတောက်မီးလျှံများကလည်း လူသားကမ္ဘာအား တိုက်ရိုက်အားဖြင့်လည်းကောင်း၊ သွယ်ဝိုက်သောအားဖြင့်လည်းကောင်း ဆိုးကျိုးများ သက်ရောက်စေပါသည်။ ယနေ့ကမ္ဘာအနှံ့ကြုံတွေ့နေရသော ဒေသန္တရစစ်ပွဲများအပြင် သစ်တောပြုန်းတီးမှုများ၊ ကုန်းရေနှစ်ထွေသတ္တဝါများ တဖြည်းဖြည်းရှားပါး မျိုးသုဉ်းလာနေမှုများသည် လူသားတို့၏ လောဘ၊ ဒေါသ ဒဏ်ကို တိုက်ရိုက်ခံနေကြရခြင်းပင်ဖြစ်သည်။

သွယ်ဝိုက်သောနည်းဖြင့် ဆိုးကျိုးသက်ရောက်မှုမှာ ငယ်ငယ်က သမိုင်းတွင် ဘုရင်မင်းထီးအကြောင်း သင်ခဲ့ဖူးသည်။ မင်းနှင့်တကွ ပြည်သူများ တရားပျက်ယွင်းလာ၍ ဥတုမမှန်၊ သီးနှံညှိုးဖျင်း၊ ကြခင်းမှုကြိုများ မချိုရသည့်အကြောင်းကို 'ညောင်ဦး ကမ်းပါးပြို၍ စမ္ပာနဂိုရ်ကန္တားမပေါင်ကျိုး' အဖြစ်မျိုး အဆက်အစပ်မရှိသော ဖြစ်ရပ်ဟု လူငယ်ပီပီ ဉာဏ်တိမ်တိမ်ဖြင့်တွေးထင်ခဲ့သည်။

တိဗက်ဘုန်းတော်ကြီး လောပဆမ်ရမ်ပ၏ ကိုယ်တွေ့မျက်မြင်ရေးထားသော 'တတိယမျက်လုံး' စာအုပ်ကို ဖတ်လိုက်ရမှ လူတို့၏ လောဘ၊ ဒေါသနှင့် ရာသီဥတု ဆက်နွယ်မှုကို သတိပြုမိလာသည်။ လားမားကြီးက လူတစ်ယောက်၏ ကိုယ်မှ ပုံမှန်ထွက်နေသောအရောင်ကို မြင်တွေ့ရပြီး ဒေါသကြီးနေသူနှင့် စိတ်နှလုံးတည်ငြိမ်အေးချမ်းနေသူကို ခွဲခြားသိနိုင်ကြောင်း၊ ဒေါသလွှမ်းခြုံနေသူ၏ ကာယကိုယ်မှ အလျှံတညည်းညည်းနှင့် အနီရောင်အခိုးအလျှံများထွက်နေပြီး တရားထိုင်နေ၊ ငြိမ်းချမ်းနေသောပုဂ္ဂိုလ်မှ ဖြူလွှလွှ အရောင်ပျံ့လွင့်နေသည်ဟု ရေးပြထားသည်။ မြေကမ္ဘာတွင် လောဘ၊ ဒေါသလွန်ကဲလာမှုက ကမ္ဘာ့ရာသီဥတုကို သွယ်ဝိုက်သောအားဖြင့် ဆိုးကျိုးသက်ရောက်စေသော အကြောင်းရင်းတစ်ရပ်ဟု ဆိုနိုင်ပါသည်။

သစ်ပင်များသည် လူသားတို့အတွက် သက်စောင့်ဓာတ်. . .

အတိုင်းအဆမဲ့ ရုပ်ကြွင်းလောင်စာများ သန်းခုနစ်ထောင်သော ကမ္ဘာ့လူသားများအား နိစ္စဓူဝရှူထုတ်လျက်ရှိနေသော ကာဗွန်ဓာတ်များအပြင် လူသားများ၏ ဒေါသအခိုးအလျှံများ ရောသမမွှေလိုက်သောအခါ သက်ရောက်မှုအကျိုးဆက်မှာ ကမ္ဘာကြီးပူနွေးလာခြင်း၊ ကမ္ဘာ့ အိုဇုန်းလွှာ ဟောင်းလောင်းပေါက်လာပြီး နေမှ ခရမ်းလွန်ရောင်ခြည်များ အတားအဆီးမဲ့ ဝင်ရောက်လာခြင်း၊ ဝင်ရိုးစွန်းရေခဲတောင်များ အရည်ပျော်လာပြီး ကမ္ဘာ့ကျွန်းနိုင်ငံများကို အန္တရာယ်ပြုလာခြင်းများသည် သက်ရောက်မှု၏ တန်ပြန်မှုဆိုးကျိုးများပင် ဖြစ်ပါသည်။ သမုဒ္ဒရာရေသည်လည်း လေထုအတွင်းမှ အပူနှင့် ကာဗွန်ကို မလိုချင်အဆုံး လက်ခံစုပ်ယူနေရရာ သမုဒ္ဒရာရေပြင်အပူရှိန် မြင့်တက်လာရသည်။ အထက်ပါ ဓာတ်များ လွန်ကဲလာသည့် အကျိုးဆက်မှာ သန္တာကျောက်တန်းများ ပျက်စီးလာသည်။ ငါးမျိုးစိတ်များ ပျောက်ကွယ်လာသည်။ ကမ္ဘာ့ရေထုအပြင် မြေထု၊ လေထု ဟန်ချက်ပျက် ယိုယွင်းလာခဲ့ရပါသည်။

ဒိုင်နိုစောများ ကမ္ဘာမြေမှ မျိုးသုဉ်းပျောက်ကွယ်ခဲ့ရမှု နောက်ဆုံးသုတေသနပြုတွေ့ရှိချက်မှာ 'အက်စစ်မိုး' ကြောင့်ဟု ပညာရှင်များ အဖြေထုတ်ပေးထားသည်။ သမုဒ္ဒရာရေပြင်သည်လည်း အပူလွန်ကဲ၊ အက်စစ်ဓာတ်များပြည့်လျက် တည်ရှိလာနေရာ တစ်ချိန်ချိန်မြေကမ္ဘာတွင် အက်စစ်မိုးများ ရွာသွန်းလာလေမလား။ ကမ္ဘာ့လူဦးရေ အဆမတန် များပြားလာပြီဆိုပါလျှင် ကပ်သုံးပါး တစ်ပါးပါးနှင့် ရှင်းထုတ်စမြဲ သမိုင်းသာဓကများရှိပါသည်။ ထိုကပ်သုံးပါးတွင် ကမ္ဘာဖျက်မည့် 'အက်စစ်မိုး' သည်လည်း တစ်ခုအပါအဝင် ဖြစ်လာလေသည်လား။

မြေကမ္ဘာမှ လွန်ကဲကာဗွန်နှင့် လူတို့အတွက် သက်စောင့်ဓာတ် အောက်ဆီဂျင်ကို တစ်ပြိုင်တည်းမှာ သိမ်းဆည်း ထုတ်ပေးနိုင်စွမ်းသည့် အရာမှာ တစ်ခုတည်းသာရှိပါသည်။ ထိုအရာကို အသိရှိသောလူသားတိုင်းက လုပ်ပေးနိုင်ပါသည်။ လောဘလွန်ကဲနေကြသည့် စက်မှုနိုင်ငံကြီးများကိုလည်း အောက်ကျို့သနားခံ 'ကျားသနားမှ နွားချမ်းသာ' ရမည့် ဘဝမျိုးလည်းဖြစ်စရာမလိုဘဲ ကိုယ့်ခွန်ကိုယ့်အားနှင့် တစ်ပိုင်တစ်နိုင်လုပ်ယူနိုင်သည့်အလုပ်မှာ 'သစ်ပင်' စိုက်ပျိုးခြင်းပင်ဖြစ်ပါသည်။ သစ်ပင်များသည် လူသားတို့အတွက် သက်စောင့်ဓာတ် အောက်ဆီဂျင်ကို လှိုင်လှိုင်ထုတ်ပေးနိုင်သည့် 'သဘာဝအောက်ဆီဂျင်ဘူး' များပင်ဖြစ်ပါသည်။ အခြားတစ်ဖက်တွင် လူသားများမှီတင်းနေထိုင်လျက်ရှိရာ မြေကမ္ဘာကို ဒုက္ခပေးနေသော ကာဗွန်ဓာတ်ကိုလည်း စုပ်ယူချေဖျက်နိုင်စွမ်းရှိရာ သစ်တောသစ်ပင်များလည်း သက်ရှိများ အားလုံးအတွက် အသက်သခင်ကျေးဇူးရှင်ဟု ဆိုထိုက်ပါသည်။

ငါးစဉ်းလုံး ထိုးသူများအပိုဝင်ငွေ ရ၍ မိသားစုအဆင်ပြေ

မကွေး၊ မေ ၃

မကွေးမြို့၊ ဧရာဝတီတံတားအောက်၌ နံနက်ပိုင်းအချိန်များတွင် ငါးစဉ်းလုံးထိုးသူများ ယခုရက်များအတွင်း နေ့စဉ် မြင်တွေ့ခဲ့ရသည်။ ငါးစဉ်းလုံးသည် ရေချိုငါးတစ်မျိုးဖြစ်ပြီး အသားထူ၍ အရိုးနည်းကာ စားလျှင် ချိုစိမ့်သောအရသာ တစ်မျိုးခံစားရသဖြင့် စားသုံးသူများ နှစ်ခြိုက်ကြသည်။ ထို့ပြင် မကွေးမြို့မဈေးကြီးအတွင်း၌ တစ်ခါတစ်ရံသာတွေ့ရပြီး တစ်ပိဿာ ကျပ် ၈၀၀၀ ဈေးအထိရှိကြောင်း သိရသည်။

"ငါးစဉ်းလုံးအများဆုံးတက်တဲ့ရာသီကတော့ ဆောင်းကုန်စအချိန်ပေါ့။ သူက ရေသေမှာ တွေ့ရခဲတယ်။ ရေဆန်ကို ခေါင်းဖော်ပြီးကူးတယ်။ အကြီးဆုံးငါးကတော့ ငါးဆယ်သား၊ အစိတ်သားအထိပဲရှိတယ်။ ခုတွေ့ရတာ ဧရာဝတီ တံတားရဲ့ အရှေ့ဘက် ရေသေ၊ အနောက်ဘက်ရေစီး၊ သိပ်ရေစီးတဲ့အခါ အပိုင်ထိုးရတယ်။ ရေစီးမှာထိုးရတဲ့အခါ အာရုံအလွန်စိုက်ရတယ်။ သူက ငုပ်သွားရင် တော်တော်နဲ့ ပြန်မပေါ်ဘူး။ ခေါင်းပေါ်နားမှာ ရေယက်ကလေးထလာတာကြည့်ပြီး ကိုယ်လုံးကို ချိန်ထိုးမှရတယ်။ ဦးခေါင်းကိုချိန်ထိုးရင် မရဘူး။ ရေစီးမှာထိုးရတာခက်တယ်။ မလိုက်တတ်ရင် ရဖို့မလွယ်ဘူး" ဟု ငါးစဉ်းလုံးထိုးသူတစ်ဦးက ပြောသည်။

ဧရာဝတီတံတားအောက် ငါးစဉ်းလုံးထိုးသူ ၂၀ ခန့်တွေ့ရသည်။ လက်ကောက်ဝတ်များတွင် ကြိုးကွင်းစွပ်၍ ဝါးလုံးဖင်တွင် ကြိုးများချည်ထားကြသည်။

"ဝါးလုံးထိပ်မှာ သံဆူးချောင်း ၇ ချောင်းတပ်ထားတယ်။ စတီးစမုတ်တိုင်တွေ ချွန်ထက်နေအောင်သွေးပြီး အောက်မှာ ဒစ်လုပ်ထားတယ်။ ငါးမျှားချိတ်လိုပေါ့။ ထိုးလိုက်တဲ့အခါ ငါးရဲ့ကိုယ်ထဲဝင်သွားရင် ကျွတ်ထွက်မသွားအောင်ပေါ့။ ကျွန်တော်ထိုးတဲ့ဝါးက ၁၇ တောင်ရှည်တယ်။ ဝါးအမျိုးအစားကတော့ ထီးရိုးဝါးကိုသုံးတယ်။ ထီးရိုးဝါးက ရှည်တယ်၊ ဖြောင့်တယ်၊ မာတယ်၊ ပေ့ါတယ်။ ရာသီချိန်မဟုတ်တဲ့အခါ ရေနံသုတ်ပြီး ထုတ်တန်းပေါ်တင်ထားတယ်။ ပိုးလည်း မထိုးတော့ဘူး။ ကျွန်တော့အလုပ်ကဆိုင်ကယ်ကယ်ရီဆွဲတယ်။ အလုပ်အားတဲ့အခါ ငါးစဉ်းလုံးထိုးတယ်။ တစ်ပိဿာ ကျော်ရရင် ဈေးမှာသွင်းတယ်။ ၅၀၀၀၊ ၆၀၀ လောက်ရတယ်။ လေးဆယ်သား၊ ငါးဆယ်သားဆိုရင် မိသားစုဟင်းချက် စားကြတယ်။ ဝါသနာအရ ငါးစဉ်းလုံးထိုးတယ်ဆိုပေမယ့် တစ်ဖက်တစ်လမ်းက ဝင်ငွေရတော့ မိသားစုဘဝ အဆင်ပြေတာပေါ့" ဟု ဆိုင်ကယ်ကယ်ရီဆွဲရင်း ငါးစဉ်းလုံးထိုးသော ကိုချက်ကြီးက မိသားစုဘဝကို ပြောပြသည်။

မကွေးလှမြင့်

B.Tech/B.E ဝင်ခွင့်
ZMT အင်ဂျင်နီယာသင်တန်း
Tel : 09 73118935, 09 73126946

(Travel & Tour)
MAY 11 75000
MAY 9 99000

တိုက်ခန်းရောင်းမည်
(သိန်း ၅၅၀)
ဖုန်း ၀၁-၅၃၄၁၁၆၀၊ ၀၉-၅၃၀၈၅၉၀

အမြန်ငှားမည်
ဦးမျိုးကြည်
Ph:578638, 73072163

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အသိပေးကြေညာခြင်း

ကုမ္ပဏီအရေအတွက် အနည်းငယ်လောက်သာ တာဝန်ယူမှုရှိသော စီးပွားရေး လုပ်ငန်းအလေ့အထများကို ဝက်ဘ်ဆိုက်၌ ဖော်ပြလာ

ရန်ကုန်၊ မေ ၃

ပြည်တွင်းရှိ ကြီးမားသောကုမ္ပဏီများ၏ ထက်ဝက်ခန့်တွင် ဝက်ဘ်ဆိုက်မရှိကြသေးသလို ကုမ္ပဏီအနည်းငယ်လောက်သာ တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်း အလေ့အထများကို ဝက်ဘ်ဆိုက်၌ ဖော်ပြခြင်းများရှိကြောင်း မြန်မာ့စီးပွားရေးကဏ္ဍ တာဝန်ယူမှုရရှိရေးအထောက်အကူပြုဌာန MCRB ၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

မြန်မာ့စီးပွားရေးကဏ္ဍများအား အဂတိလိုက်စားမှုတိုက်ဖျက်ရေး၊ အဖွဲ့အစည်းဆိုင်ရာ ပွင့်လင်းမြင်သာမှု၊ လူ့အခွင့်အရေး လုံခြုံစိတ်ချမှုနှင့် သဘာဝပတ်ဝန်းကျင်ရေးရာ နယ်ပယ်များတွင် ပွင့်လင်းမြင်သာမှု တိုးမြင့်စေရန် ရည်ရွယ်ပြီး စတင်နေသော ပွင့်သစ်စစီမံချက် (Time) ၏ လတ်တလောတွေ့ရှိချက်များကို ယင်းကဲ့သို့ ထုတ်ပြန်လိုက်ခြင်းဖြစ်သည်။

စီမံချက်ကာလ ခြောက်ပတ်ကြာတွင် မြန်မာ့စီးပွားရေးတွင်ထင်ရှားသော လုပ်ငန်းများဖြစ်သည့် ပြည်တွင်း ကုမ္ပဏီ ၆၀ ၏ ဝက်ဘ်ဆိုက်အခြေအနေများကို သုံးသပ်ခဲ့ကြောင်း၊ ယင်းအနက် တစ်ဝက်ကျော်လောက်ဖြစ်သည့် ကုမ္ပဏီ ၃၄ ခုလောက်တွင်သာ ဝက်ဘ်ဆိုက်ရှိပြီး ကျန်ကုမ္ပဏီများတွင် မရှိသေးကြောင်း၊ ယင်းအနက် အချို့မှာ ကုမ္ပဏီ သို့မဟုတ် အုပ်စု၏ ဖွဲ့စည်းတည်ဆောက်ပုံ အသေးစိတ်ကို ဝက်ဘ်ဆိုက်တွင်ဖော်ပြထားပြီး အချို့မှာ ၎င်းတို့၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေး လုပ်ဆောင်ချက်များကို ဖော်ပြထားလျက်ရှိသလို အလွန်နည်းပါးသောကုမ္ပဏီအရေအတွက်လောက်သာ တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်း အလေ့အထများကို ဖော်ပြထားခြင်းဖြစ်သည်ဟု အဆိုပါ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားခြင်းဖြစ်သည်။

မြန်မာ့စီးပွားရေးကဏ္ဍ တာဝန်ယူမှုရှိရေး အထောက်အကူပြုဌာန MCRB ၏ ဒါရိုက်တာဗစ်ကီဘိုးမင်းက "စီမံချက်နဲ့ပတ်သက်ပြီး ဆွေးနွေးဖို့နဲ့ သူတို့ရဲ့ ပွင့်လင်းမြင်သာမှုတွေ ဘယ်လိုတိုးမြှင့်နိုင်မလဲဆိုတာ ဆွေးနွေးဖို့ ကျွန်မတို့ ကိုဆက်သွယ်လာတဲ့ ကုမ္ပဏီတွေရဲ့ စိတ်ဝင်စားမှုက ကျွန်မတို့ကို အားပေးခဲ့ပါတယ်။ ဒါဟာ ပွင့်သစ်စစီမံချက်ရဲ့ ရည်ရွယ်ချက်ဖြစ်ပြီး မြန်မာ့ကုမ္ပဏီတွေမှာ လက်ရှိကျင့်သုံးနေတဲ့ ကောင်းမွန်တဲ့အလေ့အထတွေကို အသိအမှတ်ပြုပြီး တခြားသူတွေရဲ့ အလေ့အထကောင်းတွေကို လက်ခံဖို့ အားပေးသွားဖို့ပဲဖြစ်ပါတယ်" ဟု ပြောကြားသည်။

ရန်ကုန်အခြေစိုက် မြန်မာ့စီးပွားရေးကဏ္ဍ တာဝန်ယူမှုရှိရေး အထောက်အကူပြုဌာန MCRB ကို UK အခြေစိုက် လူ့အခွင့်အရေးနှင့် စီးပွားရေးလုပ်ငန်းအဖွဲ့နှင့် ဒိန်းမတ်လူ့အခွင့်အရေးအဖွဲ့အစည်းတို့က ပူးပေါင်းပါဝင်ဖွဲ့စည်း ထားခြင်းဖြစ်ပြီး ယူနိုက်တက်ကင်းဒမ်း၊ ဒိန်းမတ်၊ နော်ဝေ၊ ဆွစ်ဇာလန်၊ နယ်သာလန်၊ အိုင်ယာလန်တို့က ထောက်ပံ့ပေးထားခြင်းဖြစ်သည်။

မြန်မာ့စီးပွားရေးကဏ္ဍ တာဝန်ယူမှုရရှိရေးအထောက်အကူပြုဌာန (MCRB) သည် စီးပွားရေးလုပ်ငန်းများ၊ အရပ်ဘက် လူ့အဖွဲ့အစည်းများ၊ အစိုးရများနှင့် ပူးပေါင်းဆောင်ရွက်နေသော ဘက်လိုက်မှုကင်းသည့် အဖွဲ့အစည်းတစ်ခုဖြစ်ပြီး ပြည်တွင်းလိုအပ်ချက်များပေါ် မူတည်၍ နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ တာဝန်ယူမှုရှိသော စီးပွားရေးကျင့်ဝတ်များပေါ်ပေါက်ရန် လိုအပ်သော အသိပညာ၊ စွမ်းရည်ဆွေးနွေးတိုင်ပင်ခြင်းတို့ကို အားပေးကာ ထိရောက်သည့် အခင်းအကျင်းတစ်ခု ဖန်တီးပေးလိုသော ရည်ရွယ်ချက်ဖြင့် တည်ထောင်ထားခြင်းဖြစ်သည်ဟု သိရသည်။

ထက်နိုင်(စမ်းချောင်း)

မြန်မာနိုင်ငံအခြေစိုက် JICA အဖွဲ့မှ ဖျာပုံမြို့တွင် ရေပေးဝေရေးလုပ်ငန်း ဆောင်ရွက်

ဖျာပုံ၊ မေ ၃

ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ဖျာပုံမြို့တွင် မြန်မာနိုင်ငံအခြေစိုက် JICA အဖွဲ့မှ ဒုတိယဌာနေကိုယ်စားလှယ် INADY Kyosuke နှင့် အဖွဲ့တို့သည် ဧပြီ ၃၀ ရက် နံနက်က ဖျာပုံမြို့ ရေပေးဝေရေး လုပ်ငန်းဆောင်ရွက်ရန်အတွက် လက်တွေ့ကွင်းဆင်းလေ့လာရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရုံးခန်းမ၌ အမှုဆောင်အရာရှိ၊ အင်ဂျင်နီယာမှူးနှင့် ဝန်ထမ်းများ၊ စည်ပင်သာယာရေး ကော်မတီဝင်များနှင့် တွေ့ဆုံဆွေးနွေးရာ အင်ဂျင်နီယာမှူး ဦးတင်မောင်စိုးက လက်ရှိပကတိ ရေပေးဝေရေး အခြေအနေနှင့် နောင်လာမည့်နှစ် ၂၀ အတွင်း တိုးတက်လာမည့်လူဦးရေအတွက် သန့်စင်သော သောက်သုံးရေ ဖူလုံစွာရရှိနိုင်ရေးအတွက် ဖျာပုံမြစ်ရေကို သန့်စင်၍ အိမ်တိုင်ရာရောက် ရေပေးဝေရေး လုပ်ငန်းဆောင်ရွက်ရန် အသေးစိတ် မြေပုံကားချပ်များနှင့် ရှင်းလင်းတင်ပြခဲ့သည်။

အဆိုပါ ရေပေးဝေရေးစီမံကိန်းနှင့်ပတ်သက်၍ မရှင်းလင်းသော အချက်များအား JICA ဒုတိယဌာနေကိုယ်စားလှယ်နှင့် စီမံကိန်းအကြံပေး SAKURAI Noriko တို့က မေးမြန်းချက်များအပေါ် ပြန်လည်ရှင်းလင်းပြောကြားရာတွင် မြန်မာနိုင်ငံအစိုးရအဖွဲ့နှင့် ၂၀၁၃ ခုနှစ်ကတည်းကပင် လုပ်ငန်း သဘောတူညီခဲ့ပြီးဖြစ်သည့် အပြင် တိုင်းနှင့်ပြည်နယ် ၁၄ ခုအတွက် ရေ၊ မီး၊ လမ်း၊ တံတားစီမံကိန်းများ အပါအဝင် စီမံကိန်း ၇၉ ခုကို ငွေကြေးအလုံအလောက် နှစ်ရှည်ချေးငွေ ထောက်ပံ့၍ သဘောတူညီထားခဲ့ရာတွင် ဖျာပုံမြို့တွင် မြစ်ရေအား သန့်စင်၍ မြို့နေပြည်သူများအတွက် ရေပေးဝေရေးစီမံကိန်းလည်း တစ်ခု အပါအဝင်ဖြစ်ကြောင်း ရှင်းလင်းပြောကြားချက်များအရ သိရသည်။

ဖျာပုံမြို့ မြစ်ရေပေးဝေရေး စီမံကိန်းနှင့်ပတ်သက်၍ မြို့နယ်စည်ပင် အမှုဆောင်အရာရှိနှင့် စည်ပင်သာယာရေးကော်မတီဝင် ဒေါက်တာဌေးမြင့်တို့က ဖျာပုံမြို့ပြည်သူတွေ နှစ်ရှည်လိုလားတောင့်တနေသော သန့်ရှင်းသည့် သောက်သုံးရေရရှိရန် ယခု JICA အဖွဲ့က ပံ့ပိုးကူညီမည့် မြစ်ရေပေးဝေရေးစီမံကိန်းကို အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် ဆွေးနွေးပွဲတွင် တောင်းဆိုခဲ့ရာ JICA အဖွဲ့မှ ဒုတိယဌာနေကိုယ်စားလှယ်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ဆက်သွယ်ဆောင်ရွက်ရန် မှာကြားပြီး ဖျာပုံမြို့ တောင်ပိုင်း ကန်တော်ကြီးနှင့် ၅ လမ်း၊ အမှတ် (၁)၊ အမှတ် (၂) မြေသားမိုး ရေလှောင်ကန်များ ရေသိုလှောင်မှု အခြေအနေ၊ ရေပေးဝေမှုအခြေအနေများနှင့် မြစ်ရေတင်စီမံကိန်းဆောင်ရွက်မည့် ဖျာပုံမြို့၊ ပန်းခြံနေရာအား သွားရောက် လေ့လာ ကြည့်ရှုခဲ့ကြောင်း သိရသည်။

ဖျာပုံမြို့သို့ JICAအဖွဲ့ ရေပေးဝေမှုအခြေအနေများနှင့် မြစ်ရေတင်စီမံကိန်းဆောင်ရွက်မည့်နေရာများသို့ လေ့လာကြည့်ရှုစဉ်။

ယခု JICA အဖွဲ့မှ ဖျာပုံမြို့ မြစ်ရေတင်စီမံကိန်းနှင့် အခြားစီမံကိန်းများအတွက် ဂျပန်နိုင်ငံပြည်သူများ၏ ကူညီပံ့ပိုးမှုများဖြင့် ဆောင်ရွက်ခြင်းဖြစ်ပြီး ယခုစီမံကိန်းကို ၂၀၁၄-၂၀၁၅ ခုနှစ်အတွင်း စတင်တည်ဆောက်မည်ဖြစ်ကြောင်း၊ ဖျာပုံမြို့နေပြည်သူများ နောင်လာမည့် ကာလများတွင် စိတ်ချမ်းသာစွာ ရေကောင်းရေသန့် သုံးစွဲနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

ချမ်းသာ(၅၄၀)

မြေသယ်ယာဉ်ပေါ်တွင် လူတစ်ဦးမြေပိသေဆုံး

ရန်ကုန်၊ မေ ၃

မေ ၁ ရက်နံနက် ၉ နာရီခွဲခန့်တွင် ဒဂုံမြို့သစ် ၁၆ ရပ်ကွက်တွင် လူတစ်ဦးမြေပိသေဆုံးခဲ့၍စစ်ဆေးခဲ့ရာ သေဆုံးသူမှာ ၁၀ ရပ်ကွက်နေ ဝင်းသူဦး ၁၆ နှစ်ဖြစ်ပြီး ၅၃ ရပ်ကွက်နေ ယာဉ်မောင်း ဦးသန်းမြင့် ၅၅ နှစ် မောင်းနှင်သည့် Forland ယာဉ်ဖြင့် အတူလိုက်ပါ၍ မြေကြီးချမြေညှိလုပ်ငန်း လုပ်ကိုင်ပေးသူဖြစ်ကြောင်းသိရသည်။

သေဆုံးသူသည် မြေသယ်ယာဉ်ပေါ်တွင် အိပ်ပျော်နေစဉ် ယာဉ်မောင်း ဖြိုးမင်းလတ် ၂၁ နှစ်မောင်းနှင်သည့် ဘက်ဖိုးယာဉ်က မြေကြီးများကော်ကာ ဦးသန်းမြင့် ကားပေါ်သို့ တင်ခဲ့သည်။ ဦးသန်းမြင့်က ဝင်းသူဦး ပျောက်ဆုံးနေသဖြင့် လိုက်လံရှာဖွေစဉ် မြေကြီးကားပေါ်တွင် မြေပိသေဆုံးနေသည်ကို တွေ့ရ၍ အရေးယူရန် တိုင်ကြားသဖြင့် ဒဂုံမြို့သစ်မြောက်ပိုင်း မြို့မရဲစခန်းက (ပ)၂၃၁/၁၄၊ ပြစ် မှု ပုဒ်မ ၃၀၄ အရ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

၃၁

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

[illegible]

PARADISE PRODUCTS CO.,LTD.

[illegible]
အမှတ်(၁၄၉/ ၆)၊ မြကန်သာလမ်း၊ ၁၈ ရပ်ကွက်၊ ရန်ကင်း။
01-514321, 09-420175198

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

[illegible]

စဉ်	ကျောက်အမျိုးအစား	အရေအတွက်
၁။	[illegible]	[illegible]
၂။	[illegible]	[illegible]
၃။	[illegible]	[illegible]
၄။	[illegible]	[illegible]
၅။	[illegible]	[illegible]
၆။	မြစ်သဲ	[illegible]
၇။	[illegible]	[illegible]
၈။	[illegible]	[illegible]

[illegible]

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့၊ ဖုန်း-[illegible]

စက်မှုဝန်ကြီးဌာန
အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

[illegible]
(က) [illegible]
(၁) Bag Filter Duct [illegible]
(၂) [illegible]
(ခ) [illegible]
(၁) [illegible]
(၂) [illegible]
(၃) [illegible]
(၄) [illegible]
(၅) [illegible] Waste Water Treatment [illegible]
[illegible]

ကာရာဟာစင်တာ ပညာ၊ ကျန်းမာ၊ ဆောက်ပုံစောင့်ရှောက်မှုနှင့် ကာရာဟာ ကုသိုလ်ဖြစ်ဆေးခန်းတည်ဆောက်ခြင်း ပါဝင်လှူဒါန်းနိုင်

(၂) ... Account No.007 301 00702498201) ...

နှစ် (၄၀) ပြည့် မင်္ဂလာသုတောင်း

... Audio ... Baby ...

... နှစ်(၄၀) ပြည့် မင်္ဂလာ ...

... Account Executive, Same Sky Groups of Co., Ltd.

... IMT CD 26/CE 24, M.O.T 2nd Class Part B, 2nd Engineer, Beldip Management (S'pore) Pte. Ltd.

မွေးနေ့မင်္ဂလာဆုမွန်လွှာ

တူလေး Chris (ခ) သားသား၏ (4.5.2014) ရက်နေ့တွင် ကျရောက်သော (၈)နှစ်ပြည့် မွေးနေ့မင်္ဂလာရက်မြတ်မှသည် နှစ်ပေါင်း(၁၂၀)သည့်တိုင်အောင် ကျန်းကျန်းမာမာ၊ ချမ်းချမ်းသာသာနှင့် ပြီးပြည့်စုံသောမိသားစုဘဝလေးနှင့်အတူ ထူးချွန်ထက်မြက်သော သားလိမ္မာလေးဖြစ်ပါစေ.....

ဦးလေး - ဦးကိုကို
ဒေါ်လေး - ဒေါ်နိုင်အေးမာ
ညီမလေး - နိုင်ရတီကိုကို
ကျဲကျဲ - ချင်းချင်း(ခ)အင်ကြင်းမွှန် (စိန်ရတီဘော်လီဆိုင်)

အနန္တဂုဏ်ရည်ကျောင်းတိုက် ဝိပဿနာတရားစခန်းပွဲ

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ ထန်းပင်ကုန်း၊ ပိတောက်မြိုင်ရှိ အနန္တဂုဏ်ရည်ကျောင်းတိုက်တွင် မဟာကမ္မဋ္ဌာနာစရိယဘဒ္ဒန္တပဏ္ဍိတာဘိဝံသ (လေးမျက်နှာမြို့နယ်၊ ဓမ္မရိပ်သာသရက်တောကျောင်း)ဆရာတော်ကြီး၏ (၆)ကြိမ်မြောက် ခန္ဓာညဏ်ရောက် သမထ၊ ဝိပဿနာတရားတော်များကို ၂၀၁၄ ခုနှစ် မေလ ၂၉ ရက်မှ ဇွန်လ ၄ ရက်အထိ ဟောပြောပြသမည်ဖြစ်ရာ မည်သူမဆိုလာရောက်၍ ကုသိုလ်ယူတရားအားထုတ်နိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

ဆက်သွယ်စာရင်းပေးရန်

ဖုန်း-၀၉-၂၅၅၇၁၀၁၉၁၊ ၀၉-၄၃၀၅၇၅၉၉

မှတ်ချက် - တရားစခန်းဝင်မည့်ယောဂီများ ၂၈-၅-၂၀၁၄ ရက် ညနေ ၄ နာရီအရောက် သတင်းပို့ကြပါရန်။

...တာမှု မိတ်ခေါ်ခြင်း

YOHAN WASEDA Japanese Language School
JLPT-N5/N4
会話クラス
Phone : 09- 73033883

... No. 8 May ...

EVER ENGLISH

... Audio-Video နှင့် ... 5 Skills ...

CD ပါ ...

"Container-..."

"အမြန်သင်တန်းပေးနေပြီ"

သုခစုစ်ကုမ္ပဏီ - ...
Phone : 377 343 - 377 344 - 38 57 58 - 38 68 77 - 39 22 33

နေပြည်တော်စီမံကိန်းဦးစီးရုံး၊ နေပြည်တော်ကောင်စီနယ်မြေ တင်ဒါခေါ်ယူခြင်း

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် နေပြည်တော်တိုင်းစီမံကိန်းဦးစီးရုံး ဝန်ထမ်းအိမ်ရာပေ(၅၀×၃၀) (၂)ခန်းတွဲ (၂)ထပ် အုတ်ညှပ်(၁)လုံးနှင့် ပျဉ်းမနား၊ လယ်ဝေး၊ ဇေယျာသီရိ၊ ပုဗ္ဗသီရိမြို့နယ်ရုံးများ သံကူကွန်ကရစ်(၁)ထပ်အဆောက်အအုံ(၁)လုံးစီအား ဗိသုကာပုံစံနှင့်အညီ ဆောက်လုပ်မည်ဖြစ်ပါ၍ ပြင်ပလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။ အိတ်ဖွင့်တင်ဒါနှင့်တင်ဒါစည်းကမ်းများကို ၂-၅-၂၀၁၄ ရက်မှစတင်၍ ရုံးချိန်အတွင်း နေပြည်တော်တိုင်းစီမံကိန်းဦးစီးရုံး၊ နေပြည်တော်ကောင်စီနယ်မြေတွင် ရောင်းချမည်ဖြစ်ပြီး ၇-၅-၂၀၁၄ ရက် ၁၆း၃၀ နာရီနောက်ဆုံးထား တင်သွင်းရန်ဖြစ်ပါသည်။

ဖုန်းနံပါတ်-၀၆၇-၅၅၀၂၂၁
လျှောက်လွှာတစ်စုံ-(၅၀၀၀ိ/-)ကျပ်
တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

သုခစုစ် ကုမ္ပဏီ တွင် စင်ကာပူနိုင်ငံ ITE မှ (Low Levy)လက်မှတ်ပေးအပ်သည့် General Filter သင်တန်း၊

Basic Engineering Course နှင့် (လျှပ်စစ်၊ စက်ဟပ်ဆင်၊ ပိုက်ဆက်၊ ဂဟေဆက်) ကျွမ်းကျင် သင်တန်း

... ပြည်တွင်း/ပြည်ပ - အလုပ်အကိုင် ရှာနေသူများ ...

သုခစုစ်ကုမ္ပဏီ - ... Ph :(01) 377343, 377344, 385758, 386877, 392233

သုခစုစ် သင်တန်းကျောင်း - ... Ph:(01) 9648080, Email:thukhasusan2012@gmail.com

VALUESTAR EDUCATION CENTRE
AUTO CAD
(Intermediate / Advanced)
ESTIMATE & STRUCTURE
ETABS & SAFE
3Ds MAX

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

